အလင်းရောင်စာစဉ် - ၂

# ပိဋကတ်တော်လာ

# ထူးခြားဆန်းပြား ဝတ္ထုများ



အရှင်တေဇနိယ

ပဉ္စာန်းအလင်းရောင်ဆရာတော်

အလင်းရောင်စာစဉ်(၂၀)

# ပိဋကတ်တော်လာ

# ထူးခြားဆန်းပြား ဝတ္ထုများ

အရှင်တေဇနိယ
(ပဌာန်းအလင်းရောင်ဆရာတော်)


ဖြန့်ချိရေး

၁။ ၇၇၇၇ စာပေ၊ ဆိပ်ကမ်းသာလမ်း (အပေါ်)၊ ရန်ကုန်မြို့
ဖုန်း-၀၉၇၇၇၇၁၃၃၁၇၊ ၀၉၂၅၀၂၆၅၉၂၅

၂။ သစ္စာမဏ္ဍိုင်ပိဋကတ်စာပေ၊ ရွှေတိဂုံဘုရားဈေး တောင်မုခ်
ဖုန်း-၀၁၃၈၇၈၄၉၊ ၀၉၅၁၂၅၂၈၅

■ ပုံနှိပ်
ပထမအကြိမ်၊ ဩဂုတ်လ၊ ၂၀၂၀
အုပ်ရေ (၁၀၀၀)

■ မျက်နှာဖုံးဒီဇိုင်း
Soe Soe (UOC)

■ အတွင်းအပြင်အဆင်
လှအောင်(ဝမ်းတွင်း)

■ ထုတ်ဝေသူ
ဒေါ်နှင်းနွယ်စိုး (၀၂၀၅၅) (နှင်းလှုစာပေ)
အမှတ်(၃၀၁)၊ တိုက်(၁၃၇)၊ ဒီဇင်ဘာသီရိဂေဟာမြို့တော်၊
တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့

■ ပုံနှိပ်သူ
ဦးဝင့်မိုလ်မိုလ်၊ နန်းသဇင်ပုံနှိပ်တိုက် (၀၀၄၄၁)
၃၉ လမ်း(အလယ်)၊ ရန်ကုန်မြို့။

■ တန်ဖိုး
၂၅၀၀

ထုတ်ဝေသည့်စာအုပ်ကတ်တလောက်အညွှန်း (CIP)

ပိဋကတ်တော်လာ ထူးခြားဆန်းပြား ဝတ္ထုများ/
အရှင်တေဇနိယ(ပဌာန်းအလင်းရောင်ဆရာတော်)
ရန်ကုန်၊ နှင်းလှုစာပေ၊ ၂၀၂၀
စာမျက်နှာ ၁၇၇၊ ၁၉.၀၅ × ၁၃.၃၃၅ စင်တီ
(၁) ပိဋကတ်တော်လာ ထူးခြားဆန်းပြား ဝတ္ထုများ

# မာတိကာ


– နိဒါန်းစကား ၇
အရှင်တေဇနိယ(ပဋ္ဌာန်းအလင်းရောင်ဆရာတော်)

– မထူးပေမဲ့ ဆန်းပါတယ် ၁၀
ဒေါက်တာစိုးသူရ


# ပိဋကတ်တော်လာ

## ထူးခြားဆန်းပြား ဝတ္ထုများ


၁။ ထူးခြားဆန်းပြား ဝတ္ထုများ–၁ ၁၇
(ပေါင်သား ဓားဖြင့်လှီးလှူသူ)

၂။ ထူးခြားဆန်းပြား ဝတ္ထုများ–၂ ၂၄
(ဆံပင်ဖြတ်ရောက် ချက်ချင်းပြန်ပေါက်)

၃။ ထူးခြားဆန်းပြား ဝတ္ထုများ–၃ ၃၀
(သုံးပွင့် တစ်ခိုင်)

၄။ ထူးခြားဆန်းပြား ဝတ္ထုများ–၄ ၃၅
(ကိုယ်ဝန်ဆောင်လျက် ကောင်းကင်ပျံတက်)

၅။ ထူးခြားဆန်းပြား ဝတ္ထုများ–၅ ၄၁
(တစ်သက် လေးဘဝ)

၆။ ထူးခြားဆန်းပြား ဝတ္ထုများ–၆ ၄၉
(ဆရာပုန်ကန် ငရဲစံ)
၇။ ထူးခြားဆန်းပြား ဝတ္ထုများ–၇ ၆၃
(ပရိနိဗ္ဗာန်စံ ကောင်းကင်းပျံ)
၈။ ထူးခြားဆန်းပြား ဝတ္ထုများ–၈ ၇၄
(ခွင့်လွှတ်တတ်သူတို့၏ နှလုံးသား)
၉။ ထူးခြားဆန်းပြား ဝတ္ထုများ–၉ ၈၈
(ဆုံးမခက်သူနှင့်လွယ်သူတို့၏ ကောင်းကျိုးဆိုးကျိုး)
၁၀။ ထူးခြားဆန်းပြား ဝတ္ထုများ–၁၀ ၁၀၆
(မြွေဆိုး အကိုက်ခံ မသေပြန်)
၁၁။ ထူးခြားဆန်းပြား ဝတ္ထုများ–၁၁ ၁၁၇
(သံယောဇဉ် ပြင်းသူနှင့် ကင်းသူ)
၁၂။ ထူးခြားဆန်းပြား ဝတ္ထုများ–၁၂ ၁၂၅
(တွေ့ပါလျက် နှုတ်မဆက်)
၁၃။ ထူးခြားဆန်းပြား ဝတ္ထုများ–၁၃ ၁၃၂
(ဘုရားဖူးမြင် အမူးစင်)
၁၄။ ထူးခြားဆန်းပြား ဝတ္ထုများ–၁၄ ၁၄၂
(မြတ်နိုးဖွယ်လျှမှ မြတ်နိုးဖွယ်ရ)
၁၅။ ထူးခြားဆန်းပြား ဝတ္ထုများ–၁၅ ၁၅၃
(မဆွေရဖက် မလျှရက်)
– မေတ္တာရည်၍ ... ၁၇၆
– ဓမ္မဒါနကုသိုလ်ရှင်များ ၁၇၇

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

# နိဒါန်းစကား

ဤ '**ထူးခြားဆန်းပြား ဝတ္ထုများ**' စာအုပ်ပါ ဆောင်းပါးများသည် COVID-19 ကာလ အွန်လိုင်းပေါ်၌ ရေးသားခဲ့သော ထူးခြားဆန်းပြားသည့် ဝတ္ထုများကို ပြန်လည်စုစည်းပြီး စာအုပ်အဖြစ်ဖြင့် တင်ပြထားခြင်း ဖြစ်ပါသည်။ ဤစာအုပ်ပါ ဇာတ်လမ်းဝတ္ထုများသည် ပိဋကတ်တော်လာ ထူးခြားဆန်းပြားသည့် ဝတ္ထုများဖြစ်သည်။

## ရည်ရွယ်မျှော်လင့်ချက်

ဤစာအုပ်၌ ရေးသားတင်ပြထားသော ဇာတ်တော်ဝတ္ထုများကို စာဖတ်သူတို့သည် ဖတ်ရှုဖူးပြီးဝတ္ထုများလည်း ပါရှိနိုင်သလို မဖတ်ရှုရသေးသည့်ဝတ္ထုများလည်း ပါဝင်နိုင်ပါသည်။ ထို့ပြင် အတွေးကောင်းများလည်း ပါဝင်လာနိုင်သည်ဖြစ်၍ အားကျစရာ၊ အတုယူစရာ၊ သံဝေဂရစရာများနှင့် မှတ်သားစရာများလည်း ပါရှိလိမ့်မည်ဟု ယူဆမိပါသည်။

စာရေးသူ ရေးနေကျစကားဖြင့်ပြောရပါလျှင် စာရေးဆရာကြီး တက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်များ၌ -

" ငါ့စာဖတ်၍၊ မမြတ်တိုင်ပေ၊
မရှုံးစေသား၊ ပျင်းပြေနှစ်ခြိုက်၊
တွေးဖွယ်ထိုက်ရာ၊ တစ်ပိုဒ်စာပေ၊
တွေ့ကြားလေက၊ စာပေကျေးကျွန်၊
ငါ့ဝတ်ပွန်ပြီ ..." စသည့်ကဗျာထဲက အတိုင်းပင်။

ဤစာအုပ်ကို ဖတ်ရှုကြသည့် စာဖတ်ပရိသတ်တို့သည်လည်း တစ်စုံတစ်ခု ဗဟုသုတ၊ အသိဉာဏ်၊ ဆင်ခြင်စရာ၊ မှတ်သားစရာများနှင့် တွေးစရာများ ရရှိလိမ့်မည်ဟု ယုံကြည်မျှော်လင့်မိပါသည်။

## ကျေးဇူးစကား

နိဒါန်း မိတ်ဆက် ရေးပေးခြင်း၊ စာမူကြမ်းကို မူချောဖြစ်အောင် သေချာစေ့င ဉာဏ်ဖြင့်ရှု၍ ပရုဖတ်ပေးခြင်း၊ ဝါကျစကားပြေများကို ချောမွေ့သည်ထက် ချောမွေ့အောင်ပြင်ဆင်ပေးခြင်းစသော စာအုပ်ကောင်း တစ်အုပ်ထွက်ပေါ်အောင် တာဝန်ယူ ဆောင်ရွက်ပေးသည့် တပည့်ဖြစ်သူ အရှင်တိဂုဏသာရ (ဆိပ်ဖြူ)အားလည်းကောင်း၊ စာအုပ်ကောင်းတစ်အုပ် ဖြစ်ပေါ်အောင် အကြံဉာဏ်ပေးပြီး အမှာစာရေးသားပေးသည့် ဒေါက်တာ စိုးသူရအားလည်းကောင်း၊ စာအုပ်ကောင်းဟူသည် စာပေကောင်းရုံဖြင့်မပြီး၊ ဂါထာ,ကဗျာနေရာများ၌ ဂါထာ ဂါထာပုံစံဖြစ်နေခြင်း၊ ကဗျာ ကဗျာပုံစံ ဖြစ်နေခြင်း၊ ဘိုးတင်သင့်သည့် (မည်းသင့်သည့်) နေရာများ၌ ဘိုးတင်

ခြင်း၊ စာဖတ်သူစိတ်ဝင်စားအောင် ကောက်စာများ နေရာအလိုက် ထည့်သွင်းပေးခြင်း၊ စာအထားအသိုကောင်းမွန်ခြင်းစသည့် ဂုဏ်အင်္ဂါတို့နှင့် ပြည့်စုံမှသာ စာအုပ်ကောင်းတစ်အုပ်ဟု ဆိုရပေလိမ့်မည်။

မျက်နှာဖုံးနှင့် အတွင်းအပြင် ပြင်ဆင်ခြင်းများကို ကောင်းမွန်အောင် ဆောင်ရွက်ပေးသော ကိုလှအောင်(ဝမ်းတွင်း)ကိုလည်းကောင်း၊ အလှူရှင်များကိုလည်းကောင်း ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးတင်စကား ဆိုလိုက်ပါ၏။

## တောင်းပန်စကား

ဤစာအုပ်၌ အမှားနည်းအောင် ကြိုးစားပြီး ပြင်ဆင်ထားပါသော်လည်း စာအုပ်ဟူသည် အမှားရှိတတ်ကြမြဲဖြစ်၍ တစ်စုံတစ်ခုသောအမှားကို တွေ့ရမည်သာ ဖြစ်သည်။ မှားသင့်၍မှားသည်ဖြစ်စေ၊ မမှားသင့်ပါဘဲ မှားသည်ဖြစ်စေ၊ ထိုအမှားများကိုလည်း သည်းခံခွင့်လွှတ်ကြပါရန် တောင်းပန်အပ်ပါ၏။ ကောင်းနိုးရာရာများကို ရွေးချယ်သယ်ဆောင်သွားနိုင်ကြစေဟု ဆန္ဒပြုရပါသည်။

**အရှင်တေဇနိယ**

(ပဋ္ဌာန်းအလင်းရောင်ဆရာတော်)

ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက်၊

ဗဟန်း၊ ရန်ကုန်။

(၁၃၈၂-ခုနှစ်၊ ဒုတိယဝါဆိုလ၊ ၂၀၂၀-ခု၊ ဩဂုတ်လ)

# မထူးပေမဲ့ ဆန်းပါတယ်

– ဒေါက်တာစိုးသူရ –

မိုးရာသီမှာ မိုးရွာတာ မဆန်းပေမဲ့
မိုးခေါင်တာကတော့ ထူးခြားဆန်းပြားလှပါတယ်...။

ဆောင်းရာသီမှာ အအေးပိုတာ မဆန်းပေမဲ့
အနွေးပိုတာကတော့ ထူးခြားဆန်းပြားလှပါတယ်...။

နေ့အခါ နေပူတာ မဆန်းပေမဲ့
ရေခဲပူများတာကတော့ ထူးခြားဆန်းပြားလှပါတယ်...။

ညအခါ လသာတာ မဆန်းပေမဲ့
အရုဏ်ခန်းတာကတော့ ထူးခြားဆန်းပြားလှပါတယ်...။

လောကမှာ အရှုံးများတာ မဆန်းပေမဲ့
တစ်မူးသား ပိုတယ်ထင်တာကတော့ ထူးခြားဆန်းပြားလှပါတယ်...။

ကမ္ဘာမှာ ဘာသာများတာ မဆန်းပေမဲ့
သာသနာမှားတာကတော့ ထူးခြားဆန်းပြားလှပါတယ်...။

လူ့ဘဝဇာတ်လမ်းမှာ သမုဒယမှတ်တမ်းတွေများတာ မဆန်းပေမဲ့
အနုသယဖြတ်လမ်းတွေ သိအောင်လုပ်တာကတော့
ထူးခြားဆန်းပြားလှပါတယ်...။

လောကစကေးမှာ လောဘအမေးတွေများတာ မဆန်းပေမဲ့
သောကအစေးတွေ မကပ်အောင်လုပ်တာကတော့
ထူးခြားဆန်းပြားလှပါတယ်...။

မထူးခြားတဲ့ လူ့ဘဝဇာတ်လမ်းမှာ
အရူးများတာ မထူးခြား မဆန်းပြားပေမဲ့
မရူးအောင် မမူးအောင် ပြုမူနေထိုင်ရတာကတော့
မထူးပေမဲ့ ဆန်းသလို
မများပေမဲ့ အမှားမရှိအောင် ကြိုးစားကြ
ရှိးသားကြရပါတယ်...။

ဒီစကားစုလေးကို ၁၃·၇·၂၀၂၀ ရက်နေ့က ရေးဖြစ်ခဲ့ပြီး Facebook စာမျက်နှာမှာ တင်ဖြစ်ခဲ့တယ်။ အမှန်သစ္စာ ဆိုရမှာပါမူ ကိုယ့်ကိုယ်ကိုယ် ဒီနေ့ ဒီရက် ဒီအချိန်အထိ စာရေးဆရာတစ်ယောက်လို့ အသိအမှတ်မပြုမိ၊ မခံယူမိပါ။ နှလုံးသားချင်း နီးသူများက အားပေးစကား ဆိုကြသည့်အခါ လောကထုံးစံအရ ကျေနပ်မိသော်ငြား မိမိနှလုံးသား အသိစိတ်များကမူ စာရေးဆရာဟု မယူဆမိရိုး အမှန်ပါ။

ရံခါ ရံခါ ပူဇော်ပွဲများအတွက် ကဗျာ၊ ရတု၊ တေးထပ်၊ စာစုများ ရေးဖြစ်သလို မဂ္ဂဇင်း စာစောင်နှင့် facebook စာမျက်နှာများတွင် ဆောင်းပါးများ၊ ကဗျာများ၊ အဆိုအမိန့်များကို ရေးဖြစ်သော်ငြား အမှာစာများကိုမူ ကိုယ့်အရာဟုပင် မထင်ခဲ့သည်များလှပါတယ်။

ဆရာသမားများ၊ ရင်းနှီးကျွမ်းဝင်သော ရဟန်းစာဆိုများက ခိုင်းလျှင်မူ ရှိသေသမှုဖြင့် ရေးပြုမော်ကွန်းတင်မိတတ်ပါတယ်။ ယခုလည်း ပဌာန်းအလင်းရောင်ဆရာတော်ရဲ့ **'ပိဋကတ်တော်လာ ထူးခြားဆန်းပြား ဝတ္ထုများ'** စာအုပ်အတွက် အမှာစာရေးဖို့ ညီရင်းအစ်ကိုတမျှ ရင်းနှီးလှသည့် ရဟန်းစာဆို အရှင်တိဂုဏသာရ(ဆိပ်ဖြူ)က ပြောလာသည့်အခါ အနေလည်း တည်ငြိမ်၊ လုပ်ရပ်လည်း မှန်ကန်၊ စိတ်ထားလည်း ရိုးဖြောင့်၊ စာပေဝမ်းစာလည်း ပြည့်စုံ၊ စာပေဂုဏ်လည်း မြတ်နိုး၊ စာချိုးလည်း ကောင်းမွန်၊ စာမွန်လည်း ရေးတတ်၊ စာမြတ်လည်း ပို့ချ၊ ပရိယတ္တိဝိသာရဒဂုဏ်ဆောင် **ပဌာန်းအလင်းရောင်ဆရာတော် ဘဒ္ဒန္တတေဇနိယ** ဘုန်းတော်ကြီးဘုရားကို ကြည်ညိုရင်းစွဲ စိတ်ဆန္ဒဖြင့် မှန်ပါ့ဘုရား လုပ်ခဲ့မိပါတယ်။

အဟုတ်တကယ်အားဖြင့် အမှာစာရေးဖို့ ဘုန်းတော်ကြီးဘုရား၏ 'ထူးခြားဆန်းပြား ဝတ္ထုများ'ကို သေချာကျနစွာ ရှုကြည့်မိသောအခါ စာချဆရာတော်တစ်ပါး၏ စိတ်ထားနှင့် လုပ်အားကိုလည်းကောင်း၊ တပည့်များနှင့် စာဖတ်သူများအပေါ် သဒ္ဓါအား စေတနာအား သစ္စာအား မေတ္တာအားတို့ အစစ်အရာထားလျက် ဘဝခရီးကို ဖြတ်သန်းနိုင်ရန် အတုယူ လိုက်နာ သင်ခန်းစာပေးထားသည်ကိုလည်းကောင်း၊ အထူးနှင့်

အဆန်းတို့ဟာ သူ့အလိုလိုမဖြစ်၊ ကမ္မစနစ် ဓမ္မစနစ်တို့ဖြင့် စံပြကုသိုလ်ရှင် စစ်စစ် ဖြစ်ကြမှသာ ဖြစ်တတ်ပုံကိုလည်းကောင်း တစ်ဆယ့်ငါးခုသော ဝတ္ထုများဖြင့် ထုဆစ်ပုံဖော် ကျူးရစ်ဂုဏ်ပေါ်အောင် ရေးသားထားတာကို တွေ့ရမှာဖြစ်ပါတယ်။

ဘုန်းတော်ကြီးဘုရားဟာ စာချအကျော် ပဌာန်းအလင်းရောင်ဆရာတော် ဟူသည့် ဂုဏ်ဟိတ်ကြီးသော်ငြား အထုံစိတ် အထုံဝါသနာ အထုံစေတနာ တို့ကြောင့် မာနနှင့်ပကာသနကို ခဝါချကာ စာချရင်း စာရေး၊ စာရေးရင်း စာဖတ်၊ စာမှတ်ရင်း စာသင်၊ စာသင်ရင်း မှတ်စုထုတ် စသည်စသည့် ပရိယတ္တိဂရုက၊ ပရိယတ္တိမာမက၊ ပရိယတ္တိဝိသာဒရ ဆိုတဲ့ မူလဘူတ အလုပ်များဖြင့်သာ ပျော်မွေ့တာကို တွေ့ရပါတယ်။ သူ့စာနှင့်သူ့ကဗျာ၊ သူ့စာအုပ်နှင့် သူ့ဆောင်းပါးများဟာ အနုပညာရသထက် သန္တရသခေါ် အေးငြိမ်းခြင်းရသကို ပေးစွမ်းသွားမှာဖြစ်ပါတယ်။ ချစ်တာ မုန်းတာထက် အပြစ်အနာကင်းသည့် စာပေစိတ်ရင်း သက်သက်ဖြင့်သာ ဖော်ညွှန်းပုံဖော် ထားတာကိုလည်း တွေ့ရမှာဖြစ်တယ်။

အစုံသောလက်၊ အယုံနှော သဒ္ဒါအချက်အလက်တို့ဖြင့် ဦးထက် ဝန္ဒနာပြုရင်း ညွှန်းဆိုရပါမူ မြတ်ဗုဒ္ဓဟောကြား ပိဋကတ်တရားတော် များ၌ ထူးခြားသော ဆန်းပြားသော အများသူငါတို့က မဖြစ်နိုင်ဟု ထင်ရသော အရာဝတ္ထုများဟာ လောကသံသရာမှာ ဆန်းပြားစွာ ရှိနေ သည်တို့ကို မှတ်တမ်းပြု ရေးထိုးထားသည်ကို တွေ့ရမှာဖြစ်ပါတယ်။ သမိုင်းဟု ဆိုဆို၊ မော်ကွန်းဟု ညွှန်းညွှန်း၊ စာပေဟု သုံးသုံး၊ ဓမ္မဟု ခေါ်ခေါ်၊ ထိုထိုသို့သော ပိဋကတ်တော်များ၌ အထင်အရှားရှိခဲ့သည့်

ဝတ္ထုများကို တစ်စုတစ်စည်းတည်း ဖတ်ရှုနိုင်အောင် စီမံခဲ့သည့် ဘုန်းတော်ကြီးဘုရား၏ စေတနာဟာ တကယ့် ကမ္ဘပထမြောက်သည့် ရည်ရွယ်ချက်ရိုးဖြောင့်မှုပဲ ဖြစ်ပါတယ်။

အသစ်ထဲကအဟောင်း၊ အဟောင်းထဲကအသစ် ပြောင်းလဲဖြစ်သည့် နိယာမအရ အရှိသာဝကေ အခိုင်ဆုံးဟာ ပိဋကတ်မှာ ရှိတာကြောင့် အခုချပြထားသည့် ဆန်းပြားဝတ္ထုများဟာ မခမ်းနားနေသည့်တိုင် ဆန်းပြားတာကတော့ အမှန်ပဲ ဖြစ်ပါတယ်။ အခန်းခွဲကာ ပုံဖော်ထားသည့်အတွက် ဇာတ်လမ်းကျောရိုးတို့ ကွဲပြားသည့်တိုင် ခိုင်မြဲသော သဒ္ဓါ၊ မယိုင်လဲသော စေတနာများဖြင့် ကုသိုလ်ဓောအဟုန်ကို ရင်းနှီးမြှုပ်နှံကြတာကို တွေ့ရမှာဖြစ်ပါတယ်။ အဟုတ်အမှန် ဖြစ်ရိုးဖြစ်စဉ်ထက် အသစ်တစ်မျိုးအလားထူးခြားစွာဖြစ်ရသည့် ရလဒ်များဟာ ကုသိုလ်ဓော စေတနာ၏ အသီးအပွင့်အကျိုးဆက်များပဲ ဖြစ်ပါတယ်။

ဒီစာအုပ်ဟာ တန်ဖိုးနှင့်သတ်မှတ်ချက်၊ စံတန်ခိုးနှင့် ရလဒ်အချက်အလက်များဟာ တကယ့်တကယ် ထူးခြားဆန်းပြား ဝတ္ထုများ ဟုတ်မဟုတ်မှု ကိုယ်တိုင်ဖတ်ရှုသုံးသပ်ပြီး အဖြေထုတ်ဖို့ တိုက်တွန်းချင်ပါတယ်။ ဖတ်ညွှန်းအားဖြင့် မပြလိုတော့ဘဲ အစမှသည်အဆုံးထိအောင် စေ့ငုသေချာဖတ်ရှုလေ့လာ ဆောင်ထားရမည့် စာအုပ်ဆိုတာတော့ အာမခံစကားပြောကြားရင်း ဒီစာစုကို နိဂုံးအမှု ပြုလိုက်ပါတယ်။ ။

**ဒေါက်တာစိုးသူရ**

၈-၈-၂၀၂၀

# ပိဋကတ်တော်လာ

# ထူးခြားဆန်းပြား ဝတ္ထုများ

ဘဝတစ်သက်တာတွင် စာချစာသင်ပေးရသည့်အလုပ်သည် စိတ်အချမ်းမြေ့ဆုံး၊ အပျော်ရွှင်ရဆုံးအလုပ်တစ်ခုဟု နှလုံးသွင်းခံယူမိသည့်အလျောက် စာချဆရာဟူသည့်ဘဝကို မြတ်မြတ်နိုးခံယူထားခဲ့မိသည်။ ယခုဆိုလျှင် တပည့်ရဟန်းသာမဏေများကို စာသင်၊ စာချပေးခဲ့သည်မှာ နှစ်ပေါင်းသုံးဆယ်ကျော်ကာလတိုင်ခဲ့ပြီ။ စာချသည့်အလုပ်သည် ပဓာန ဆိုသော်လည်း စာရေးခြင်း၊ စာဖတ်ခြင်းသည် ငယ်စဉ်ကတည်းက ဝါသနာပါလာသည်မို့ ပိဋကတ်တော်များ၊ မြန်မာ့ရာဇဝင်အပါအဝင် လက်လှမ်းမီရာ စာအုပ်စာပေများကို ဖတ်ရှုလေ့လာခဲ့မိသည်။

စာချရင်း အကြောင်းသင့်ရာ ဇာတ်နိပါတ်များ၊ ရာဇဝင် မဟာဝင်များ၊ ကဗျာလင်္ကာများဖြင့် တပည့်များ၏စိတ်နှလုံးကို ယဉ်ကျေးသိမ်မွေ့လာအောင် လမ်းပြစကား အဆုံးအမတရားတွေကိုလည်း ပြောပြလေ့ရှိသည်။

ထိုသို့ပြောပြသည်များမှအစပြု၍ ရင်တွင်း၌ခံစားလာရသည့်အရာများကို ကဗျာ၊ တေးထပ်၊ ရတုများမှအစ ဆောင်းပါး၊ ဝတ္ထုများအထိ ရေးသား ဖန်တီးဖြစ်လာခဲ့သည်။ ထိုသို့ဖြင့် မိမိ၏ ပင်မပဓာနအလုပ်သည် စာချ ခြင်း၊ စာရေးခြင်းဟု စာချဆရာအဖြစ်သာမက စာရေးဆရာအဖြစ်ကိုပါ ရောက်မှန်းမသိ ရောက်ရှိလာခဲ့သည်။

ကမ္ဘာ့လူသားများကိုအထိတ်တလန့်ဖြစ်စေလျက်ရှိသည့် Covid-19 ကပ်ဘေးကာလအတွင်း စာချစာသင်အလုပ်များ အနားပေးထားရချိန် စာဖတ်ခြင်း၊ စာရေးခြင်းဖြင့် အချိန်အတော်များများကို ဖြတ်သန်းလာ ခဲ့မိသည်။ ငယ်စဉ်ကတည်းကစ၍ ယခုကာလသို့တိုင် ဖတ်ထားမှတ်ထား လေ့လာထားသည့်စာပေများအနက် ရင်ဘတ်ထဲသို့ ထူးထူးခြားခြား တိုးဝင်လာခဲ့ဖူးသည့် ပိဋကတ်တော်လာ ဇာတက၊ ဓမ္မပဒများမှအစ ရာဇဝင်သမိုင်းများအထဲမှ **'ထူးခြား၊ ဆန်းပြားလှသည့် ဝတ္ထုများ'**ကို စာဖတ်သူတို့နှင့်မိတ်ဆက်ပေးလိုသည့်ဆန္ဒ ဖြစ်တည်လာခဲ့မိသည်။

သို့ဖြစ်၍ **'ပိဋကတ်တော်လာ ထူးခြား၊ ဆန်းပြား ဝတ္ထုများ'** ဟူသည့် စာအုပ်တစ်အုပ်ဖြစ်တည်လာခဲ့သည်။ ဤစာအုပ်တွင် ရေးခြစ် ပုံဖော်ထားသည့် 'ထူးခြား၊ဆန်းပြားဝတ္ထုများ'သည် အမှန်တကယ်ပင် ထူးခြား၏လော၊ ဆန်းပြား၏လောဆိုသည်ကိုမူ ဆက်၍ လေ့လာဖတ်ရှုခြင်း ဖြင့်သာ အဆုံးအဖြတ်ပေးနိုင်လိမ့်မည်မဟုတ်ပါလား…။

❁ ❁ ❁

# ထူးခြားဆန်းပြား ဝတ္ထုများ(၁)

## ပေါင်သား ဓားဖြင့်လှီးလှူသူ

ယခုတင်ပြမည့် အကြောင်းအရာများသည် ကျမ်းဂန်တို့၌ လာရှိသည့် အလွန်ထူးဆန်းသော ဝတ္ထုများကို **အကျဉ်းချုပ်ကာ** တင်ပြထားခြင်း ဖြစ်ပါသည်။

### ပေါင်သား ဓားဖြင့်လှီးလှူသူ

ဘုရားရှင်သည် ဗာရာဏသီမြို့၊ ဣသိပတနတောကျောင်း၌ သီတင်းသုံးနေတော်မူစဉ် သုပ္ပိယာအမည်ရသော ဥပါသိကာမသည် ကျောင်းသို့သွား၍ တရားတော်ကို နာကြားပြီးသော် ကျောင်းစဉ်လှည့်လည်ကြည့်ရာ ကျန်းမာရေး မကောင်းသော ဂိလာနရဟန်းတော်တစ်ပါးကို တွေ့တော်မူ၍ ရှိခိုးပြီး "အရှင်ဘုရား… ကျန်းမာရေးက အတော်မကောင်း ဖြစ်နေတာကိုးဘုရား၊ အရှင်ဘုရားမှာ အားလည်းနည်းနေတယ်ဆိုတော့ အသားစွပ်ပြုတ်ရည်ဘုဉ်းပေးမည်ဆိုပါက သင့်တော်မည်ထင်ပါသည်ဘုရား" ဟု လျှောက်ထားလေ၏။

အရှင်မြတ်ကလည်း သင့်တော်မည်ဖြစ်ကြောင်း မိန့်ကြားတော်မူသည့်အတွက် သုပ္ပိယာက "မနက်ဖြန်နံနက် တပည့်တော်မ အသားစွပ်ပြုတ်ရည် လာ၍ကပ်ပါမည်ဘုရား" ဟု လျှောက်သည်။

သုပ္ပိယာဥပါသိကာမကြီးသည် ထိုသို့လျှောက်ထားပြီးသော် အိမ်သို့ပြန်လာသည်။ အိမ်စေကျွန်မကိုလည်း ပံသုကူအသား ရဖို့ရန် ဈေးသို့ စေလွှတ်လိုက်သည်။ တစ်မြို့လုံးရှာပါသော်လည်း ဥပုသ်နေ့ ဈေးပိတ်ရက်ဖြစ်နေသည့်အတွက် ပံသုကူအသား မရဘဲ ပြန်လာပြီး အိမ်ကျွန်မက အကျိုးအကြောင်း ပြောပြလိုက်သည်။

သုပ္ပိယာဥပါသိကာမသည် ကျန်းမာရေးမကောင်းဖြစ်နေသော ရဟန်းအား "နံနက် လာလှူပါမည်"ဟုလျှောက်ထားခဲ့သည်။ အခြားသောသူတို့က လာလှူစေကာမူ 'ဒါယိကာမကြီးလာမှာပဲ'ဟု စိတ်ထဲအောက်မေ့ကာ ငြင်းပယ်နေပေလိမ့်မည်' စသည်ဖြင့် စဉ်းစားနေသည်။

သူဌေးကတော် သုပ္ပိယာဥပါသိကာမသည် **အိပ်ခန်းတွင်းသို့ ဝင်ရောက်ပြီး ထက်လှစွာသော ဓားဖြင့် သူမ၏ပေါင်သားကို လှီးဖြတ်ပြီး** အိမ်စေကျွန်မအား "ဤအသားကို ယူသွားပြီး ငြုတ်၊ ဂျင်း၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ဇီယာ၊ ကရဝေး၊ နံနံပင်တို့နဲ့ ရောစပ် စွပ်ပြုတ်ရည်ပြုလုပ်ပြီး၊ ကျောင်းသို့ ဤမည်သော ရဟန်းအားသွားရောက်လှူပါ၊ ဒါယိကာမကြီးကောဟု မေးလျှင်လည်း ဘာမှ ပြန်ပြောမနေနဲ့၊ သိပ်နေမကောင်းလို့ အိမ်မှာ နေခဲ့တယ်လို့လျှောက်ပါ"ဟု မှာကြားလိုက်သည်။

သုပ္ပိယာဥပါသိကာမသည် သူမ၏ပေါင်တွင် သွေးများအလိမ်းလိမ်း ပေကျံနေ၍ အဝတ်များဖြင့်ပေါင်ကိုရစ်ပတ်ပြီး သက်သာအောင်နေရသည်။

သို့ဖြင့် အိမ်စေကျွန်မလည်း ကျောင်းသို့ သွားရောက်ပို့ဆောင်လေ၏။

သူဌေးဖြစ်သူ ဒါယကာ၏ အမည်သည်လည်း သုပ္ပိယဥပါသကာ ဖြစ်သည်။ ထိုနေ့မှာပင် သူဌေးဖြစ်သူကလည်း ဘုရားအမှူးရှိသော သံဃာတော်တို့အား နေ့ဆွမ်းဘုဉ်းပေးရန် ပင့်လျှောက်ထား၏။

ဘုရားရှင်သည် သံဃာတော်များနှင့် သုပ္ပိယဥပါသကာ၊ သုပ္ပိယာ ဥပါသိကာမတို့၏ နေအိမ်သို့ ကြွရောက်လာသည်။ အိမ်သို့ရောက်သော် ဘုရားရှင်က-

**"သုပ္ပိယာဥပါသိကာမ အဘယ်မှာနည်း"**

သုပ္ပိယဥပါသကာက-

**"မကျန်းမမာ ဖြစ်နေပါသည်ဘုရား"**

ဘုရားရှင်က-

**"မကျန်းမမာသော်လည်း ငါဘုရားရှေ့သို့ လာသာလာပါ"**

ဟု မိန့်တော်မူသည်။

သုပ္ပိယဥပါသကာက- **"မလာနိုင်ပါ မြတ်စွာဘုရား"**

ဘုရားရှင်က-

**"မလာနိုင်လျှင် ပွေ့ချီပြီး အိပ်ခန်းမှ အပြင်သို့ ထွက်ခဲ့ပါ"**

ဟု မိန့်တော်မူလိုက်သည့်အခါ အိမ်နေသူ အခြွေအရံတို့သည် သူဌေးကတော် သုပ္ပိယာဥပါသိကာမအား ပွေ့ချီ၍လာကာ ဘုရားရှင် ရှေ့တော်မှောက်သို့ ရောက်ရှိသွားသည်။

ဘုရားရှင်အား **ရှိခိုးဦးချလိုက်သည်နှင့် စားဖြင့်လှီးထားသည့် ပေါင်သည် ချက်ချင်းပင် ပကတိအတိုင်းဖြစ်၍** ကျန်းမာသွား၏။

အားလုံးသော သူတို့သည် ပေါင်သားကို လိုးပြီး လှုရဲ ခြင်းနှင့် ပကတိအတိုင်း ပြန်လည်ဖြစ်ခြင်းတို့အတွက် အလွန် အံ့ဩလျက် ရှိကြကုန်၏။

အားလုံးသောသူတို့သည် ပေါင်သားကို လှီးပြီးလှူရဲခြင်းနှင့် ပကတိအတိုင်း ပြန်လည်ဖြစ်ခြင်းတို့အတွက် အလွန်အံ့ဩလျက်ရှိကြကုန်၏။ မည်သည့်ခေတ်၌ပင် ဖြစ်စေကာမူ ထူးဆန်းပြီး အံ့ဩကြမည်မှာအမှန်ပင် ဖြစ်သည်။

သုပ္ပိယဥပါသကာတို့ ဇနီးမောင်နှံသည်လည်း အံ့ဩလွန်းသည့်အတွက် "အချင်းတို့… မြတ်စွာဘုရားရှင်၏ တန်ခိုးတော်သည် အံ့ဩဖွယ်ရှိပေစွတကား၊ မဖြစ်စဖူး အဖြစ်ထူးလေစွတကား၊ ဘုရားရှင်အား ရှိခိုးဦးချလိုက်သည်နှင့် တစ်ပြိုင်နက် ပကတိအတိုင်းဖြစ်ပေစွတကား" ဟု ထူးဆန်းလွန်း၍ အံ့အားသင့်ကြကုန်လျက် ဘုရားရှင်၏ ဂုဏ်တော် တန်ခိုးတော်များကို ချီးမွမ်းကြကုန်၏။

ဘုရားရှင်သည် ဆွမ်းကိစ္စပြီးသည်နှင့် ကျောင်းတော်သို့ ပြန်ကြွတော်မူသည်။ နေ့လယ်အချိန်ရောက်သောအခါ၌ သံဃာတော်တို့အား စည်းဝေးစေပြီး သုပ္ပိယာဥပါသိကာမ၏ လူ့သားဖြင့်ပြုလုပ်ထားသည့် အသား

စွပ်ပြုတ်ဖြစ်သည်ကို မဆင်ခြင်ဘဲ ဘုဉ်းပေးသော ရဟန်းအား ကဲ့ရဲ့ရှုတ်ချတော်မူပြီး "ရဟန်းတို့ … လူသားကို မစားအပ် မစားကောင်း၊ စားသောရဟန်းအား ထုလ္လစ္စဉ်းအာပတ်သင့်စေ၊ မမေးမမြန်း မစုံစမ်းဘဲ ဘုဉ်ပေးသုံးဆောင်သောရဟန်းအား ဒုက္ကဋ်အာပတ်သင့်စေ" ဟု မိန့်တော်မူ၏။ သံဃာတော်တို့ မစားအပ်သည့် အသားကြီး (၁၀)မျိုးရှိသည်။ (ဝိနည်း၊ မဟာဝါ၊ ၃၁၂)

သံဃာတော်တို့ မစားအပ်သည့် အသားကြီး(၁၀)မျိုးဟူသည် -

(၁) မနုဿမံသ-လူသား၊
(၂) သုနခမံသ-ခွေးသား၊
(၃) အဿမံသ-မြင်းသား၊
(၄) ဟတ္ထိမံသ-ဆင်သား၊
(၅) ဒီပမံသ-ကျားသစ်သား၊
(၆) ဗျဂ္ဃမံသ-ကျားသား၊
(၇) သီဟမံသ-ခြင်္သေ့သား၊
(၈) အစ္ဆမံသ-ဝံသား၊(ဝက်ဝံသား)
(၉) တရစ္ဆမံသ-အောင်းသား၊
(၁၀)အဟိမံသ-မြွေသားတို့ဖြစ်သည်။

**"လူ,ခွေး,မြင်,ဆင်၊ သစ်,ကျား,ခြင်၊ ဝံလျှင် အောင်းမြွေမျိုး။ ရိုးရေသားသွေး၊ အမွေးတို့ပါ၊ မသုံးရာ၊ ဆယ်ဖြာအမျိုးပေ"** ဟု မြန်မာကဗျာ စပ်ဆိုထားခဲ့ကြသည်။ ထိုအသား(၁၀)မျိုးကို မစားအပ်သည့် အကြောင်းများမှာ သူ့အကြောင်းနှင့်သူ အားလုံးရှိကြသည်။

ထိုတွင် 'အစ္ဆမံသ-ဝံသား'ဟူရာ၌ 'ဝက်ဝံသား'ဟု ယူဆကြသည်။ အစ္ဆစမ္မ၌-ဝက်ဝံရေဟုဆိုထားသည့်အတွက် ထိုသို့ ယူရခြင်းဖြစ်သည်။ 'အစ္ဆမံသ-ဝံသား'ဟူရာ၌ သစ်ကျုတ်(ဝံပုလွေ)ဟုလည်းဆိုသေးသည်။

'အောင်း'ဟူသည် တီဗွီ တိရစ္ဆာန်လိုင်းများ၌ မြင်တွေ့နေရသည့် အမွေးက အစက်ပြောက်များနှင့် ခန္ဓာကိုယ်က ဗိုက်ပူပူ တောခွေးကို 'အောင်း'ဟုခေါ်ဆိုကြောင်းပြောကြသည်။

ဖော်ပြပါ အသားကြီး(၁၀)မျိုးတို့တွင် တစ်ခုစီ၌ မစားအပ်ခြင်း၏ အကြောင်းများရှိသည်။ ဆင်သား,မြင်းသားတို့သည် မင်း၏အသုံးအဆောင် ဖြစ်၍ မစားအပ်၊ ခွေးသား,မြွေသားတို့သည် စက်ဆုပ်ဖွယ်ဖြစ်၍မစားအပ်၊ ကျားသား, ခြင်္သေ့သား စသည်တို့သည် တောနေရဟန်းတို့အဖို့ အန္တရာယ် ပြုတတ်သည်ဖြစ်၍ မစားအပ်ဟု အကြောင်းပြချက်များရှိသည်။

ထို့ပြင် အပ်စပ်သော အသားတို့တွင်လည်း **"မြင်သား၊ ကြားသား၊ ယုံမှားသား"**ဟု ဆိုအပ်သော အသားသုံးမျိုးကိုလည်း မဘုဉ်းပေး မသုံးဆောင်ကောင်းပေ။

မြင်သားဟူသည် အသားထုတ်လုပ်တော့မည့်နေရာ၌ (မိမိအတွက်ဟု) သတ်ဖြတ်နေစဉ် မြင်တွေ့ရသည့်အသားကို မြင်သားဟု ခေါ်သည်။

ကြားသားဟူသည် သတ်ဖြတ်နေသည့်အသံများကို ကြားနေရလျှင် ကြားသားဟုခေါ်သည်။

ယုံမှားသားဟူသည် မိမိအတွက်ဟု ရည်ညွှန်းနေသောအသားဟု သံသယဖြစ်သောအသားကို ဆိုလိုသည်။ ထိုအသားများကိုလည်း သံဃာတော်များ မသုံးဆောင်ကောင်းပေ။

ပေါင်သားကို လှီးပြီး အသားစွပ်ပြုတ်ပြုလုပ် လှူဒါန်းခဲ့သော သုပ္ပိယာ ဥပါသိကာမအား ဘုရားရှင်က **"ဂိလာနုပဋ္ဌာကီ"**ဟူသော တေဒဂ်ဘွဲ့ထူးဖြင့် ချီးကျူးတော်မူခဲ့၏။ 'ဂိလာနုပဋ္ဌာကီ'ဟူသည် ဂိလာန ရဟန်းတော်တို့အား ပြုစုစောင့်ရှောက်သောသူတို့တွင် အသာဆုံးအမြတ်ဆုံး ဟူသော အဓိပ္ပာယ်ရှိသည်။

❖ ❖ ❖

# ထူးခြားဆန်းပြား ဝတ္ထုများ(၂)

## ဆံပင်ဖြတ်တောက် ချက်ချင်းပြွန်ပေါက်

ဘုရားရှင်လက်ထက်က တရားအကျဉ်းကို အကျယ်ချဲ့ဟောရာ၌ ဧတဒဂ်ဘွဲ့ထူးဖြင့် ချီးကျူးဂုဏ်ပြုခြင်းခံရသည့် အရှင်မြတ်မှာ အရှင်မဟာကစ္စည်းဖြစ်သည်။ လူ့ဘဝဖြစ်စဉ်က ဥဇ္ဇေနီပြည့်ရှင် စဏ္ဍပဇ္ဇောတမင်းကြီး၏ အမတ်ကြီးအဖြစ်ဖြင့် တာဝန်ထမ်းဆောင်နေရသူဖြစ်သည်။ (အံ၊ဋ္ဌ၊၁၊ ၁၆၂)

ဥဇ္ဇေနီပြည့်ရှင် စဏ္ဍပဇ္ဇောတမင်းကြီးသည် ဘုရားရှင်ပွင့်တော်မူပြီဖြစ်ကြောင်း သတင်းစကားကြားသိရသောအခါ ဘုရားရှင်ကို ဖူးမြော်လိုသည် ဖြစ်၍ ဘုရားရှင်အား သွားရောက်ပင့်ဆောင်နိုင်မည့်သူကို ရွေးချယ်သည့်အခါ အမတ်အားလုံးတို့က "မဟာကစ္စာယန ဆရာကြီးသာ ပင့်ဆောင်နိုင်ပါလိမ့်မည်"ဟု သံတော်ဦးတင်ကြသည်ဖြစ်၍ ထိုအမတ်ကြီးကလည်း သူ့အားရဟန်းပြုခွင့်ပေးမည်ဆိုပါက သွားရောက်ပင့်ဆောင်ပေးမည်ဖြစ်ကြောင်း လျှောက်ထား၏။

ဘုရင်မင်းမြတ်ကလည်း သဘောတူသည်ဖြစ်၍ မဟာကစ္စာယန အမတ်ကြီးသည် သူနှင့်အတူ အခြားအမတ်(၇)ဦးနှင့် ပေါင်းလျှင် အားလုံး (၈)ဦးတို့ ဘုရားရှင်အား သွားရောက်ပင့်ဆောင်မည်ဖြစ်ကြောင်း လျှောက်ထားပြီး ဥဇ္ဇေနီပြည်မှ ထွက်ခွာသွားကြသည်။

အမတ်ကြီးတို့အဖွဲ့သည် ဘုရားရှင်တရားဟောကြားနေသည်ကို တွေ့ရှိကြရပြီး တရားတော်များကို နာယူကြသည်။ တရားနာယူကြပြီး ရဟန်းပြုလိုကြောင်းကို လျှောက်ထားသောအခါ ဘုရားရှင်က သူတို့(၈) ဦးအား ရဟန်းပြုပေးလိုက်သည်။ ဤသို့ဖြင့် မဟာကစ္စာယနအမတ်ကြီးသည် ရဟန်းဖြစ်သောအခါ မဟာကစ္စည်း မထေရ်မြတ်ဖြစ်ပြီး အားလုံးရဟန္တာ အရှင်မြတ်တို့ ဖြစ်တော်မူကြကုန်၏။

မထေရ်မြတ်က "ဥဇ္ဇေနီပြည့်ရှင် စဏ္ဍပဇ္ဇောတမင်းကြီးက ပင့်လျှောက်ခိုင်းသည်ဖြစ်ကြောင်း"ကို လျှောက်ထားသောအခါ ဘုရားရှင်က "သင်ရှိမည်ဆိုပါက ငါဘုရား ကြွစရာမလိုတော့ပေ"ဟု မိန့်တော်မူလိုက်သည်ဖြစ်၍ ရှင်မဟာကစ္စည်းအမှူးရှိသော သံဃာတော် (၈)ပါးတို့သည် ဥဇ္ဇေနီပြည်သို့ ပြန်ကြွလာကြသည်။

မထေရ်မြတ်တို့သည် နံနက် ဆွမ်းခံချိန်ဖြစ်နေ၍ တေလပနာဠိက ရွာနိဂုံးထဲ ဆွမ်းခံကြွကြ၏။ ထိုရွာရှိ ဂေါပါလမာတာအမည်ရသည့် သူဌေးသမီးသည် သံဃာတော်တို့ ဆွမ်းခံကြွနေသော်လည်း မည်သည့် အိမ်ကမျှ ဆွမ်းထွက်၍မလောင်းသည်ကို လှမ်းကြည့်ရင်း မြင်နေသည်။

ထိုအမျိုးသမီးလေးသည် မိဘများရှိစဉ်ကတော့ သူဌေးသမီးဖြစ်သော်လည်း မိဘများကွယ်လွန်သွားသည်နှင့် မိဘများနောက်သို့ စီးပွားဥစ္စာတို့က

လည်း လိုက်ပါသွားသကဲ့သို့ထင်ရလောက်အောင် ပစ္စည်းဥစ္စာများမရှိတော့ဘဲ နာမည်သာ သူဌေးသမီး၊ ယခုအချိန်၌မူ ဆန်တစ်ဆုပ် ဆီတစ်မှုတ်မျှပင် မရှိသူဖြစ်နေရသည်။ သို့သော်လည်း သူမမှာ သဒ္ဓါတရား ရှိသည်၊ ဆံပင်ကောင်း ရှိသည်။

မထေရ်မြတ်တို့ တစ်လမ်းဝင်တစ်လမ်းထွက် ဆွမ်းများ လှည့်လည်ရပ်နေပါသော်လည်း မည်သည့်အိမ်ကမျှ ဆွမ်းတစ်ဇွန်းမျှပင် မလောင်းသည်ကို တွေ့နေရသည်။ စိတ်ထဲမှာလည်း 'ဪ… သံဃာတော်တို့ ဆွမ်းမရသေးပါလား'ဟုတွေးမိသည်အတွက် ဆွမ်းကပ်လိုသည့် သဒ္ဓါစိတ်တို့ ယိုဖိတ်နေ၏။

ဤသို့ဖြင့် သံဃာတော်(၈)ပါးတို့သည် အိမ်စဉ်ဆွမ်းခံရပ်ရင်း သူမအိမ်ရှေ့ရောက်သောအခါ "အရှင်မြတ်တို့ဘုရား … တပည့်တော်မကို ချီးမြှောက်သောအားဖြင့် တပည့်တော်မ၏ ဆွမ်းကို အလှူခံရန် အိမ်ပေါ်သို့ ကြွပါဘုရား"ဟု ပင့်လျှောက်လိုက်သည်။

သဒ္ဓါတရားထက်သန်လွန်းသည့် ဂေါပါလမာတာသည် ဆန်မရှိ ဆီမရှိပါဘဲလျက် သံဃာတော်များကို ပင့်ဆောင်ထားခြင်းသည် သတ္တိကောင်းသူဟုလည်း သတ်မှတ်နိုင်၏။ ယုံကြည်ချက်ပြတ်သားသူဟူ၍လည်း သတ်မှတ်နိုင်၏။

သံဃာတော်များအား အိမ်သို့ပင့်ပြီးသော် တိုက်ခန်းတွင်းသို့ဝင်၍ အိမ်အကူအမျိုးသမီးကြီးအား သူမ၏ဆံပင်ကို ဖြတ်စေပြီး ပြိုင်ဘက်သူဌေးသမီးထံ သွား၍ရောင်းစေသည်။

မကြာမီရက်က ပြိုင်ဘက်သဌေးသမီးသည် သူမ၏ဆံပင်ကို

သံဃာတော်များအား အိမ်သို့ပင့်ပြီးသော် တိုက်ခန်း
တွင်းသို့ဝင်၍ အိမ်အကူအမျိုးသမီးကြီးအား သူမ၏ဆံပင်
ကို ဖြတ်စေပြီး . . .

အသပြာတစ်ရာမှ တစ်ထောင်အထိ ပေးခဲ့ဖူးသည်။ မည်သည့်ပစ္စည်းမှ ရောင်းချစရာမရှိသော ဂေါပါလသည် ယခုအခါသူမ၏ဆံပင်ကို ပြိုင်ဘက်သူဌေးသမီးထံ ရသောဈေးဖြင့်ရောင်းချရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဆံပင်ရောင်းသွားသော အမျိုးသမီးကြီးကတော့ ဆံပင်များကို ကိုင်ရင်း ပြိုင်ဘက်သူဌေးသမီးထံ အညံ့ခံရသလိုဖြစ်နေသည့်အတွက် မျက်ရည်များပင် သွင်သွင်စီးကျနေ၏။ ဆံပင်ရောင်းသောအခါ၌လည်း အရောင်းအဝယ်၏ သဘောအရ မိမိကလိုအပ်နေသည့်အတွက် ရောင်းချရလျှင် အနှိမ်ခံရသည့်အဖြစ်မျိုးသည် ရှိတတ်ကြမြဲဖြစ်သည်။ ယခုအခါမှာတော့ 'ဗိုက်နာလို့ရောင်းသည်' ဟု ဆိုရမည်။

ယခုလည်း အလွန်ပင်အရေးကြီးနေသည်ဖြစ်၍ အလကားနီးပါး ပေးရမလို ဖြစ်နေသည့်အတွက် ဈေးနှိမ်နေသည့်ကြားမှ ဈေးအဆစ်ကောင်း၍ (၈)အသပြာမျှသာ ရခဲ့သည်။ ထို(၈)အသပြာဖြင့် (၈)ပါးစာ

အမြန်ဝယ်လျက် အမြန်ချက်ပြုတ်ကာ ပြင်ဆင်၍ဆွမ်းကပ်သည်။

ဆွမ်းဘုဉ်းပေးပြီးသောအခါ မထေရ်မြတ်တို့က 'ဆွမ်းအလှူရှင် ဒါယိကာမလေးကော' ဟု မေးတော်မူရာ အိမ်ဖော်အမျိုးသမီးကြီးက 'အရှင်ဘုရား ... သူ့ရဲ့ဦးခေါင်းမှာ ဆံပင်များမရှိတော့၍ ရှက်စနိုး ဖြစ်နေပါတယ်ဘုရား' ဟု လျှောက်ထားလေသည်။

မထေရ်တို့က 'အိမ်ခန်းထဲမှ ထွက်လာပါ' ဟုမိန့်တော်မူသည်နှင့် အဝတ်ဖြင့် ဦးခေါင်းကို ရစ်ပတ်ဖုံးအုပ်ပြီး အိမ်ခန်းထဲမှထွက်လာပြီး **မထေရ်တို့အား ရှိခိုးဦးချလိုက်စဉ်မှာပင် ဂေါပါလ၏ ဆံပင်တို့သည် ပကတိအတိုင်း အရှည်များဖြစ်သွား**လေတော့သည်။

ဆွမ်းအနုမောဒနာတရား ဟောကြားကာ ရေစက်ချပြီးသည့်နောက် ပြန်ကြွတော်မူကြသောအခါ ဂေါပါလလေးသည် အိမ်ရှေ့အထိ လိုက်ပို့ပြီး လက်အုပ်ချီနေစဉ်မှာပင် သံဃာတော်(၈)ပါးတို့သည် သက်န်းဝါဝါဖြင့် အထက်ကောင်းကင်ပြာပြာသို့ ပျံတက်ကြွသွားကြသည်ကို လက်အုပ်ချီမိုးလျက် မျက်ဝါးထင်ထင် ဖူးမြင်ရသည်ဖြစ်၍ ပီတိသောမနဿများ တပွေ့တပိုက်ဖြင့် ကောင်းကင်ကို မော့ကြည့်ရင်း ကျန်ခဲ့သည်။

ဘုရားရှင်အားပင့်ဆောင်ရေးအဖွဲ့သည် ဥဇ္ဇေနီပြည်သို့ ပြန်ကြွလာသည်ဖြစ်၍ မင်း၏ဥယျာဉ်တော်၌ သီတင်းသုံးတော်မူကြသည်။ စဏ္ဍပဇ္ဇောတမင်းကြီးသည် လာရောက်ဖူးမြော်ပြီး ဘုရားရှင်ကြွမည် မကြွမည်ကို မေးလျှောက်ပြီး "အရှင်မြတ်တို့ဘုရား ... ဤယနေ့ ဆွမ်းကိစ္စအဘယ်မှာပြီးခဲ့ပါသနည်းဘုရား" ဟုလျှောက်ထားသောအခါ ရှင်မဟာကစ္စည်း အမှူးရှိသော သံဃာတော်တို့က ဆွမ်းကိစ္စနှင့် ဆက်စပ်ပြီး

ဆွမ်းဒါယိကာမ ဂေါပါလ၏ သဒ္ဓါထက်သန်ပုံ စသော အကြောင်းကို မိန့်တော်မူ၏။ ထိုသို့ သံဃာတော်တို့က မိန့်ကြားသည်ကို သိရှိသော စဏ္ဍပဇ္ဇောတမင်းကြီးသည် ဂေါပါလမာတာအား နှစ်သက်တော်မူသည် ဖြစ်၍ ချက်ချင်းပင် သွားရောက်ခေါ်စေကာ မိဖုရားကြီးအဖြစ် မြှောက်စား တော်မူလေသည်။

ဂေါပါလမာတာသည် အိမ်ရာထစက သူဆင်းရဲမလေးဖြစ်သော်လည်း သူမ၏ ရဲရင့်သော သဒ္ဓါတရား စွမ်းပကားကြောင့် ထိုနေ့မှာပင် စဏ္ဍပဇ္ဇောတမင်းကြီး၏ မိဖုရားကြီးဖြစ်ရသည်။

နောင်တစ်ချိန် ဂေါပါလ သတို့သားလေးကို မွေးဖွားသည်နှင့် ဂေါပါလမာတာဟုလည်းကောင်း၊ ကျောင်းအမကြီးဂေါပါလမာတာဟု လည်းကောင်း နာမည်ဖြင့် ထင်ရှားကျော်ကြားခဲ့သည်။

ဂေါပါလမာတာ၏ သဒ္ဓါစွမ်းသတ္တိနှင့် မထေရ်မြတ်တို့ ဂုဏ်ကျေးဇူး ကြောင့် ဆံပင်များပကတိအတိုင်း ဖြစ်ရခြင်း၊ ထိုနေ့မှာပင် မိဖုရားကြီး ဖြစ်ရခြင်းတို့ဖြစ်သည်။ အလွန်တရာ ထူးဆန်းပေစွတကား။

❁ ❁ ❁

# ထူးခြားဆန်းပြား ဝတ္ထုများ(၃)

## သုံးပွင့် တစ်ခိုင်

### ကြိုတင်မှာကြားထားခြင်း

ယခုဝတ္ထုကတော့ လူသိနည်းသလို သိဖို့လည်း သိပ်မကောင်းသည့် ဝတ္ထုဖြစ်နေပါသည်။ ရည်ရွယ်ချက်ကတော့ သံသရာ၏ဆိုးမွေ၊ ကာမဂုဏ်တို့၏ဆိုးမွေကို သိရှိကြစေရန်နှင့် သံဝေဂဉာဏ် ရကြစေရန် ဘုရားရှင်က ဟောထားပါသည်။ ဘုရားရှင်၏ ရည်ရွယ်ချက်အတိုင်းပင် သံဝေဂဉာဏ်ဖြစ်ကြစေဖို့ တင်ပြရခြင်းဖြစ်သည်။ ထို့ပြင် မကြားသင့် မကြားထိုက်သော စကားပင်ဖြစ်သော်လည်း မဖြစ်မနေ ပြောဆိုစရာရှိပါမူ ခြွင်းချန်ပြီးမထားရန်ကိုလည်း မိန့်ကြားထားသည်ဖြစ်၍ တင်ပြပါမည်။ ထိုအကြောင်းကို

ရှေးပညာရှင်များကလည်း -

**[ဘုရားလူ့ဘ၊ မုနိန္ဒလျှင်**
**မိန်းမယောကျ်ား၊ လူ့စကားဖြင့်**
**မကြားစတောင်း၊ မဆိုတောင်းကို**
**အကြောင်းဆောင်သွေး၊ ဆိုတုံ့သေးရှင့်**
**ဆိုရေးရှိက၊ ဆိုအပ်လှ၏**

**ဆိုစများလျှား၊ ထားပချော်ဘိ**
**ငါ့ဝန်ရှိခဲ့၊ ပြီးမိပြီးစေ**
**ဆိုလျှဉ်းပေအံ့။]** ဟု ဆိုသည့်အတိုင်းပင် ဤသို့ ဘုရားရှင်သည်ပင် မလွှဲသာမရှောင်သာ ပြောဆိုအပ်သည့် စကားများကို ဟောကြားခဲ့၊ ပညတ်ခဲ့ရသေးသည်ဟုဆိုလိုပါသည်။ ပြောကြားသင့်လျက် မပြောခဲ့သော် မပြောသူအတွက် တာဝန်ရှိသည်ဟု မှတ်ယူမိသည့်အတွက် တင်ပြလိုက်ရခြင်းဖြစ်သည်။

## သုံးပွင့် တစ်ခိုင်

ဘုရားရှင်သက်တော်ထင်ရှားရှိစဉ်က သာဝတ္ထိပြည်၌ သူဌေးတစ်ယောက်သည် ကုန်ရောင်းကုန်ဝယ်သွားစဉ် ဇနီးဖြစ်သူ၌ ပဋိသန္ဓေကိုယ်ဝန်စတည်ခဲ့သည်။ ကိုယ်ဝန်သည် လအနည်းငယ်ကြာလာသောအခါ ထင်ရှားလာသည်ဖြစ်၍ ယောက္ခမမိန်းမဖြစ်သူက "ငါ့သား ခရီးသွားတာကြာပြီ၊ အခုသင့်မှာ ကိုယ်ဝန်ရနေပြီ၊ ဒါဟာ ငါ့သားကိုယ်ဝန်တော့ မဖြစ်နိုင်" ဟုပြောသည်။ ချွေးမဖြစ်သူကလည်း "အမေ့သားရဲ့ ကိုယ်ဝန်ပါ၊ မည်သည့်ယောကျ်ားနှင့်မျှ ဆက်ဆံဖူးခြင်း မရှိပါ"ဟု ပြောကြားသော်လည်း လက်မခံဘဲ အိမ်မှနှင်ချလိုက်သည်။

ချွေးမဖြစ်သူ (သို့မဟုတ်) ဇနီးဖြစ်သူသည် ခင်ပွန်းဖြစ်သူ ရာဇဂြိုဟ်မြို့သို့ ခရီးသွားသည်ဟု သိရသဖြင့် ကိုယ်ဝန်အရင့်အမာဖြင့် (၄၅)ယူဇနာဝေးကွာသော ရာဇဂြိုဟ်မြို့ဆီသို့ ခင်ပွန်းသည်နှင့် တွေ့လိုတွေ့ငြားမျှော်လင့်ချက်များဖြင့် တရွေ့ရွေ့ဦးတည်သွားနေသည်။

ဤသို့ ခရီးသွားရင်း လမ်းခရီးဇရပ်ပေါ်၌ပင် ရွှေအဆင်းနှင့်တူသော သားကလေးကို မွေးဖွားလိုက်ရသည်။ မိခင်ဖြစ်သူသည် ရေသွားခပ်နေစဉ်မှာပင် သားသမီးမရှိသော လှည်းကုန်သည် ခေါင်းဆောင်သည် ဇရပ်ပေါ်၌ ကလေးကို မြင်ရသည်ဖြစ်၍ ဖခင်၏ ချစ်ခြင်းမေတ္တာများဖြစ်ပေါ်လာကာ ယူဆောင်ပြီး ကျွေးမွေးစောင့်ရှောက်ထားသည်။

ကလေး၏မိခင်ဖြစ်သူသည် ဇရပ်ပေါ်ပြန်ရောက်လာသောအခါ သားကလေးကို မတွေ့လိုက်ရသည့်အတွက် အသည်းခိုက်အောင် ခံစားသွားရသည်။ ရှေ့ဆက်ပြီး ရာဇဂြိုဟ်မြို့ဘက်သို့ ဆက်လက်ထွက်ခွာလာခဲ့သည်။ လမ်းခရီးမှာပင် အားကိုးစရာ မရှိတော့သော အမျိုးသမီးအဖို့ အားကိုးရာကို ရှာရင်း ဓားပြခေါင်းဆောင်ကြီးနှင့်တွေ့ဆုံပြီး ဇနီးမောင်နှံအဖြစ် ပေါင်းသင်းလိုက်ကြသည်။ များမကြာမီ သမီးကလေးတစ်ဦး မွေးဖွားလာသည်။

တစ်နေ့သောအခါ ဇနီးခင်ပွန်းတို့ အငြင်းအခုံဖြစ်ရာမှ ခုတင်ညောင်စောင်းအစွန်းနှင့် သမီးငယ်လေး၏ ဦးခေါင်းတို့ ထိခိုက်မိပြီး ပေါက်ပြဲဒဏ်ရာရသွားသည်။ ထိုအမျိုးသမီးသည် ကြမ်းတမ်းသော ခင်ပွန်းသည်အား ကြောက်ရွံ့လှသောကြောင့် ရာဇဂြိုဟ်မြို့သို့ ဆက်လက်ထွက်ခွာသွားခဲ့သည်။

ပထမမွေးဖွားခဲ့သော သားသည်လည်း အရွယ်သို့ရောက်နေပြီဖြစ်သည်။ မိခင်ဖြစ်သူကလည်း မမှတ်မိ၊ သားကလည်း အမေမှန်းမသိသည်ဖြစ်၍ သားနှင့်အမိတို့သည် တွေ့ဆုံကြရာ လက်ထပ်လိုက်ကြသည်။ များ မကြာမီပင် ဓားပြကြီး၏ သမီးနှင့်လည်း မောင်နှမအရင်းဟု မသိသည်ဖြစ်၍ လက်ထပ်လိုက်ပြန်သည်။

ဖြစ်မှဖြစ်ရပလေ၊ ရာဇဂြိုဟ်၌ လူဦးရေ (၁၈)ကုဋေ
ရှိရသည့်အထဲ ဤသို့ သားနှင့်အမိ၊ မောင်နှင့်နှမတို့ အကြင်
လင်တူမယား အဖြစ်ဖြင့် တွေ့ဆုံရခြင်းသည် . . .

ဖြစ်မှဖြစ်ရပလေ၊ ရာဇဂြိုဟ်၌ လူဦးရေ (၁၈)ကုဋေ ရှိရသည့်အထဲ ဤသို့ သားနှင့်အမိ၊ မောင်နှင့်နှမတို့ အကြင်လင်တူမယား အဖြစ်ဖြင့် တွေ့ဆုံရခြင်းသည် ကြားလို့မကောင်းသော ဆုံကြ ကြုံကြရခြင်းမျိုး ဖြစ်သည်။

ယခုအခါ သားဖြစ်သူ လင်ယောကျ်ားကတစ်ယောက်၊ မိခင်နှင့် နှမဖြစ်သူတို့က ဇနီးသည်အဖြစ်ဖြင့် နှစ်ယောက်အတူနေကြသည်။ သူတို့သည် သားနှင့်အမိ၊ မောင်နှမဖြစ်နေသည်ကို မသိကြပေ။ တစ်နေ့သောအခါ အမေက သမီး၏ ဦးခေါင်း၌ သန်းရှာနေစဉ် ငယ်စဉ်က ရ,ထားသည့် ဒဏ်ရာကို မြင်လိုက်ရသည်နှင့် ရင်ဘတ်ထဲ တဒိန်းဒိန်း ဖြစ်သွားပြီး "ဤမိန်းကလေးသည် ငါ၏သမီးလေးပဲဖြစ်လိမ့်မည်" ဟု စိတ်အထင်ဖြင့် မေးမြန်းကြည့်ရာမှ သမီးအစစ်ဖြစ်ကြောင်း သိလိုက်ရပြီး မိခင်ဖြစ်သူသည် သံဝေဂဉာဏ် အဖန်ဖန်ဖြစ်သွားရတော့သည်။

ခင်ပွန်းသည်ပြန်လာသောအခါ အပြန်အလှန်မေးမြန်းစိစစ်ကြသော အခါ ဖြစ်ကြောင်းကုန်စင် အကုန်သိကြရသည်ဖြစ်၍ ကာမဂုဏ်တို့၏ အပြစ်၊ ဘဝသံသရာ၏အပြစ်တို့ကိုသိရှိကြရပြီး ''သံသရာ၌ ကျင်လည် နေရလျှင် ဤသို့ပင် တွေ့ကြရ ဆုံကြရ ဦးမည်''ဟု သံဝေဂဉာဏ် အဖန်ဖန်ဖြစ်ကြပြီး သားအမိသုံးဦးလုံး ရဟန်းပြုသွားကြသည်။

မိခင်နှင့် သမီးဖြစ်သူတို့လည်း များမကြာမီ ရဟန္တာထေရီမကြီးများ ဖြစ်သွားကြသော်လည်း သားဖြစ်သူသည် ဂင်္ဂါမြစ်ညာ တောထဲ၌ မည်သူ နှင့်မျှ စကားမပြောဘဲ သုံးနှစ်ကြာ တရားအားထုတ်သောအခါမှ ရဟန္တာ ဖြစ်သွားသည်။ မထေရ်မြတ်၏ ဘွဲ့တော်ကိုမူ ဂင်္ဂါမြစ်ကမ်း၌ သီတင်းသုံး နေတော်မူသည့်အတွက် **'ဂင်္ဂါတီရိယထေရ်'**ဟု အမည်တွင်တော်မူသည်။ (ထေရ၊ဋ္ဌ၊၁၊ ၃၁၅။ ထေရီ၊ဋ္ဌ၊၂၀၂)

## ဂင်္ဂါတီရိယထေရ်၏ ရှေးကောင်းမှု

မထေရ်မြတ်သည် လွန်ခဲ့သော ကမ္ဘာတစ်သိန်းထက်က ပဒုမုတ္တရာ ဘုရားရှင်၏ တပည့်သားသံဃာတော်တို့အား လွန်စွာကြည်ညိုသည်ဖြစ်၍ ရေကိုလှူဒါန်းခဲ့သော ရေအလှူဒါယကာဖြစ်ခဲ့ဖူးသည်။ ထိုသို့ရေလှူခဲ့သည့် အတွက် မထေရ်မြတ်သည် တောင်ထိပ် သစ်ပင်ထိပ် ကောင်းကင်စသည့် မည်သည့်နေရာမှာပင်နေနေ ရေရရှိသည်သာဖြစ်သည်။ ရေကို လိုတရ နေသည်။ ရေအကျိုးကား ကြီးပေစွတကား…။ သုဂတိဘဝတို့၌သာ ကျင်လည်ခဲ့ရသည်။

❊ ❊ ❊

# ထူးခြားဆန်းပြား ဝတ္ထုများ(၄)

## ကိုယ်ဝန်ဆောင်လျက် ကောင်းကင်ပျံတက်

မြန်မာမှု လူ့လောကနယ်ပယ်၌ နေကြရသူတို့သည် ဘေးအသွယ်သွယ် အန္တရာယ်ကင်းကြဖို့၊ ကျန်းမာကြစေဖို့၊ ချမ်းသာကြစေဖို့၊ ကုသိုလ်ရကြဖို့ အရေးကြီးလှသည်။ သို့ဖြစ်၍ဘုရားရှိခိုးကြရသည်။ ရတနာသုံးပါး ဦးထိပ်ထားကြရသည်။ ဘုရားရှင်အား ထိုသို့ရှိခိုးပူဇော်သည့်အခါ သဒ္ဓါပညာတို့ ထက်သန်သလောက် ပီတိ(၅)မျိုးတို့တွင် တစ်မျိုးမျိုး ဖြစ်တတ်ကြသည်။

**ထိုပီတိ (၅)မျိုး**ဟူသည် -

(၁) **ခုဒ္ဒကာပီတိ**-ခန္ဓာကိုယ်၌ ကြက်သီးမွေးညှင်းများထခြင်း။

(၂) **ခဏိကာပီတိ**-ခဏတိုင်းခဏတိုင်း လျှပ်စီးပြက်သကဲ့သို့ ဖြစ်ခြင်း။

(၃) **ဩက္ကန္တိကာပီတိ**-သမုဒ္ဒရာလှိုင်းထမ်းပိုး ကမ်းသို့သက်၍ သက်၍ဖြစ်သလိုဖြစ်ခြင်း။

(၄) **ဥဗ္ဗေဂါပီတိ**-ကောင်းကင်သို့ ပျံတက်နိုင်ခြင်း။

(၅) **ဖရဏာပီတိ**-တစ်ကိုယ်လုံးပျံ့နှံ့ဖြစ်သောပီတိ၊ ဖရဏာပီတိ ဝွမ်းဆီထိသို့ဖြစ်ခြင်းတို့ဖြစ်သည်။

ထိုပီတိများကို မိမိငယ်စဉ်က ကဗျာဖြင့် မှတ်တမ်းတင်ဖူးသည်။

* **နှစ်သက်အားကြီး-ကြက်သီးထလာ၊**
**ခုဒ္ဒကာဟု-ခေါ်မှုမှန်စွာ၊**
**ခဏတိုင်းဖြစ်-လျှပ်စစ်တစ်ဖြာ၊**
**မှတ်လိုက်ကြ-ခဏိကပီတိပါ။**

* **ဒီရေလှိုင်းနှင့်-ပုံနှိုင်းတစ်ထွေ၊**
**ဩက္ကန္တိက-သိကြမသွေ၊**
**ကောင်းကင်ပျံသန်း-တစ်ခန်းဥဗ္ဗေ၊**
**ဆီထိဝွမ်း-မှတ်စမ်းဖရဏာ** -ဟုရေးသားခဲ့ပါသည်။

## ကိုယ်ဝန်သည် ကောင်းကင်သို့ ပျံတက်

ယခုဖော်ပြမည့်ဝတ္ထုသည် သီရိလင်္ကာနိုင်ငံ၌ဖြစ်ခဲ့သော ဇာတ်လမ်းဖြစ်သည်။ ထိုနိုင်ငံတွင် တောင်ချောက်ကြား၌ တည်ရှိသော ဂိရိကဏ္ဍက ကျောင်းတိုက်၏ ဆွမ်းခံရွာလည်းဖြစ်သော ဝတ္တကါလာကရွာ၌ ကိုယ်ဝန် အရင့်အမာ အမျိုးသမီး မိသားစုရှိသည်။

ထိုဝတ္တကါလာကရွာမှ လှမ်း၍ မျှော်ကြည့်လိုက်လျှင် ထုံးဖွေးဖွေးနှင့် ပုလဲပုံစုနှင့်တူသော စေတီတော်ကို ခပ်ဝေးဝေးမှ ရေးရေးလေးမြင်နေရသည်။

စိမ်းစိုညို့ဆိုင်း အုံ့မှိုင်းနေသည့် သစ်တောထဲရှိ တောင်ထိပ်တွင် တည်ထားသော ထုံးဖွေးဖွေးနှင့် စေတီသည် အလွန်ပေါ်လွင်နေသလို မြင်ရသူ ကြည်ညိုရသူတို့၏ စိတ်နှလုံးကိုလည်း ရွှင်ပြုံးစေသည့်အတွက် အေးချမ်းစေသည်။

စေတီတော်ရင်ပြင်၌ ပန်းရေချမ်း ဆီမီးကပ်သူ၊ ပရိတ်ပဋ္ဌာန်းရွတ်ပွားပူဇော်သူ၊ ဘုရားရှိခိုးသူတို့နှင့် အမြဲပင်စည်ကားလေ့ရှိသည်။ အထူးသဖြင့် လပြည့်လကွယ် ဥပုသ်နေ့များဆိုလျှင် ပို၍စည်ကားနေသည်။

ကိုယ်ဝန်သည်မိသားစုတို့သည် လပြည့်နေ့တိုင်း ဘုရားကိုသွားရောက်ဖူးမြော်လေ့ရှိကြသည်။ သို့သော်လည်း လပြည့်နေ့ တစ်နေ့မှာတော့ ကိုယ်ဝန်သည် အမျိုးသမီးကို မိဘတို့က -

"ချစ်သမီး ... သင်သည် ကိုယ်ဝန် မပေါ့မပါးနဲ့ဆိုတော့ အိမ်မှာပဲ ကျန်ရစ်ပြီး အိမ်စောင့်နေရစ်ခဲ့ပါ။ အချိန်အခါမဟုတ်၊ ကိုယ်ဝန်သည်ဆိုတာက အပြင်သွားလို့ မကောင်းပေဘူး။ မေမေတို့ ဖေဖေတို့က သမီးအတွက် ကုသိုလ်များပြုပေးခဲ့ပါ့မယ်၊ တရားတော်ကိုလည်း နာယူခဲ့ပါ့မယ်"ဟု ပြော၍ အိမ်မှာပင်ကိုယ်ဝန်သည် သမီးကို ထားခဲ့ကြပြီး အားလုံး ဘုရားဖူး ထွက်သွားကြသည်။

ကိုယ်ဝန်သည် အမျိုးသမီးသည် မိဘများနှင့် ပျော်ပျော်ပါးပါး အတူသွားလိုသော်လည်း မိဘများပြောထားသည်မှာ သဘာဝကျသည်၊ ကိုယ်ဝန်သည်ဆိုတာက နေရာတကာသွားလို့မတော်ဘူး၊ ချော်လဲရင်လည်း အန္တရာယ်ရှိနိုင်သည်ဟု သိသည်။ လူရှုပ်ရှုပ်သွားလျှင် ပို၍ဖြစ်နိုင်ချေရှိ၍ အိမ်မှာ အိမ်စောင့်ရင်းကျန်ခဲ့ရန် မှာကြားထားသည့်အတွက် အိမ်၌ပင်

ကျန်ရစ်ခဲ့သည်။

လပြည့်နေ့ည လသာသာတွင် အိမ်တံခါး၌ ရပ်ပြီး ပုလဲပုံစနှင့်တူသော စေတီတော်ကို လှမ်းမျှော်ကြည့်လိုက်သည့်အခါ ဘုရားရှိခိုးသူ၊ ပန်းလှူသူ၊ ရေချမ်းလှူသူ၊ ဆီမီးလှူသူ သံဃာတော်တို့ကလည်း ပရိတ်ပဌာန်းဒေသနာတော်များကို ရွတ်ပွားပူဇော်နေသည်များကို မြင်ယောင်ထင်ယောင်လာသည်။

စိတ်ထဲတွင်လည်း "ဤလူတို့သည် အလွန်ကံကောင်းသူတို့ဖြစ်ပေ၏၊ ပျားသကာကဲ့သို့ ချိုမြိန်ကောင်းမြတ်သော တရားတို့ကို နာကြားခွင့်ရခြင်း၊ ဘုရားရှင်အား ပန်း ရေချမ်း ဆီမီး ဖယောင်းတိုင် စသည်တို့ဖြင့် ပူဇော်ခွင့်ရကြသူတို့သည် အလွန်ကံကောင်းသူတို့ပါတကား၊ အလွန်ဘုန်းကံကြီးသူတို့ပါတကား" ဟု စိတ်ထဲ ကြံတွေးနေစဉ် ထိုမပေါ့မပါး ကိုယ်ဝန်သည် အမျိုးသမီးလေး၏ ခန္ဓာကိုယ်သည် လက်အုပ်ချီလျက်နှင့် ကောင်း

---

ပျားသကာကဲ့သို့ ချိုမြိန်ကောင်းမြတ်သော တရားတို့ကို နာကြားခွင့်ရခြင်း၊ ဘုရားရှင်အား ပန်း ရေချမ်း ဆီမီး ဖယောင်းတိုင် စသည်တို့ဖြင့် ပူဇော် ခွင့်ရကြသူတို့သည် အလွန်ကံကောင်းသူတို့ပါတကား။

---

ကင်သို့ ပျံတက်သွားပြီး စေတီရင်ပြင်သို့ ဦးစွာရောက်ရှိသွားပြီး ဘုရားရှင်အား လက်အုပ်ချီလျက် ရှိခိုးပူဇော်နေသည်။ ကိုယ်ဝန်သည် သမီးဖြစ်သူရောက်ရှိလာပြီး အတော်အတန်ကြာမှ မိဘနှစ်ပါးနှင့် ဆွေမျိုးများသည် ဘုရားရင်ပြင်ပေါ်သို့ ရောက်ရှိလာကြသည်။

မိဘတို့သည် ဘုရားရှင်အား ရှိခိုးနေသည့် မိမိတို့၏သမီးလေးနှင့် အဝတ်အစား ပုံပန်းသဏ္ဍာန်အားဖြင့်တူသော ကိုယ်ဝန်ဆောင်သမီးကို နောက်ဘက်မှ ဘေးဘက်မှ ငဲ့ကာစောင်းကာ ကြည့်ကြသည့်အခါ "သမီးလေးနဲ့ တူလိုက်ပါဘိ၊ ဟုတ်များ ဟုတ်နေပြီလားပဲ" ဟု အသေအချာ ကြည့်နေကြသည်။

ကိုယ်ဝန်သည် သမီးဖြစ်သူဟုတ်နေကြောင်း သိလိုက်ရသည့်အခါ မိဘတို့သည် အံ့အားသင့်ကုန်လျက် ဘုရားကိုပင် ရှိမခိုးနိုင်သေးပဲ၊ သမီးကို "သမီး… သမီးက ဘယ်လမ်း ဘယ်ခရီးကလာခဲ့လို့ တို့အရင်ရောက်နေရတာလဲ" ဟု မေးသည်။

သမီးက "သွားရိုးသွားစဉ်လမ်းဖြင့် လာခဲ့တာ မဟုတ်ပါ၊ ကောင်းကင်ခရီးဖြင့် လာခဲ့တာပါ" ဟု ဖြေလိုက်သည်။

"ဩော် သမီး … ကောင်းကင်ခရီးဆိုတာ ဈာန်အဘိညာဉ်ကို ရကြသည့် ရဟန္တာသခင် အရှင်သူမြတ်ကြီးများသာ လှည့်လည်သွားနိုင်တာလေ၊ သင်ချစ်သမီးက ဘယ်လိုပုံဖြင့် ကောင်းကင်ခရီးက လာခဲ့ရတာလဲ" ဟု အံ့ဩလွန်းသည့်အတွက် မေးနေရခြင်းဖြစ်သည်။

သမီးက "မေမေတို့ ဖေဖေတို့ … မေမေတို့ ဖေဖေတို့ ဘုရားဖူးထွက်သွားတော့ ကောင်းကင်က လရောင်ဖြင့် ထုံးဖွေးဖွေး စေတီတော်ကို

သမီး လှမ်းမြင်နေရပါတယ်။ အဲဒီလို မြင်ပြီး ဘုရားဂုဏ်တော်ကို အာရုံပြုနေစဉ်မှာပဲ သမီးခန္ဓာကိုယ်က ပေါ့ခနဲဖြစ်သွားပြီး လက်အုပ်ချီလျက်နဲ့ ကောင်းကင်ခရီးဖြင့် ဒီနေရာလေး ရောက်ရှိလာတာပဲ''ဟု ပြောလိုက်သည်။

ထိုသို့ ကိုယ်ဝန်ဆောင် အမျိုးသမီးလေး ကောင်းကင်သို့ ပျံတက်သွားခြင်းကား ဘုရားရှင်လျှင် အာရုံရှိသော ဥဗ္ဗေဂါပီတိအစွမ်းဖြင့် ရောက်ရှိသွားခြင်းဖြစ်သည်ဟု ကျမ်းစာဋ္ဌဆိုထား၏။

ယခုကာလ ကားရထားကျပ်တည်းနေလျှင် ယခုကိုယ်ဝန်ဆောင်အမျိုးသမီးကဲ့သို့ ဗုဒ္ဓဂုဏ်ကို အဖန်ဖန်ထုံလျက် ဥဗ္ဗေဂါပီတိရအောင်ပွားများပြီး သွားနိုင်မည်ဆိုပါက ကားကျပ်စရာ၊ ရထားကျပ်စရာ၊ ငွေကုန်စရာ မလိုတော့ဘဲ လိုရာခရီးကို ရောက်ရှိနိုင်ပါလိမ့်မည်။

ထိုဝတ္ထုဂါလာကရွာသူ ကိုယ်ဝန်ဆောင်အမျိုးသမီး၏ ဖြစ်စဉ်သည် ဘုရားရှင် ပရိနိဗ္ဗာန်ပြုပြီး နှစ်ပေါင်း (၅၀၀)ကျော်မှ ဖြစ်ပေါ်ခဲ့သည့် ဝတ္ထုဖြစ်သည်။ ထိုအမျိုးသမီးလေးသည် သက်တော်ထင်ရှား ဘုရားရှင်အား ဖူးမြော်ရခြင်း မဟုတ်ပါပေ။

သို့သော်လည်း သဒ္ဓါ ပညာ စေတနာတူညီနေသည့်အတွက် သက်တော်ထင်ရှားဘုရားကို ဖူးမြော်ရသလို အကျိုးပေး တူမျှမှုရှိကြောင်းကို ဘုရားရှင်ဟောကြားတော်မူခဲ့ခြင်းဖြစ်ပါသည်။ (ဤဝတ္ထု ဥဗ္ဗေဂါပီတိအဖွင့် နီ၊ ၄၊ ၁၅၉။)

❂ ❂ ❂

# ထူးခြားဆန်းပြား ဝတ္ထုများ(၅)

## တစ်သက် လေးဘဝ

(မြန်မာနိုင်ငံသားတိုင်း ဖတ်ကြည့်ရန်)

ထူးဆန်းသော ဝတ္ထုများတင်ပြလာခဲ့သည်မှာ အရှိန်ရလာပြီဖြစ်သည်။ ယခုတင်ပြလိုသောထူးဆန်းသော ဝတ္ထုသည် ယခုတလော လူမှုကွန်ယက်တွင် မိတ္တီလာ၌ ဖြစ်ပေါ်နေသော အဖြစ်အပျက်နှင့် အနည်းငယ်သက်ဆိုင်မည်ဖြစ်သည်။

ယခုအခါ လူတို့သည် သီလ သမာဓိ ပညာကြီးမြတ်တော်မူကြကုန်သော သူတော်ကောင်းကြီးများ၊ မိဘများ၊ ဆရာများ၊ သံဃာတော်များကို ပြစ်မှားရဲလာကြသည်။ ကြာလာလျှင် ယခုထက်ပိုဆိုးလာမည်ကို ပညာရှင်များ ပို၍ပင် တွက်ဆနိုင်ပါလိမ့်မည်။

ကျောင်းသင်ခန်းစာများ၌လည်းကောင်း၊ ကျောင်းဆရာဆရာမများ၊ မိဘများ၏ ရင်တွင်းအသိ၌လည်းကောင်း လူမှုရေးရာ ယဉ်ကျေးမှုများ မကွယ်ပျောက်အောင်ရှေးရှုကြဖို့လိုအပ်ပါသည်။ အထူးသဖြင့် နိုင်ငံတော်အကြီးအကဲများ၏ နှလုံးသား၌ ပျောက်ကွယ်မသွားဖို့ရန် အရေးကြီးသည်ဟု ယူဆမိပါသည်။

ယခုခေတ် အွန်လိုင်းမီဒီယာအခြေအနေကြောင့် အနည်းငယ်မျှသော ပြဿနာသည်လည်း လွန်စွာကြီးထွားသွားနိုင်သည်ကို သတိပြုသင့်သည်။ လူတို့သည် ကိုယ့်လိုရာသို့လိုက်၍ အသုံးပြုသွားတတ်ကြသည်။ သို့ဖြစ်၍ လည်း သတိပြုသင့်သည်။ အွန်လိုင်းမီဒီယာတို့ကြောင့် အကောင်းဘက်၌ တိုးတက်အောင် စဉ်းစားဆင်ခြင်ပြီး ခရီးဆက်ကြဖို့ အရေးကြီးသည်။

နိုင်ငံတော်ကို တည်ဆောက်သောအခါ စီးပွားရေး၊ ပညာရေး တိုးတက်ဖို့ချည်း ဦးတည်နေခြင်းမျိုးမဟုတ်ဘဲ၊ ကောင်းနေဆဲ ယဉ်ကျေးမှုများ၊ သစ်နေဆဲစာပေများ ဆက်လက်ထိန်းသိမ်းနိုင်ရန် အစီအစဉ်များလည်း ချမှတ်ဖို့ လိုအပ်သည်။ ရင်သွေးငယ်များ နှလုံးသား၌ မိဘမှန်း၊ ဆရာမှန်း၊ လူကြီးလူကြီးမှန်း၊ သူတော်ကောင်းမှန်းမသိသော တိုးတက်ခြင်းသည် တန်ဖိုးရှိသော တိုးတက်ခြင်း၊ စစ်မှန်သောတိုးတက်ခြင်းမျိုးမဟုတ်ဟု မှတ်ယူသင့်သည်။

ပညာတတ်ဟု သတ်မှတ်ကာ ဒေါက်တာ (၁၀)ဘွဲ့ပဲရရ၊ စီးပွားရေး ကောင်း၍ တိုက်ကြီးတွေအထပ်ထပ်၊ နတ်ပြည်၊ ဗြဟ္မာပြည်အထိပဲ ရောက်ရောက် အထက်ဖော်ပြပါအတိုင်း လူ့ယဉ်ကျေးမှုမရှိခဲ့လျှင် မြန်မာ့ လူ့ယဉ်ကျေးအရ ရုပ်ဝတ္ထုများတိုးတက်သော်လည်း စိတ်အရည်အသွေး အောက်သို့ ရောက်လွန်းနေလျှင် တိုးတက်သည်ဟု မဆိုနိုင်ပေ။ စီးပွားရေး၊ ပညာရေးနှင့် မြန်မာ့ယဉ်ကျေးမှုများ တစ်ပြေးညီ တိုးတက်ဖို့လိုသည်။

မြန်မာ့ယဉ်ကျေးမှုများကွယ်ပျောက်လျှင် မြန်မာနိုင်ငံလည်း ကွယ်ပျောက်သွားမည်ကို သတိပြုသင့်သည်။ မြန်မာနိုင်ငံတော်၏ ရှေ့ဆက်သွားမည့်အခြေအနေကို လှမ်းမျှော်ကြည့်လိုက်သည့်အခါ သူ့ငဲ့ရ ကိုယ်ငဲ့ရနှင့်

ယဉ်ကျေးမှုများ တစ်စတစ်စ ပျောက်ကွယ်လာမည့်အရေးပေါင်း များစွာကို စိုးရိမ်စရာအဖြစ် များစွာတွေ့မြင်ရသည်။ အနာဂတ်မြန်မာနိုင်ငံတော်ကို လှမ်းမျှော်ကြည့်ပြီး သတိကြီးစွာထားဖို့ လိုအပ်လာပြီဖြစ်သည်။ နိုင်ငံကို ပြုပြင်ပြောင်းလဲဖို့ဟူသည် အမှန်တကယ် အကောင်းဘက်သို့ ဦးတည် ပြောင်းလဲဖို့လိုအပ်ကြောင်း သတိပြုသင့်သည်။

## ပြစ်မှားရဲလွန်းသည့် ဆိုးကျိုး

မြန်မာနိုင်ငံသည် ယဉ်ကျေးမှု အဆောက်အဦး ခိုင်မာသည့် နိုင်ငံ တော်ဖြစ်နေဆဲပင် ရှိနေပါလျက် ယခုအခါ၌ ပြစ်မှားရဲလာကြသည်။ သို့ဖြစ်၍ ရတနာသုံးပါးတို့အား ပြစ်မှားခြင်းကြောင့် ချက်ချင်းဆိုးကျိုး ပေးခြင်းကို မရှုမလှ ခံရသောဝတ္ထုကို တင်ပြချင်ပါသည်။

ဤဝတ္ထုသည် သောရေယျမြို့မှ စတင်ပြီး သာဝတ္ထိမြို့၌ အဆုံး သတ်သည်ဟု စာ၏နိဒါန်း၌ဆိုထားသည်။ သောရေယျမြို့၌ သောရေယျ သူဌေးသားသည် သူငယ်ချင်းတစ်ယောက်နှင့်အတူ ချမ်းသာစွာစီးရသော ယာဉ်၌စီးလျက် အခြားသော အခြံအရံအပေါင်းအဖော်များနှင့် ပျော်ပျော် ပါးပါး ရေချိုးသွားရန် အိမ်မှထွက်လာခဲ့သည်။

ထိုစဉ် အလွန်ရုပ်အဆင်းသပ္ပာယ်သော ရှင်မဟာကစ္စည်းမထေရ်မြတ် သည် သောရေယျမြို့တွင်း၌ ဆွမ်းခံကြွလာသည်။ ဒုကုဋ်သင်္ကန်းကြီးကို ရုံလျက် အလွန်ကြည်ညိုဖွယ်ရာကောင်းသည့် မထေရ်မြတ်ကို သောရေယျ သူဌေးသားသည် သဒ္ဓါစိတ်ဖြင့် မကြည့်ဘဲ တဏှာစိတ်ဖြင့် ကြည့်လိုက် သည်။ စိတ်ထဲ၌လည်း "ဤမထေရ်မြတ်ဟာ ငါ၏အိမ်ရှင်မ ဖြစ်ရင်

ကောင်းလေစွ၊ ငါ့ဇနီးသည်လည်း ဒီမထေရ်မြတ်လို ချောမောလှပရင် ကောင်းလေစွတကား''ဟု စိတ်က ပြစ်မှားလိုက်သည်။

## ယောကျ်ားစင်စစ်မှ မိန်းမဖြစ်

ထိုသို့ စိတ်ထဲက ပြစ်မှားလိုက်သည်နှင့်တပြိုင်နက် ယောကျ်ား စင်စစ်မှ မိန်းမဖြစ်သွားသည်။ ယောကျ်ားမှ မိန်းမဖြစ်သွားသော သောရေယျသည် ချက်ချင်း မျက်နှာအမူအရာ ဟန်ပန်များပါ ပျက်သွား သည်။ အမျိုးသားအသွင်အပြင်ပုံစံမှ အမျိုးသမီးပုံစံသို့ ချက်ချင်းပြောင်း သွားသည့် ခန္ဓာကိုယ်ကို ကြည့်လိုက်သည့်အခါ ရှက်စိတ်တို့သည် ငယ်ထိပ်သို့ရောက်သွားသည်။ ပြစ်မှားခံရသူက သီလစသည့် ဂုဏ်ကြီးမား သလောက် အပြစ်ကကြီးမားပါ၏။

အမျိုးသမီးဘ၀သို့ပြောင်းလဲသွားသော သူဌေးသား သောရေယျသည် သားနှစ်ယောက်ကိုပင် သတိမရတော့ဘဲ ရှက်စိတ်တို့လွှမ်းမိုးသွား၍ စီးနေဆဲယာဉ်မှ ဆင်းသက်လျက် ခြေဦးတည့်ရာ ထွက်ပြေးသွားခဲ့သည်။ သူငယ်ချင်းများ၊ မိဘများ၊ ဆွေမျိုးများသည် သောရေယျ လှုပျောက်ရှာ သော်လည်း မတွေ့ဘဲရှိနေကြသည်။ မိဘများသည် ငိုကြွေးမြည်တမ်းပြီး ရှာမတွေ့တော့သည်ဖြစ်၍ ရက်လည် ဆွမ်းကျွေးပွဲပင်ပြုလုပ်လိုက်သည်။

ထိုသို့ထွက်ပြေးသွားခဲ့သော သူဌေးသားတစ်ဖြစ်လဲ သောရေယျ သတိုးသမီးသည် တက္ကသိုလ်ပြည်သို့ သွားနေသော လှည်းကုန်သည်များ နောက်သို့ တကောက်ကောက် လိုက်သွားသည်။

သောရေယျကို လှည်းကုန်သည်များက ''မိန်းကလေး ... မင်းက

ဘယ်သူ ဘယ်ဝါရဲ့ သမီးလဲ၊ ဘယ်သူရဲ့ ဇနီးလဲ၊ ငါတို့က မင်းကို မသိကြပါ၊ လှည်းပေါ်တက်စီးပါ''ဟု ဖိတ်ခေါ်သော်လည်း မိမိခြေဖြင့်ပင် လိုက်ခဲ့ပါမည်ဟုပြောကာ လိုက်လာခဲ့သည်။ ကြာလာတော့ ခန္ဓာကိုယ်က လည်း အမျိုးသမီးအသွင်ပြောင်းလဲသွားသည့်အတွက် ပိုပြီးမခံနိုင်ဖြစ်လာ ပြီး ခြေထောက်များ ပေါက်ပြဲကာ သွေးများပင်ယိုစီးလာသည်။

သို့ဖြင့် လက်စွပ်ကိုပေးပြီး လှည်းတစ်စီးပေါ် တက်စီးလိုက်ပါလာ သည်။ တက္ကသိုလ်ပြည်ကလူတို့သည် ချောမောလှပလွန်းသည့် သောရေယျ သတို့သမီးကို ကြည့်ကာ **''ငါတို့၏ သူဌေးသားမှာ ဇနီးမရှိသည်ဖြစ်၍ သူဌေးသားအတွက် ပြောကြားသည်ရှိသော် ငါတို့အတွက် လက်ဆောင် များစွာရလိမ့်မည်''**ဟု ကြံစည်နေကြသည်။

## အမျိုးသမီးဘဝနှင့် သားနှစ်ယောက်ဖွားမြင်

ထိုသူဌေးသားထံခေါ်ဆောင်သွားသောအခါ သောရေယျအမျိုးသမီး သည် ရုပ်အဆင်းအလွန်လှပသည်ဖြစ်၍ သူဌေးကလည်း မြင်လျှင်မြင်ချင်း ချစ်ခြင်းမေတ္တာများရှိလာသည့်အတွက် မင်္ဂလာလက်ထပ်ပွဲ ပြုလိုက်ကြ သည်။

လူမှန်သမျှတို့သည် ယောကျ်ားလည်းဖြစ်ဖူးကြသည်၊ မိန်းမလည်း ဖြစ်ဖူးကြသည်။ သူများအိမ်ထောင်ကို လွန်ကျူးဖျက်ဆီးမိလျှင် ငရဲ၌ နှစ်ပေါင်းများစွာဖြစ်ရတတ်သည်။ ရှင်အာနန္ဒာလောင်းလျာသည်ပင် ထိုသို့ လွန်ကျူးဖူး၍ ငရဲ၌ ဖြစ်ခဲ့ရဖူးသည်။ ထိုကျူးလွန်သူများသည် ငရဲမှလွတ် လာသောအခါ ယောကျ်ားလိုလိုမိန်းမလိုလို ဟိုမကျသည်မကျ ဖြစ်နေ

တတ်သည်။

အမျိုးသမီးများ နောင်ဘဝများ၌ အမျိုးသားဖြစ်လိုလျှင် ကောင်းမှုပြု၊ ခင်ပွန်းကိုလည်း ကောင်းစွာပြုစုလုပ်ကျွေးပြီး ဆုတောင်းလျှင် အမျိုးသားဖြစ်နိုင်ကြောင်း ဤ၀တ္ထု၌ဆိုထားသည်။

သောရေယျအမျိုးသမီးသည် တက္ကသိုလ်ပြည် သူဌေးသားနှင့် အိမ်ထောင်ကျပြီး နှစ်အနည်းငယ်အတွင်းမှာပင် သားနှစ်ယောက် ဖွားမြင်ခဲ့သည်။ ယခုအခါ အမျိုးသားဘဝဖြင့် သားနှစ်ယောက်၊ အမျိုးသမီးဘဝနှင့် သားက နှစ်ယောက်မွေးဖွားထားသည်။ ထူးဆန်းလိုက်သည့်ဖြစ်ခြင်း။

သောရေယျအမျိုးသမီးသည် တက္ကသိုလ်ပြည်နေအိမ်ရှိ လေသာပြတင်းမှ အပြင်သို့ လှမ်းမျှော်ကြည့်လိုက်သောအခါ ဇာတိ သောရေယျမြို့မှ သူငယ်ချင်းကို မြင်တွေ့လိုက်ရသည်နှင့် သွားရောက်ခေါ်စေသည်။ သူငယ်ချင်းသည် အမျိုးသားဟူသော အမှတ်သာရှိနေသည့်အတွက်

---

အမျိုးသမီးများ နောင်ဘဝများ၌ အမျိုးသားဖြစ်လိုလျှင် ကောင်းမှုပြု၊ ခင်ပွန်းကိုလည်း ကောင်းစွာပြုစုလုပ်ကျွေးပြီး ဆုတောင်းလျှင် အမျိုးသား ဖြစ်နိုင်ကြောင်း ဤ၀တ္ထု၌ ဆိုထားသည်။

---

အစတွင် မမှတ်မိဘဲဖြစ်နေသည်။ ဖြစ်ကြောင်းကုန်စင်ပြောပြသော အခါမှ သိသွားသည်။ ထို့ပြင် မိဘများနေထိုင် ကောင်းပါရဲ့လားဟုမေးသည်။ နေကောင်းကျန်းမာကြောင်းကို ပြန်ဖြေသည်။

သူငယ်ချင်းက ရှင်မဟာကစ္စည်းမထေရ်မြတ်ကို တောင်းပန်ပြီးပြီလား ဟုမေးသောအခါ မတောင်းပန်ရသေးကြောင်း ပြောပြပါသည်။ မထေရ် မြတ်သည် ဤတက္ကသိုလ်ပြည်၌ပင်ရှိကြောင်းပြောပြပြီး ပြန်လည် တောင်းပန်ရန် သူငယ်ချင်းသည် စီစဉ်တော့သည်။

ဤသို့ဖြင့် မထေရ်မြတ်သည် နောက်တစ်နေ့၌ သောရေယျအမျိုးသမီး ၏ အိမ်သို့ကြွရောက်တော်လာသည့်အခါ "အရှင်မြတ်ဘုရား… တပည့် တော်မသည် အရှင်ဘုရားကို ဤသို့ဤပုံ စိတ်မျိုးစုံဖြင့် ပြစ်မှားလိုက်သည် နှင့် တပြိုင်နက် အမျိုးသားအသွင်ကွယ်ပျောက်ပြီး၊ အမျိုးသမီးဘဝ ချက်ချင်း ရောက်ရှိသွားခဲ့ပါသည်ဘုရား၊ အရှင်ဘုရားတို့သည် တပည့် တော်၏ အပြစ်ကို သည်းခံတော်မူပါဘုရား"ဟု လျှောက်လိုက်ပြီး မထေရ်မြတ်က "အဟံ ခမာမိ-ငါသည်းခံ၏"ဟု မိန့်တော်မူလိုက်သည် နှင့် အမျိုးသားအသွင် တစ်ခဏချင်း ပြောင်းလဲသွားပြန်သည်။ ဤသို့ တစ်သက်တည်း (၃)ဘဝ ဖြစ်နေရသည်။ မထေရ်မြတ်အား ဆွမ်းစသော လှူဒါန်းဖွယ်ရာအမျိုးမျိုးကို ဆက်ကပ်လှူဒါန်းသည်။

ဤအဖြစ်အပျက်တို့ကို ဘေးနားကအတူနားထောင်လျက်ရှိနေသော ခင်ပွန်းဖြစ်သူ တက္ကသိုလ်ပြည်သား သူဌေးသားသည်လည်း အံ့ဩတုန်လှုပ် လျက်ရှိသည်။ ခင်ပွန်းဖြစ်သူက မွေးဖွားထားသော သားနှစ်ယောက်နှင့်အတူ ဤအိမ်၌သာလျှင် နေရန်ကိုလည်း ပြောကြားနေသည်။ သောရေယျ

ကလည်း အမျိုးသားဘဝကလည်း သားနှစ်ယောက် ရရှိထားကြောင်းကို ပြောပြနေသည်။

ဤသို့ဖြင့် သောရေယျသည် အကုသိုလ်၏အပြစ်ကိုလည်းကောင်း၊ ဘဝသံသရာ၏အပြစ်ကိုလည်းကောင်း ကောင်းစွာထင်ထင် သိမြင်ရသည် ဖြစ်၍ ရင်ခွင်ထဲ၌ ရောက်နေသော သားကလေးနှစ်ယောက်ကို အဖန်ဖန် အနမ်းများပေးပြီး အိပ်စေသည်။ ထိုနောက်ခင်ပွန်းသည်ကို သားများကို အပ်နှင်းလျက် ရှင်မဟာကစ္စည်းမထေရ်မြတ်ထံ သွားရောက် ရဟန်းပြု သည်။

သောရေယျသည် ရဟန်းပြုလိုက်သောအခါ တစ်သက်တာတွင် ယောကျာ်းနှစ်ဘဝ၊ မိန်းမတစ်ဘဝ၊ ရဟန်းတစ်ဘဝ အားဖြင့် တစ်သက် လေးဘဝဖြစ်သွားသည်။

မထေရ်မြတ်သည် သောရေယျရဟန်းတော်အား တရားအလုပ်ကို အားထုတ်စေသည်။ ဒေသစာရီကြွသောအခါ ခေါ်ဆောင်သွားသည်။ ရောက်ရာအရပ်ကလူတို့သည် အလွန်ထူးဆန်းအံ့ဩလွန်းသည့်အတွက် မေးကြသည်။ မည်သည့်သားကို ပိုချစ်သနည်းဟုမေးသဖြင့် ရင်မှမွေးဖွား သော သားများကို ပိုချစ်သည်ဟု အစောပိုင်းကာလများတွင် ဖြေသည်။ ရဟန္တာဖြစ်သည်မှစ၍ 'မည်သူ့ကိုမှ တဏှာအစေးဖြင့် မချစ်တော့'ဟု မိန့်ကြားတော်မူပါသည်။

❖ ❖ ❖

# ထူးခြားဆန်းပြား ဝတ္ထုများ(၆)

## ဆရာပုန်ကာန် ငရဲစံ

(တက္ကသိုလ်ကျောင်းသား ပြဿနာနှင့် ဇာတ်တော်ဝတ္ထု)

ယခုတင်ပြမည့်အကြောင်းအရာကို မတင်ပြမီ ကဗျာတစ်ပုဒ်ကို ကြိုတင်ခံစားကြည့်စေချင်သည်။

**"ဆရာ့ကျေးဇူး၊ အထူးထူးကို၊**
**တူးတူးငေါ်ငေါ်၊ မလျှော်ဘဲ၊**
**ထော်လော်ကန့်လန့်၊ စိတ်ညှံ့ညှံ့ဖြင့်၊**
**မခန့်မလေး၊ ရယ်သွမ်းသွေးလျှင်၊**
**သင်ဘေးဒုက္ခ၊ ကောန်ရလိမ့်။**
**ဘဝထိုထို၊ ရတိုင်းကိုယ်၌၊**
**လူဆိုသည်ကား၊ လူ့တရားနှင့်၊**
**လူသားအသိ၊ မှန်စွာရှိမှ၊ လူပီသလိမ့်"**

ဟု ရေးသားထားကြသည်။

ယခုထူးဆန်းသော ဇာတ်တော်လာဝတ္ထုကို တင်ပြချင်သည်က ၂၀၂၀-ပြည့်နှစ် မတ်လ တတိယပတ်က ကိုရိုနာကိုဗစ်ရောဂါကြောင့် တက္ကသိုလ်များကျောင်းပိတ်ရန် စီစဉ်သည့်အခါ ရန်ကုန်တက္ကသိုလ်၌ ကျောင်းသားနှင့်ဆရာတို့အကြား ပြဿနာဖြစ်သည်ကို လူမှုကွန်ယက်တွင် တွေ့မြင်ရသည်။

ကျောင်းသားများက မိမိတို့၏ကျေးဇူးရှင် ဆရာကို မျက်နှာချင်းဆိုင် ကက်ကက်လန် ရန်တွေ့ကြ၊ ပြင်းထန်စွာ ငြင်းခုံကြ၊ ရိုင်းပြစွာ အရေးဆို နေကြသည်ကိုလည်း တွေ့ရှိရ၍ စိတ်မကောင်းဖြစ်နေကြရသည်။ ကျေးဇူးရှင် ဆရာများကိုပင် နှုတ်လှန်ပြန်ထိုးနေကြ၍ **'ဤမျှအထိ ရိုင်းပြ နေကြပြီလား'** ဟု ရင်ဘတ်ကိုယ်စီ၌ ခံစားနေကြရသည်။

ထိုအချိန်ထိုရက်(၁၈.၃.၂၀၂၀)နေ့က တောင်ငူတက္ကသိုလ်မှ ကထိက ဖြစ်သူ U zaw zaw Aung က အောက်ပါအတိုင်း သူ၏ရင်ကွဲနာကို လိုင်းပေါ်၌တင်လိုက်ပုံက - -

[ "မောင်တို့အား ကြောက်လှ၏။ ကိုရိုနာမဝင်မီကပင် ပြည်ကား ပျက်နှင့်၏။ တိုင်းပြည်ကား အနာဂတ်မဲ့ပြီ။ အနာဂတ်တိုင်းပြည်ကို ခေါင်းဆောင်မည့် လူငယ်များက အတွေးအခေါ်ဆင်းရဲလှ၏။ တိုင်းပြည် ဆင်းရဲပါစေ၊ လူငယ်တွေသာ တကယ်ကြိုးစားရင် ပြန်ထူထောင်နိုင်သည့် သာဓက များစွာရှိသည်။ အခုတော့ လူငယ်တွေက အပျော်အပျက်သာ များ၏။

လတ်တလော ကမ္ဘာ့ကပ်ရောဂါ ကိုရိုနာဗိုင်းရပ်စ်ကူးမှာ စိုး၍ စာမေးပွဲရွှေ့ဆိုင်းလိုက်သော လူငယ်တစ်စုက ပါမောက္ခချုပ်နှင့် တွေ့ဆုံ

အရေးဆိုကြရာတွင် ပြောဟန်ဆိုပေါက်များကို နည်းနည်းမှ မကြိုက်ပေ။ ရှိင်းလှသည်၊ အသိမဲ့၊ အလိမ္မာမဲ့၊ အဆင်ခြင်မဲ့လွန်း၏။ ကိုယ့်တက္ကသိုလ်ပါမောက္ခချုပ်ကို ပြောဆိုဆက်ဆံရာတွင် မိကောင်းဖကောင်း သားသမီးမဆန်ပေ။ **(ဤစကားသည်မှန်လှ၏၊ မိဖများ ဆင်ခြင်ဖို့ကောင်း၏၊ မိဖများ၏အဆင့်အတန်းကိုပါ ပြည့္စုန်နေ၏။)**

ဝန်ကြီး ဖုန်းနံပါတ် မပေါ်ဟု ပြောသောအခါ ဝေး ဝါး နှင့် ပြောင်လှောင်ကြသည်။ ရှေ့ဆက်ဒုက္ခပေးမည့် ကျောင်းသားများဖြစ်ကြောင်း ရိပ်စားမိရုံမျှမက သေချာပေါက်ပင် ပြောနိုင်ပြီ။ ပညာသင်ရာတွင် စာကိုသင်သည်မျှမဟုတ်။ စိတ်ကိုပါ သင်ရရိုးဖြစ်ရာ ဤကျောင်းသားတို့၏ နှလုံးသားဝယ် ယဉ်ကျေးလိမ္မာဖွယ် အသိတို့ ဘာမျှအခံမရှိကြောင်း ပေါ်နေပေ၏။ စိတ်များတွင် ဆူးပေါက်နေ၏။ **(ဤအချက်များကလည်း မည်မျှနိမ့်ကျကြောင်းကို ဖော်ပြနေ၏။)**

---

ပညာသင်ရာတွင် စာကို သင်သည်မျှမဟုတ်။ စိတ်ကိုပါ သင်ရရိုးဖြစ်ရာ ဤကျောင်းသားတို့၏ နှလုံးသားဝယ် ယဉ်ကျေးလိမ္မာဖွယ် အသိတို့ ဘာမျှအခံမရှိကြောင်း ပေါ်နေပေ၏။

---

ကိုရီးယားအန္တရာယ်ကား အမှန်ကြီးပါ၏။ သို့သော် ကိုရီးယားကူးစက်အန္တရာယ်ထက် မောင်တို့မယ်တို့ စိတ်နှလုံးဝယ် ဆင်ခြင်တုံတရားကင်းမဲ့စွာ အရေးဆိုပုံဆိုနည်းများကား ငါတို့တိုင်းပြည် အနာဂတ်မဲ့နေကြောင်း အထင်အရှား ပြနေပေ၏။

လူငယ်တွေမှ အရည်အချင်းကင်းမဲ့လျှင် တိုင်းပြည်အနာဂတ်ကား ကိုရီးယားကူးသည်ထက် ဆိုးပေလိမ့်မည်။ ကျောင်းဆရာအလုပ်ကို သည်းသည်းခံလုပ်ခဲ့၏။ ဤအပြုအမူကို တွေ့ရသောအခါ ကျောင်းဆရာတစ်ယောက်အနေဖြင့် ဆရာအိုကို စာနာမိ၏။

ဒီသာပါမောက္ခဆရာကိုပင် ပခုံးချင်းယှဉ်၍ စကားနိုင်လုကာ ငါ့စကား နွားရ ပြောသောမောင်တို့ကား ငါကဲ့သို့သော ဆရာပေါက်စနကို မည်သို့ ပြောကြမည်မသိပေ။ မောင်တို့အား ငါကြောက်လှ၏။ တိုင်းပြည်အနာဂတ်ဟု ငါမျှော်လင့်၏။

ငါဆင်းရဲ၍ မွဲပါစေ၊ ငါ့တပည့်တို့ ထွန်းပြောင်သည်ကို မြင်လို၏။ ယခုမူကား တက္ကသိုလ်ကျောင်းသားတို့အား ကိုင်တွယ်သော ကိုရီးယားဗိုင်းရပ်စ် ကူးစက်မှု မခံရရေး အရေးတော်ပုံတွင် သင်တို့ လိုချင်သမျှ ရကောင်းရနိုင်၏။

သို့သော် .. သို့သော် .. သင်တို့ ကျောင်းသားတစ်သိုက်ကား တိုင်းပြည်အနာဂတ်မဲ့နေကြောင်း အထင်အရှားပြလိုက်ခြင်းဖြင့် ကျောင်းဆရာတို့ကို အမောဆို့စေ၏။

ညောင်ရမ်းခေတ် ဟံသာဝတီရောက် မင်းလက်ထက် ဝန်ကြီးကိုပုတို့ ပြောသည့် စကားအမှတ်ရ၏။ ငါတို့ဝန်ကြီးတစ်စု သေရမည်ထက်

တိုင်းပြည်ပျက်မှာကို ငါတို့သနားခဲ့ကြ၏-တဲ့။

ယခုလည်း တိုင်းပြည်သည် ပြည်သူကျေးမွေးသော ထမင်းစားသူများ၏ အမျိုးမျိုးနှိပ်စက်မှုကြောင့် နလံမထူနိုင်တော့။ ကျောင်းဆရာတို့ကား ဝန်ကြီးကိုပုတို့နှင့် အတူသေလိုက်ချင်၏။ တိုင်းပြည်ကား အနာဂတ်မဲ့လေပြီ။ ကိုရိုနာမဝင်မီကပင် ပြည်ကားပျက်နှင့်၏"] ဟု ရေးသားထားသည်ကို ပြန်လည်ဖော်ပြလိုက်ပါသည်။

## ဝေနသာခ ဇာတ်တော်

(ဇာတက၊ ၌၊ ၃၊ ၁၄၆၊ ဝေနသာခဇာတ်၊ ပဥ္စကနိပါတ်၊ ညောင်ကန်၊တ၊၉)

ဆရာ့စကား နားမထောင်ခဲ့သောသူ၏ ဆိုးကျိုးများအတွက် ဤဝေနသာခဇာတ်တော်ကို ကိုးကား၍တင်ပြချင်ပါသည်။ ဆရာကို ပြစ်မှားသဖြင့် ရအပ်သည့် ဆိုးကျိုးများကို ဤဇာတ်တော်၌ ရင်နင့်စွာ ခံစားရပုံကို တွေ့ရှိရပါလိမ့်မည်။

ဘုရားရှင်သည် ဤဝေနသာခဇာတ်တော်ကို ဘဂ္ဂတိုင်း၊ သံသုမာရဂိရိမြို့ကို အမှီပြု၍ ဘေသကဠာတော၌ သီတင်းသုံးတော်မူစဉ် ခက်ထန်ကြမ်းတမ်းသော ဗောဓိမင်းသားကို အကြောင်းပြု၍ ဟောကြားတော်မူခဲ့ခြင်းဖြစ်သည်။

ကောသမ္ဗီပြည် ဥတေနမင်းကြီး၏ သားတော်ဖြစ်သော ဗောဓိမင်းသားသည် လက်သမားဆရာကိုခေါ်၍ ထူးခြားဆန်းပြားသော ကောကနဒနန်းပြာသာဒ်ကို ဆောက်စေသည်။ ဆောက်လုပ်ပြီးသောအခါ "ဤ

လက်သမားသည် တစ်ပါးသော မင်းတို့အားလည်း ဤသို့ ထူးခြား ဆန်းပြားသော နန်းပြာသာဒ်ကို ဆောက်လိမ့်မည်''ဟု မနာလိုမှု ဝန်တိုစုဖြင့် လက်သမား၏ မျက်စိကို ထုတ်လိုက်သည်။

ထိုအကြောင်းကို သံဃာတော်များ စုပေါင်းပြောကြားသည်ကို ဘုရားက ''ရဟန်းတို့ … ဤဇောဓိမင်းသားသည် ယခုမှသာလျှင် ကြမ်းကြုတ်သည်၊ နိုင်ထက်ကလူပြုမှုတတ်သည် မဟုတ်သေး။ ရှေးအခါ ကလည်း မင်းပေါင်းတစ်ထောင်တို့၏ မျက်လုံးတို့ကို ထုတ်စေခဲ့သည်'' ဟု အတိတ်ကို ဆောင်၍ဟောကြားတော်မူသည်။

ဤဗောဓိမင်းသားသည် ရှေးအခါက ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း ၏ သားတော်ဖြစ်ခဲ့သည်။ ထိုစဉ်က ဘုရားလောင်းသည် တက္ကသိုလ်ပြည်၌ ဒိသာပါမောက္ခဆရာဖြစ်၏။

လောက၌ လူများရှိနေသရွေ့ ဆရာမိဘများလည်းရှိနေမည်သာ ဖြစ်သည်။ ဘုရားနှင့်ပစ္စေကဗုဒ္ဓါမှလွဲ၍ ဆရာနှင့်ကင်းသူဟု ဤကမ္ဘာ လောက၌ မရှိအပ်ပါပေ။ နောင်ကမ္ဘာများမှာလည်း မရှိနိုင်ပါပေ။ အတတ် ပညာ အသိပညာတို့ဟူသည် ဆရာက သင်ပြသမှ သိအပ်သောကြောင့်၊ တတ်အပ်သောကြောင့်ဖြစ်သည်။

တက္ကသိုလ်ပြည် ဒိသာပါမောက္ခဖြစ်သူ ဘုရားလောင်းထံ ဇမ္ဗူဒိပ် တစ်ကျွန်းလုံးရှိ မင်းသားများ၊ သူဌေးသူကြွယ်များ၏သားတို့သည် ပညာသင်ယူနေကြသည်။ ဆရာကြီးသည် ရုပ်ကိုဖတ်တတ်သော အင်္ဂဝိဇ္ဇာ အတတ်ဖြင့် တပည့်ဖြစ်သူများ၏ အနာဂတ်ကို ကြိုမြင်နေသည်။

ဒိသာပါမောက္ခဆရာကြီးသည် စူးစမ်းလေ့လာသော အသိပညာနှင့်

ဘဝအတွေ့အကြုံတို့အရ မည်သည့်ရုပ်ရှိလျှင် ထိုသူသည် မည်သည့်စိတ်ဓာတ်မျိုးရှိနိုင်သည်ကို ယေဘုယျအားဖြင့် သိရှိထားသည်။

နှစ်အတန်ကြာ ပညာများသင်ကြားထားသောအခါ တပည့်တစ်ဦးချင်းစီ၏ ထူးခြားချက်ကို ပို၍ပင်သိနေတတ်သည်။ အထူးသဖြင့် သာမန်တပည့်များကို သတိမပြုမိကြသော်လည်း ထူးချွန်သောတပည့်၊ ဆိုးလွန်းသောတပည့်တို့ဆိုလျှင် ပို၍မှတ်မိတတ်ကြသည်။

လူတို့၏ မျက်နှာသွင်ပြင် အသံသွင်ပြင် ခန္ဓာကိုယ်အချိုးအစားစသည့်အချက်တို့တွင် ထိုသူ၏ မူလဗီဇပေါ်ရှိနေတတ်သည်။ သို့သော်လည်း ဒေါသကြီးမည့်လက္ခဏာရှိသော်လည်း ထိုသူသည် အသိသတိတို့ဖြင့် စိတ်ကိုထိန်းချုပ်နိုင်ခဲ့လျှင် ထိုသူ့ကို ဒေါသကြီးသူဟု မထင်ရတော့ပေ။

ရုပ်အမှတ်အသား လက္ခဏာပညာရှင်တို့က မည့်သည့်မျက်နှာရုပ်ပုံစံသည် ယုန်မျက်နှာရှင်၊ နွားမျက်နှာရှင်၊ လင်းယုန်မျက်နှာရှင်စသည်ဖြင့် ခွဲခြားပြီး ထိုသူတို့၏ မူလစိတ်အခြေအနေကို ဖတ်တတ်ကြသည်။

သို့ဖြင့် ဗာရာဏသီမင်းသား၏ ကြမ်းတမ်းခြင်းလက္ခဏာကို ဒိသာပါမောက္ခဆရာကြီး တွေ့မြင်နေရသည့်အတွက် "အမောင် ..၊ သင်သည်ကြမ်းကြုတ်ရန့်ရင်း၏၊ နိုင်ထက်ကလူ ပြုတတ်၏၊ ကြမ်းကြုတ်သဖြင့်ရအပ်သော စည်းစိမ်သည် အရှည်မတည်ပေ။ အစိုးရခြင်းသည် ပျက်စီးတတ်၏။ ထိုကြမ်းကြုတ်သောသူသည် သမုဒ္ဒရာအလယ်၌ လှေဖြင့်သွားသောသူသည် လှေပျက်သောသူကဲ့သို့ တည်ရာကို မရသဖြင့် ဆင်းရဲဒုက္ခနှင့် ကြုံရတတ်၏၊ ထို့ကြောင့် မကြမ်းကြုတ်လင့်"ဟု မှာကြားလိုက်သည်။

ထို့ပြင် ဆရာကြီးက **"ဘေးကင်းခြင်း၊ သာယာဝပြောခြင်း၊ ချမ်းသာခြင်းတို့သည်လည်း အမြဲမရှိ။ ကောင်းကျိုးဆိုးကျိုးကို ကိုယ်ကပြု၏။ ကိုယ်ပြုသည့်အကျိုးကို ကိုယ်တိုင်ပင်ရတတ်၏။ ကိုယ်စိုက်ပျိုးသည့် မျိုးအားလျော်စွာ ကိုယ်ပြန်ရသလို ကောင်းမှုပြုလျှင် ကောင်းကျိုးရမည်။ မကောင်းမှုပြုလျှင် မကောင်းကျိုးရမည်"**ဟု ဆုံးမလိုက်သည်။

**န ယိဒံ နိစ္စံ ဘဝိတဗ္ဗံ ဗြဟ္မဒတ္တ၊**
**ခေမံ သုဘိက္ခံ သုခတာ စ ကာယေ။**
**အတ္ထစ္စယေ မာ အာဟု သမ္မမူဠှော၊**
**ဘိန္နပ္လဝေါ သာဂရသောဝ မဇ္ဈေ။**

ဗြဟ္မဒတ္တ၊ ဗြဟ္မဒတ်မင်းသား။ ခေမံ၊ ဘေးကင်းသည်၏အဖြစ်သည်လည်းကောင်း။ သုဘိက္ခံ၊ ဝပြောသည်လည်းကောင်း။ သုခတာစ၊ ချမ်းသာခြင်း၏ အဖြစ်သည်လည်းကောင်း။ ကာယေ၊ ကိုယ်၌။ ဣဒံ သဗ္ဗံ၊ ဤအလုံးစုံသည်။ နိစ္စံ၊ မြဲသည်။ န ဘဝိတဗ္ဗံ၊ မဖြစ်ရာ။ အတ္ထစ္စယေ၊ အစီးရခြင်း ကင်းသည်ရှိသော်။ သာဂရဿ၊ သမုဒ္ဒရာ၏။ မဇ္ဈေ၊ အလယ်၌။ ဘိန္နပ္လဝေါဝ၊ လှေပျက်သောသူကဲ့သို့။ သမ္မမူဠှော၊ တွေဝေသည်။ မာ အဟု၊ မဖြစ်လင့်။

**ယာနိ ကရောတိ ပုရိသော၊ တာနိ အတ္တနိ ပဿတိ။**
**ကလျာဏကာရီ ကလျာဏံ၊ ပါပကာရီ စ ပါပကံ။**
**ယာဒိသံ ဝပတေ ဗီဇံ၊ တာဒိသံ ဟရတေ ဖလံ။**

ပုရိသော၊ ယောကျာ်းသည်။ ယာနိ၊ အကြင်အမှုတို့ကို။ ကရောတိ၊ ပြု၏။ တေသံ၊ ထိုအမှုတို့၏။ ဖလံ၊ အကျိုးကို။ ဝိန္ဒတေ၊ ရသည်ရှိသော်။ တာနိ၊ ထိုအမှုတို့ကို။ အတ္တနိ၊ မိမိ၌။ ပဿတိ၊ မြင်ရ၏။ ကလျာဏကာရီ၊ ကောင်းမှုကို ပြုလေ့ရှိသောသူသည်။ ကလျာဏံ၊ ကောင်းသည်ကို။ ပဿတိ၊ မြင်ရ၏။ ပါပကာရီစ၊ မကောင်းမှုကို ပြုလေ့ရှိသောသူသည် လည်း။ ပါပကံ၊ မကောင်းမှုကို။ ပဿတိ၊ မြင်ရ၏။ ယာဒိသံ၊ အကြင်သို့ သဘောရှိသော။ ဗီဇံ၊ မျိုးစေ့ကို။ ဝပတေ၊ စိုက်ပျိုး၏။ တာဒိသံ၊ ထိုသို့သဘောရှိသော။ ဖလံ၊ အသီးကို။ ဟရတေ၊ ဆောင်ရ၏။

ဒိသာပါမောက္ခဆရာကြီးသည် (၁၈)ရပ်သော ပညာရပ်များကို တပည့်တို့အား သင်ကြားပေးလိုက်ပြီး နေပြည်တော်သို့ ပြန်တော့မည့် တပည့်တို့အား ထပ်မံဆုံးမ သွန်သင်ရခြင်းဖြစ်သည်။

ဒိသာပါမောက္ခဆရာကြီးသည် ဗြဟ္မဒတ်မင်းသားအား -

**'ဘဝလည်းမမြဲ၊**

**နေလည်းမမြဲ၊**

**အလှလည်းမမြဲ၍ ကောင်းအောင်နေပါ'**ဟု မှာကြားခြင်း ဖြစ်သည်။

ဆရာတိုင်း ဤသို့ပင် တပည့်တို့အား -

**'စိတ်ကောင်းအခြေခံရှိရန်၊**

**စာရိတ္တ,စရိုက်ကောင်းအခြေခံရှိရန်၊**

**စာပေအခြေခံကောင်းရှိရန်''**ဟုဆိုအပ်သော **'စသုံးလုံးကို'** တစ်သက်စာမက တစ်သံသရာလုံးစာအတွက်ပါ သင်ပေးသင့်ကြသည်။

ဗြဟ္မဒတ်မင်းသားသည် ဆရာကြီးအား ကန်တော့ပြီး ဗာရာဏသီပြည်သို့ ပြန်လာခဲ့သည်။ ဖခင်မင်းကြီးနှင့် တိုင်းသူပြည်သားတို့အား အတတ်ပညာတို့ကို ပြသနိုင်သည်ဖြစ်၍ အိမ်ရှေ့စံဖြစ်လာခဲ့သည်။ ဖခင်ကွယ်လွန်သောအခါ မင်းကြီးဖြစ်လာခဲ့သည်။

ကြမ်းကြုတ်သော ဗြဟ္မဒတ်မင်းကို ကြည့်ပြီး ပိင်္ဂလပုရောဟိတ်က "ငါသည် စည်းစိမ်မက်မောသော ဤဗြဟ္မဒတ်မင်းကြီးအား ဇမ္ဗူဒိပ်တစ်ကျွန်းလုံး၌ရှိသော မင်းတို့ကို ဖမ်း၍ ဧကရာဇ်မင်းပြုစေသည်ရှိသော်ကောင်းလေစွ၊ ငါသည်လည်း နာမည်ကျော် ထိပ်တန်း ပုရောဟိတ်ဖြစ်လတ္တံ့" ဟု ကြံတွေးကာ ဇမ္ဗူဒိပ်ရှိမင်းအားလုံးကို ဖမ်းစေပြီး မင်းပြုစေ၏။

ဗြဟ္မဒတ်မင်း၏အကြောင်းကို ကြားရသော အလောင်းတော် ဒိသာပါမောက္ခဆရာကြီးသည် မြို့ကို သေချာစွာ ခိုင်ခံ့အောင်ပြင်ဆင်ထားသည်။ တပည့်ဖြစ်သူ ဗြဟ္မဒတ်မင်းကြီးကလည်း ဆရာသခင်၏ တက္ကသိုလ်ပြည်သာ ကျန်တော့၍ ဆရာရှင်၏ တိုင်းပြည်ကိုပင် သိမ်းပိုက်ရန် စစ်ချီတက်လာသည်။

ဗြဟ္မဒတ်မင်းကြီးသည် ဂင်္ဂါမြစ်နားဝယ် အခက်အလက်တို့ ဝေဖြာနေသည့် ပညောင်ပင်ကြီးအောက်၌ နားခိုရန် ခမ်းနားစွာပြင်ထားသည်။ မင်းပေါင်း (၁၀၀၀)တို့ကို သိမ်းပိုက်ပြီး ခေါ်ဆောင်ခဲ့၏။ ဆရာ၏တက္ကသိုလ်ပြည်ကို ထပ်မံသိမ်းပိုက်နိုင်ရန် ပိင်္ဂလပုရောဟိတ်ကို အကြံတောင်းသောအခါ "မြတ်သောမင်းကြီး ...၊ မင်းတစ်ထောင်တို့၏ မျက်စိတို့ကိုထုတ်၍ သတ်ပြီး ဝမ်းကိုခွဲ၍ ကောင်းမြတ်သော အသားကို

ယူကာ ဤပဉ္စောင်ပင်စောင့်နတ်ကို ပူဇော်ရမည်။ အူတို့ဖြင့်လည်း ရစ်ပတ်၍ သွေးတို့ဖြင့် လက်ငါးချောင်းရာပေးခြင်းကို ပြုပြီး ပူဇော်သည် ရှိသော် လျှင်မြန်စွာ အောင်ပါလိမ့်မည်''ဟု လျှောက်တင်လိုက်သည်။ လျှောက်တင်သည့်အတိုင်းလည်း ဗြဟ္မဒတ်မင်း ပြုစီရင်လိုက်သည်။

## လူဆိုးမင်းကြီး မျက်စိကွယ်ရပြီ

မင်းပေါင်းတစ်ထောင်ကို တစ်ယောက်ချင်းစီ ဤသို့ရက်ရက်စက်စက် ပြုစီရင်ပြီး စစ်စည်စစ်မောင်းတို့ကိုတီး၍ ဆရာအိုး၏ တက္ကသိုလ်ပြည်ကို သိမ်းပိုက်ရန်ထွက်လာခဲ့ကြသည်။ တစ်ခုသောပြအိုးအတွင်းမှ အလွန် ကြီးကျယ်သော နတ်ဘီးလူးကြီးသည် အရှိန်အဟုန်နှင့်လာပြီး ဗြဟ္မဒတ် မင်းကြီး၏ ညာဘက်မျက်လုံးကို 'စွပ်ခနဲ' လက်ဖြင့် နှိုက်ထုတ်ယူသွား သည်။

မင်းကြီးသည် သွေးများ အလိမ်းလိမ်းယိုစီး၍ ပြင်းထန်သော ဝေဒနာ ကို ခံစားရ၍ စစ်ကြောင်းကို နောက်သို့ ပြန်လှည့်ကာ ပဉ္စောင်ပင်ရင်း၌ ခင်းထားအပ်သော သလွန်ညောင်စောင်းနေရာဝယ် ဝေဒနာကိုပြင်းထန်စွာ ခံစားရင်း လူးလိမ့်နေရရှာပြီ။

ဤသို့ဖြင့် ဝေဒနာများ ကြီးစွာခံစားနေရသော မင်းကြီးသည် ဝေဒနာမှ သက်သာစေရန် ပက်လက်အိပ်နေစဉ် ပဉ္စောင်ပင်ထိပ်ဖျား၌ လင်းတတစ်ကောင်လာနား၍ အသားများကိုစားပြီး စွန့်လိုက်သော အလွန် ချွန်ထက်သော အရိုးသည် ကျန်ဝဲဖက်မျက်လုံးတစ်ဖက်ထဲသို့ သံတံကျင် ဖြင့် ထိုးစိုက်သကဲ့သို့ တည့်တည့်မတ်မတ်စိုက်ကျသွားသည်။

## မင်းကြီး ငိုရပြီ

ထိုသို့ဒုက္ခဝေဒနာများ ပြင်းထန်စွာခံစားရင်း ဒိသာပါမောက္ခဆရာကြီး၏ **"ကိုယ်စိုက်ပျိုးသော အသီးကို ကိုယ်ပင်ပြန် ရိတ်သိမ်းရမည်"** ဟူသော စကားကိုပြန်လည်ကြားယောင်လာပြီး **"ငါပြုသော မကောင်းမှုများ ငါ့ထံပြန်လာချေပြီ၊ ငါဟာ ဆရာစကားကို နားမထောင်ရုံမျှမက ဆရာ့တိုင်းပြည်ကိုပင် သိမ်းပိုက်ဖို့ကြံစည်သူ ငါဟာ မိုက်မဲလေစွ"** ဟု နောင်တ ကြီးစွာရနေသည်။

**ဣဒံ တဒါစရိယဝစော၊ ပေါရာဏာစရိယ မဗြဝိ။**

**မာ သု တွံ အကရိ ပါပံ၊ ယံ တွံ ပစ္ဆာ ကတံ တပေ။**

ဗြဟ္မဒတ္တ၊ ဗြဟ္မဒတ်။ တယာ၊ သင်သည်။ ကတံ၊ ပြုအပ်သော။ ယံပါပံ၊ အကြင်မကောင်းမှုသည်။ ပစ္ဆာ၊ နောက်၌။ တပေ၊ ပူပန်ရာ၏။ တံ၊ ထိုမကောင်းမှုကို။ တွံ၊ သင်သည်။ မာ သု အကရိ၊ မပြုလင့်။ ဣဒံဝစနံ၊ ဤစကားသည်။ အာစရိယ ဝစော၊ ဆရာစကားတည်း။ ဣဒံဝစနံ၊ ဤစကားကို။ ပေါရာဏာစရိယော၊ ဟိုရှေးအတီ ထုံးပဝေဏီကို မှတ်မိသော ငါတို့ဆရာသည်။ မံ၊ ငါ့ကို။ အဗြဝိ၊ ဆိုဆုံးမခဲ့ပြီ။

ဤသို့ ဆရာဖြစ်သူက သေချာစွာ ဆုံးမလိုက်ပါလျက် ဆရာ့စကားကို မလိုက်နာမိသည့်အတွက် ဗြဟ္မဒတ်မင်းကြီးသည် ငိုကြွေးနေရခြင်းဖြစ်သည်။ နောင်တတရားဟူသည် နောင်မှပင် ရတတ်သည့်အားလျော်စွာ **'ခလုတ်ထိမှ အမိတ'** ဟူသကဲ့သို့ အနာဂတ်ကို ကြိုမြင်သော ဆရာ၏ အဆုံးအမကို မလိုက်နာခြင်းကြောင့် ယခုလို ကံကြမ္မာဆိုး၏နှိပ်စက်မှုကို ခံစားနေရခြင်းဖြစ်သည်။

ဤသို့ဖြစ်ရခြင်းသည် သူကိုယ်တိုင်ပြုခဲ့သမျှတို့သည် သူ့ထံသို့ ဆိုက်ဆိုက်မြိုက်မြိုက် ပြန်လည်ရောက်ရှိလာခဲ့ခြင်း ဖြစ်သည်။ ဗြဟ္မဒတ် မင်းကြီး၏ အော်၍ငိုရခြင်းသည် ဆရာ့စကားကို နားမထောင်မိသည့် အတွက် ငိုရခြင်းဖြစ်သည်။

ဒိသာပါမောက္ခဆရာကြီး၏ ဆုံးမစကားသည် "**ငါ့အတွက် ဆုံးမ သည် ဖြစ်ပါလား**"ဟု နောင်တကြီးစွာရရှိသွားသည်။ ဤသို့ ဆရာတိုင်း သည် တပည့်တို့၏ အနာဂတ်အတွက် ဆုံးမခြင်းဖြစ်သည်။ ရှေးယခင်က ဆရာတို့သည်လည်း ဤသဘောရှိသကဲ့သို့ ယခုဆရာတိုင်း၊ နောင်ဖြစ်ပေါ် လာမည့် ဆရာတို့သည်လည်း တပည့်တို့၏ရှေ့ရေးကို တွေးဆပြီး ဆုံးမ ခြင်း ဖြစ်ကြပေလိမ့်မည်။

## ချစ်ရသူကို မမြင်ရခြင်းက သေရခြင်းထက်ဆိုး

ဗြဟ္မဒတ်မင်းကြီး ငိုကြွေးရခြင်း နောက်အကြောင်းတစ်မှာ "ဥဗ္ဗရီမည်သော မိဖုရားကြီးသည် ရွှေအဆင်းကဲ့သို့ ချောမောလှပါပေ၏၊ စန္ဒကူးနံ့သာလိမ်းကျံသော ကိုယ်ရှိပေ၏၊ ဒန့်သလွန်ပင်ကဲ့သို့ အထက်သို့ တက်သော ညှင်းလေပြေ တိုက်ခတ်သည်ဖြစ်၍ တုန်လှုပ်သော အခက် သဖွယ် တင့်တယ်လှပပေ၏၊ ငါသည် ထိုမိဖုရားကို မမြင်ရခြင်းသည် သေရခြင်းထက်ပင် ပိုဆိုးလှပေ၏"ဟု အော်ပြီးငိုယိုကာ ကွယ်လွန်အနိစ္စ ရောက်သွားပြီး အပါယ်ငရဲသို့ ရောက်ရှိသွားသည်။

ယခုဗောဓိမင်းသားသည် ထိုအခါက ဗြဟ္မဒတ်မင်းကြီးဖြစ်ခဲ့ပြီ၊

ဒီသာပါမောက္ခဆရာသည် ယခုအခါ ငါဘုရားပင် ဖြစ်တော်မူ၏ဟု ဇာတ်တော်ကို ပေါင်းခဲ့ပါသည်။

ဆရာတို့၏ စကားကို နားမထောင်ခဲ့ခြင်းကြောင့် ဗြဟ္မဒတ်မင်းကြီးသာ ဒုက္ခရောက်သည်မဟုတ် အခြားသောသူတို့ သည်လည်းကျေးဇူးရှင်ဆရာတို့၏စကားကို နားမထောင်ခြင်း၊ ကျေးဇူးကန်းကြခြင်းကြောင့် ဒုက္ခရောက်နိုင်ကြောင်းကို သိရှိရ၍ ဆရာသခင် ကျေးဇူးရှင်တို့၏စကားကို နားထောင်သင့်ကြောင်း သက်သေပြလျက်ရှိသည်။

ထို့ပြင် ကျောင်းသားမိဘများကလည်း မိမိတို့၏သားသမီးများ ကျောင်းသားများကို စိတ်ကောင်းရှိရေး၊ စရိုက်ကောင်းရှိရေး ဤသို့သော ဇာတ်တော်များ၊ စာပေများကို များများဖတ်စေဖို့၊ ကျောင်းသင်ခန်းစာတို့၌ ထည့်သွင်းဖို့ လိုအပ်နေပြီဖြစ်ကြောင်း ခရစ်နှစ် ၂၀၂၀-ပြည့်နှစ် မတ်လက ဆရာနှင့်တက္ကသိုလ်ကျောင်းသားများကိစ္စ၊ မိတ္တီလာကိစ္စတို့က ညွှန်ပြနေသည်။

❁ ❁ ❁

# ထူးခြားဆန်းပြား ဝတ္ထုများ(၇)

## ပရိနိဗ္ဗာန်စံ ကောင်းကင်းပျံ

ယခုအခါ သီရိလင်္ကာနိုင်ငံကို ရှေးအခါက သီဟိုဠ်ကျွန်းဟု ခေါ်ကြသည်။ ထိုကျွန်း၌ သာသနာတော်နှစ် ၃၈၃-ခုနှစ်မှ၊ ၄၀၇-ခုနှစ်အထိ ဒုဋ္ဌဂါမဏိမင်းကြီး စိုးစံတော်မူခဲ့သည်။ ထိုမှနောက်၌ ဒုဋ္ဌဂါမဏိမင်းကြီး၏ သားတော်ဖြစ်သော သဒ္ဓါတိဿမင်းကြီးသည် မင်းပြုတော်မူသည်။

သဒ္ဓါတိဿမင်းကြီးသည် တစ်နေ့သောအခါ သံဃာတော်အပေါင်းအား **"အရှင်မြတ်တို့ဘုရား ..၊ တပည့်တော်၏ သီဟိုဠ်ကျွန်း၌ ကြည်ညိုစရာအကောင်းဆုံး မထေရ်မြတ်ကို ညွှန်ပြကြပါဘုရား"**ဟု လျှောက်ထားသည်။

သံဃာတော်တို့ကလည်း "ဒကာတော်မင်းတရားကြီး ..၊ ဒကာတော်မင်းတရား၏ အနုရာဓ မင်းနေပြည်တော်မှ မြောက်ဘက် (၅)ယူဇနာ (မိုင်၄၀ခန့်) ဝေးကွာသော မင်္ဂလဝါသီအရပ်၌ သီတင်းသုံးတော်မူသော အရှင်ကုဋ္ဋတိဿ မထေရ်မြတ်ကြီးသည် ကြည်ညိုစရာ လေးစားစရာ အကောင်းဆုံးဖြစ်ပါတယ် မင်းကြီး"ဟု မိန့်တော်မူကြသည်။

အမှန်စင်စစ် မိန့်တော်မူသော မထေရ်မြတ်တို့သည်လည်း ရဟန္တာမထေရ်မြတ်ကြီးများသာဖြစ်၍ ကြည်ညိုစရာကောင်းသော မထေရ်မြတ်တို့သာ ဖြစ်သည်။ သို့သော်လည်း ဘုရားရှင်သည် တောတောင်တို့၌ သီတင်းသုံးခြင်းကို အထူးနှစ်သက် တော်မူသည်။ တော၌နေသော ရဟန်းများအဖို့ အနည်းဆုံးသောအားဖြင့် သီလ မေတ္တာ အထူးအားကောင်းကြရသည်။

ထို့ကြောင့် ဘုရားရှင်သည် 'တောအရပ်၌နေသော ရဟန်းသည် မျက်တောင် တလှုပ်လှုပ်နှင့် အိပ်ငိုက်၍နေသော်မှ ရာဇဒွါရ် မင်းနေပြည်၌ နေသော ရဟန်းတို့ထက် ကောင်းပေ၏''ဟု ချီးမွမ်းတော်မူခဲ့သည်။ (အံ၊ နာဂိတသုတ်)

အာရုံဆိတ်ငြိမ်ရာ အရပ်သည် ကုသိုလ်ရလွယ်သည်။ မဟာစည်ဆရာတော်ဘုရားကြီးကလည်း -

**''မမြင်ရရာ၊ ကိလေသာ၊ သူ့ဟာသူငြိမ်းသည်။**

**မကြားရရာ၊ ကိလေသာ၊ သူ့ဟာသူငြိမ်းသည်''** စသည်ဖြင့် ရေးသားတော်မူခဲ့သည်။

သို့ဖြင့် မင်္ဂလဝါသီတောအရပ်၌ သီတင်းသုံးတော်မူသော အရှင်ကုဋ္ဌတိဿမထေရ်မြတ်ကြီးကို 'ကြည်ညိုစရာ အကောင်းဆုံး'ဟု ညွှန်းဆိုတော်မူလိုက်ခြင်းဖြစ်သည်။

ထိုသို့ သံဃာတော်တို့က ညွှန်ပြလိုက်သောကြောင့် သဒ္ဓါတိဿမင်းကြီးသည် မင်း၏အခြံအရံဖြစ်သော ဆင်တပ် မြင်းတပ် ကြည်းတပ် ခြေလျင်တပ် စသည်ဖြင့် ချီတက်လာပြီး ပူဇော်ဖွယ် လျှုဒါန်းဖွယ်အဖြာဖြာ

တို့ ယူဆောင်လာသည်။

မင်္ဂလဝါသီအရပ်သို့ ရောက်လာသောအခါ ဆင်သံ မြင်းသံ လူသံတွေနှင့် ဆူညံလို့နေသည်။ မထေရ်မြတ်ကြီးက "ငါ့ရှင်တို့ ..၊ အသံတွေကလည်း ဆူညံလှချေတကား"ဟု မိန့်ကြားတော်မူလိုက်သည်။

သံဃာတော်တို့ကလည်း" သဒ္ဓါတိဿမင်းကြီး လာရောက်ဖူးမြော်ကြောင်းပါဘုရား"ဟု လျှောက်ထားကြသည်။ မထေရ်မြတ်သည် "အသက်ကြီးခါမှ မင်းအိမ်အမှုကိစ္စသည် ဘာအကျိုးရှိအံ့နည်း၊ မင်းအတွက် ဘာလုပ်ပေးရမှာလဲ၊ ငါတို့လို အသက်ကြီးရင့်သူတွေအတွက် ဒါတွေဟာ အပိုသက်သက်ပဲ"ဟု စိတ်ထဲကြံစည်တော်မူသည်။

မထေရ်မြတ်ကြီးသည် နေ့အခါ သမာပတ်ချမ်းသာဖြင့် အမြဲနေရာ၌ သီတင်းသုံးနေတော်မူသည်။ အသက်အရွယ် ကြီးရင့်နေသည်တစ်ကြောင်း၊ အရိယာတို့၏ ဖလသမာပတ်ချမ်းသာသည် လောကီစည်းစိမ်တို့ထက် အဆ ရာထောင် သိန်းသန်း ပို၍ချမ်းသာသည်က တစ်ကြောင်းတို့ကြောင့် မင်းကြီးပူဇော်မှုကိုပင် မခံယူလိုသည်ဖြစ်၍ ညောင်စောင်း၌ လဲလျောင်းရင်း မြေကို တုတ်ဖြင့် ရေးဟန်ပြုနေလိုက်သည်။

ထိုစဉ် မင်းခမ်းမင်းနားနှင့်လာနေသော သဒ္ဓါတိဿမင်းကြီးသည် မြေကြီးကို တုတ်ဖြင့်ရေးနေသည်ကို မြင်လိုက်ရသဖြင့် "**ရဟန္တာဟူသည် ဟတ္ထကုက္ကုစ္စ-လက်မငြိမ် မလုပ်ကြဘူး၊ ဤမထေရ်မြတ်သည်ကား ရဟန္တာ မဟုတ်တန်ရာ**"ဟုဆိုကာ ပါလာသော လှူဖွယ်ပစ္စည်းများကို လှူဒါန်းဖို့ မဆိုထားဘိ ဦးတော်မျှပင်မချဘဲ လှည့်ပြန်သွားသည်။

ဤသို့ လူကြီးသူကောင်းတို့ရှေ့၌ မျက်စိက္ကန္ဓြေ၊ ကိုယ်က္ကန္ဓြေ စသည်

တစ်ခါတစ်ရံ အပြောအဆို အမူအရာများက ကိုယ့်အဆင့်အတန်းကို ညွှန်ပြနေသည်။ ဤသည်ကိုပင် ရှေးသူဟောင်းတို့က "စိန်ရွှေဆင်လို့ မယဉ်၊ ဣန္ဒြေဆင်မှ ယဉ်သည်" ဟု ပြောကြခြင်းဖြစ်သည်။

ဖြင့် ဣန္ဒြေကိုစောင့်စည်းဖို့လိုသည်ကို ဤအချက်က ဖော်ပြနေသည်။ အခြားတစ်နေရာရောက်သွားလျှင် ကျီးကန်းတောင်းမှောက် တောင်ရောက် မြောက်ရောက် ဟိုငေးသည်ငေး ဟိုကြည့်ဒီကြည့် မပြုရပေ၊ ဣန္ဒြေရရ နေတတ်ရန်လည်း ဤ၀တ္တုက ဆုံးမနေသည်။ တစ်ခါတစ်ရံ အပြောအဆို အမူအရာများက ကိုယ့်အဆင့်အတန်းကို ညွှန်ပြနေသည်။ ဤသည်ကိုပင် ရှေးသူဟောင်းတို့က **"စိန်ရွှေဆင်လို့ မယဉ်၊ ဣန္ဒြေဆင်မှယဉ်သည်"** ဟု ပြောကြခြင်းဖြစ်သည်။

နာမည်ကတော့ သဒ္ဒါတိဿမင်းကြီးပါပဲ၊ သို့သော်လည်း ပုထုဇဉ်တို့၏ သဒ္ဒါတရားသည် မိမိတို့အကြိုက်မတွေ့တော့ဘူးဆိုလျှင် ဤသို့ပင် စရိုက်မလေ့အရ ဆုတ်ခွာတတ်ကြောင်းကို ပြသနေပေသည်။

ဤသို့ သဒ္ဒါတိဿမင်းကြီး ပြန်သွားသောအခါ မထေရ်မြတ်ကြီးအား တပည့်သံဃာတော်တို့က "အရှင်ဘုရား ..၊ အဘယ်ကြောင့် သဒ္ဒါတိဿ

မင်းကြီးအား နှလုံးမသာမယာဖြစ်အောင် ပြုလိုက်ဘိသနည်းဘုရား"
ဟု အားနာလွန်းသည့်အတွက် လျှောက်ထားကြခြင်းဖြစ်သည်။

ထေရ်မြတ်ကြီးက "တပည့်တို့.. သဒ္ဓါတိဿမင်းကြီး ကြည်ညိုသဒ္ဓါ
ပြန်လည်ဖြစ်ပေါ်လာရန် ငါတာဝန်ယူသည်"ဟု မိန့်ကြားလိုက်သည်။

## ပရိနိဗ္ဗာန်စံ ကောင်းကင်းပျံ

မထေရ်မြတ်ကြီးသည် သက်တော်ကြီးရင့်နေပြီဖြစ်၍ ပရိနိဗ္ဗာန်စံ
အံ့သောအခါ "စုလစ်မွန်းချွန် အထွတ်တင်သော ပြာသာဒ်ကြီးနှစ်ခုသည်
ပလ္လင်နှင့်တကွ အနုရာဓမြို့ ကောင်းကင်ယံ၌ တည်ရှိ၍ သဒ္ဓါတိဿ
မင်းကြီး လာရောက် ဖူးမြော်မှသာ မြေပြင်သို့ ဆင်းသက် အပူဇော်ကို
ခံပါစေသတည်း"ဟု အဓိဋ္ဌာန်ပြုလိုက်ပြီး ပရိနိဗ္ဗာန်စံသွားသည်။

မထေရ်မြတ်ကြီး၏ ဥတုဇရုပ်ကလာပ် သယ်ဆောင်လာသော
စုလစ်မွန်းချွန် ပြာသာဒ်ကြီးကို မြေပြင်ရှိသစ်ပင် အားလုံးတို့ကပင်
တိမ်းညွှတ်ကြပြီး ပူဇော်ကြကုန်၏။ တရွေ့ရွေ့ ပူဇော်ခြင်းကို ခံယူပြီး
ကောင်းကင်အပြင်မှ ကြွလာသော ပြာသာဒ်ကြီးသည် မင်းနေပြည်တော်
အနုရာဓမြို့ရှိအနီးရှိ ဘုရားရှင်၏ညှပ်ရိုးတော်ကို ဌပနာထားသော ထူပါရုံ
စေတီတော်၊ သီလာစေတီတော်၏ဘေး ကောင်းကင်ယံ၌ လှည့်လည်နေ
တော်မူသည်။

သို့ဖြင့် သဒ္ဓါတိဿမင်းကြီးအား လာရောက်ဖူးမြော်ရန် လျှောက်ထား
ကြသည်။ မင်းကြီးကလည်း မယုံကြည်သည်ဖြစ်၍ 'မဖြစ်နိုင်'ဟု မိန့်
တော်မူသည်။ နန်းတော်မှပင် လှမ်းမျှော်ကြည့်သောအခါ စုလစ်မွန်းချွန်

အထွတ်တင်သော ပြာသာဒ်ကြီးနှစ်ခုသည် ကောင်းကင်၌ ဝေ့ဝိုက်လှည့်လည်နေသည်ကို အမှန်တကယ်ပင် လှမ်းမြင်နေရသည်။

စုလစ်မွန်းချွန် အထွတ်တင်သော ပြာသာဒ်သည် ကောင်းကင်ယံ၌ လေယာဉ်ပျံကဲ့သို့ တဝဲဝဲဖြစ်နေသည်ကို အနုရာဓ နေပြည်တော်ရှိ ရဟန်းရှင်လူတို့သည် အားလုံးမြင်တွေ့နေကြရသည်ဖြစ်၍ အုတ်အော်သောင်းတင်းဆူညံနေကြသည်၊ အထူးတလည်အံ့သြကြသည်။ မည်သူမှလည်း ဤသို့မတွေ့ဖူးကြ မကြုံဖူးကြသည်ဖြစ်၍ အံ့အားသင့်နေကြသည်။

ထိုသို့ မြေပြင်မက ကောင်းကင်ယံပါ လွှင့်ပျံနေသည့် ကောင်းချီးပေးသံ သာဓုခေါ်သံတို့ဖြင့် ဆူညံနေသည်ဖြစ်၍ လောဟပါသာဒ ကြေးပြာသာဒ် ဘုံခုနစ်ဆင့်၌ ဝိနည်းကျမ်းကို စာပို့ချနေသော မဟာဗျဂ္ဃ မထေရ်မြတ်သည် ထိုအသံများကို ကြားနေသည်ဖြစ်၍ စာချရင်း "ငါ့ရှင်တို့.. ဆူညံနေတဲ့ အသံတို့က ဘာသံတွေလဲ" ဟုမေးတော်မူသောအခါ တပည့်တို့သည် ဖြစ်ကြောင်းကုန်စင် လျှောက်တင်လိုက်ကြသည်။

မဟာဗျဂ္ဃ မထေရ်မြတ်ကြီးက "ကဲ .. ငါ့ရှင်တို့၊ စာပေပို့ချမှုသည် ဒီနေ့နောက်ဆုံးနေ့ဖြစ်သည်။ ငါလည်း ဘုန်းကံကြီးသူတို့နှင့်အတူ အပူဇော်ကို ခံယူမည်" ဟု မိန့်ကြားတော်မူပြီး ကောင်းကင်ခရီးဖြင့်ပင် ကြွသွားကာ လွတ်နေသော စုလစ်မွန်းချွန် ပြာသာဒ်တစ်ခုထဲ သီတင်းသုံးတော်မူလိုက်သည်နှင့် ပရိနိဗ္ဗာန်ပြုတော်မူသည်။

သဒ္ဓါတိဿမင်းကြီးသည် ပန်းနံ့သာတို့ဖြင့် လာရောက်ပူဇော်သောအခါ ကောင်းကင်ယံရှိ ပြာသာဒ်ကြီး နှစ်ခုသည် မြေအပြင်သို့ တငြိမ့်ငြိမ့်ဆင်းသက်လာသည်။ ဤသို့ဖြင့် သဒ္ဓါတိဿမင်းကြီးသည် အထူးထူးသော

ပူဇော်ဖွယ်တို့ဖြင့် မထေရ်မြတ်ကြီးနှစ်ပါးအား ခမ်းနားစွာ ပူဇော်မှု ပြုလိုက်သည်။

## သီရိဓမ္မာသောကမင်း ဖြစ်ခဲ့

သီဟိုဠ်ခေတ်ဝတ္ထုများ၌ ဤအရှင်ကုဋ္ဌတိဿမထေရ်မြတ်ကြီးသည် ရှေးအခါက သီရိဓမ္မာသောကမင်းကြီးဖြစ်၍ အရှင်မဟာဇမ္ဗုဂ္ဂမထေရ်မြတ်သည် သီဟိုဠ်ကျွန်းမှာပင် ဒေဝါနံပိယတိဿမင်းဖြစ်ခဲ့ကြသည်။ သူတို့သည် ဟိုတစ်ချိန် ကဿပဘုရားသာသနာကွယ်ပချိန် ညီအစ်ကိုများဖြစ်၍ ပျားရည်များကို အရောင်းအဝယ်ပြုလုပ်ကြပြီး အသက်မွေးဝမ်းကျောင်းမှု ပြုခဲ့သူတို့ဖြစ်ခဲ့ကြသည်။ ထိုစဉ်က အစ်ကိုကြီးသည် သီရိဓမ္မာသောကမင်းကြီးလက်ထက် နိဂြောဓသာမဏေဖြစ်ပြီး ပရိနိဗ္ဗာန်ပြုသွားခဲ့သည်။

ထိုစဉ်က ညီအငယ်ဆုံးသည် သီရိဓမ္မာသောကမင်းကြီး ဖြစ်လာခဲ့သည်။ အစ်ကိုအလတ်သည် ဒေဝါနံပိယတိဿမင်း၊ ယခု မဟာဇမ္ဗုဂ္ဂမထေရ်မြတ်ကြီးဖြစ်ခဲ့ကြသည်ဟု မှတ်တမ်းတင်ထားကြသည်။ ပျားရည်ကုန်သည် ညီနောင်သုံးယောက်ဟု သာသနာတော်၌ ထင်ရှားသူတို့ ဖြစ်သည်။

## မြန်မာနိုင်ငံ၌ ပျံလွန်တော်မူပုံ ထူးဆန်း

ယခုကဲ့သို့ မထေရ်မြတ်ကြီးများ အံ့ဩဖွယ် အတူပရိနိဗ္ဗာန်စံတော်မူခြင်းမျိုး မြန်မာနိုင်ငံ၌လည်း ထူးခြားဆန်းပြားစွာဖြစ်ခဲ့ဖူးသည်။ ကုန်းဘောင်မင်းဆက် ခုနစ်ဆက်မြောက် ဘကြီးတော်မင်းတရားကြီး လက်ထက်

က "မုနိန္ဒာဘိလင်္ကာရ သဒ္ဓမ္မသာမိ မဟာရာဇဂုရု" ဘွဲ့တံဆိပ်တော်ရရှိတော်မူသော စတုဂိရိ တောင်လေးလုံးဆရာတော် ဦးမေဓာဝီသည် ပရိယတ်စာပေများကို သင်ကြားပြီး ပဋိပတ်အကျင့်အားထုတ်ခြင်းကို အလွန်နှစ်သက်တော်မူသောဆရာတော်ဖြစ်သည်။

ပဋိပတ္တိရှုဖွယ် ကျမ်းပေါင်း(၃၀)ကျော်အထိ ရေးသားခဲ့ကြောင်း သမိုင်းများက ဆိုသည်။ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ နန်းတက်စ အချိန်တွင် ရဟန်း(၆)ဝါရရှိနေပြီး ရှုဖွယ်ကျမ်းများကို စတင်ရေးနေပြီဖြစ်သည်။

သက်တော် (၉၀)ကျော်သည်အထိ တရားအားထုတ်ဆဲ၊ ကျမ်းစာများပြုစုဆဲဖြစ်သည်။ ထို စတုဂိရိတောင်လေးလုံး ဆရာတော်ဘုရားကြီးသည် အမရပူရမြို့၏မြောက်ဘက် မင်းရွာ သုံးထပ်ကျောင်း၌ သီတင်းသုံးတော်မူစဉ် တပည့် ဒကာဒကာမ အပေါင်းတို့ကို ခေါ်၍ "ငါ့အသက်ကြီးလို့ သေချိန်လည်းနီးပြီ၊ မင်းတို့ ခေါင်းတလားနှစ်ခုပြုလုပ်ပြီး ယူလာကြ" ဟု မိန့်ကြားသည်။ ဒကာတွေ၏ စိတ်ထဲမှာလည်း '**အခေါင်းက နှစ်ခုတဲ့**' ဟု မိန့်တော်မူလိုက်၍ စိတ်ရှုပ်ထွေးနေကြသည်။ ပြန်ပြီးလည်း မလျှောက်ရဲကြပေ။

ဒကာများသည် ခေါင်းနှစ်ခု ပြုလုပ်ပြီး ကျောင်းသို့ စုပေါင်းလာပို့ကြပြီး ခေါင်းနှစ်ခုတွင် ခေါင်းတစ်ခုကို ခပ်လှမ်းလှမ်းနေရာ၌ ချထားကြပြီး 'ခေါင်းနှစ်ခု ကျောင်းရောက်လာပါကြောင်း' လျှောက်လိုက်ရာ ဆရာတော်ကြီးဦးမေဓာဝီက လာကြည့်ရှုပြီး "မှန်း .. မင်းတို့ခေါင်းက ငါနဲ့မှတော်ရဲ့လား" ဟု အစမ်းဝင်ကြည့် လျောင်းလိုက်စဉ်မှာပင် ဆရာ

တော်ကြီး ပျံလွန်တော်မူသွားသည်။

တပည့် ဒကာများသည် ခြေမကိုင်မိ လက်မကိုင်မိဖြစ်ကာ အရုပ်ကြိုးပြတ် ဆွံ့အလျက်ဖြစ်ကြကုန်၏။ အရပ်ထဲရှိ ဒကာ ဒကာမအပေါင်းတို့က မထေရ်မြတ်ကြီး ပျံလွန်တော်မူကြောင်းကြားရသဖြင့် လုပ်ဆဲအလုပ်များ၊ ချက်ဆဲထမင်းဟင်းများလည်း ဤအတိုင်းရပ်ထားခဲ့ကာ အပြေးအလွှား လာခဲ့ကြသည်။

ဒကာဒကာမတို့သည် မထေရ်မြတ်ကြီးအား လေးစားရ၊ ကြည်ညိုရ၊ မြတ်နိုးရသည်ဖြစ်၍ ဆရာတော်ကဲ့သို့တစ်မျိုး၊ အဘိုးကဲ့သို့တစ်မျိုးဖြင့် အမျိုးမျိုးအဖုံဖုံကြည်ညိုကြသည်၍ ဤသို့ ရုတ်ရုတ်သဲသဲ အရုပ်ကြိုးပြတ် ငိုကြွေးကြခြင်းဖြစ်သည်။

---

ဆရာတော်ကြီးဦးမေဓာဝီက လာကြည့်ရှုပြီး "မှန်း .. မင်းတို့ခေါင်းက ငါနဲ့မှတော်ရဲ့လား" ဟု အစမ်းဝင်ကြည့် လျောင်းလိုက်စဉ်မှာပင် ဆရာတော်ကြီး ပျံလွန်တော်မူ သွားသည်။

---

## နောက်တစ်ပါး ပျံလွန်ပြန်

ထိုသို့ လူအများတို့ ငိုကြွေးမြည်တမ်းလျက် ဖြစ်နေစဉ် အသက်(၈၀) ကျော် အာဂန္တုကမထေရ်မြတ်ကြီးတစ်ပါး ရောက်ရှိလာပြီး "ဒကာတို့.. ဘယ်လိုဖြစ်နေတာလဲ" ဟု မေးသောအခါ ဖြစ်ကြောင်းကုန်စင်ကို လျှောက်ထားကြသောအခါ ထိုမထေရ်ကြီးက "ဩော်.. ဒကာကြီးတို့ ဆရာတော်ကြီး လွန်တော်မူသွားရှာပြီကိုး" ဟု မိန့်ကြားတော်မူ၊ လက်အုပ်ချီတော်မူပြီး မျက်စိကို စုံမှိတ်ပြီး ငြိမ်သက်စွာဖြင့် **'သင်္ခါရတရားတို့သည် မမြဲလေစွတကား'** ဟု နှလုံးသွင်းနေတော်မူသည်။

အချိန်အနည်းငယ် တရားနှလုံးသွင်းပြီး လူအုပ်ကိုကျော်ပြီး တစ်နေရာကို လှမ်းမျှော်ကြည့်လိုက်ပြီး နှုတ်တော်မှလည်း တိုးတိုးညင်သာစွာဖြင့် "ဟိုမှာလည်း ခေါင်းတစ်လုံးပါလား" ဟုမေးသည်။ ဒကာများက ဆရာတော်ကြီး မိန့်တော်မူသည့်အတွက် ခေါင်းတလားနှစ်ခု ပြုလုပ်ထားရကြောင်း လျှောက်ထားကြသည်။

ထိုမထေရ်ကြီးကလည်း "အဲဒီက ခေါင်းက ငါနဲ့သင့်တော်ရဲ့လား" ဟုပြောရင်း ခေါင်းထဲဝင်ပြီး လဲလျောင်းလိုက်စဉ်မှာပင် ပျံလွန်တော်မူသွားပြန်သည်။

သံဃာတော်များနှင့် လူအပေါင်းတို့သည် မဖြစ်ဖူး၊ မကြားဖူးသော အဖြစ်ကို ကြားရမြင်ရသည်ဖြစ်၍ အံ့ဩကြသည်။ **'သေခြင်းတရားသည် ဤသို့ပင် ကွေးသောလက်ကို မဆန့်မီ၊ ဆန့်သောလက်ကို မကွေးမီ လျင်မြန်လှချေသည်တကား'** ဟု သံဝေဂဉာဏ်များ အဖန်ဖန်ဖြစ်ကြရသည်။

ဆရာတော်ကြီးနှစ်ပါးတို့သည် သက်တော်ထင်ရှားရှိစဉ်က စာဖြင့်

ရေးပြ၊ နှုတ်ဖြင့်လည်းဟောပြရုံမျှမကသေး၊ **"အရှေ့ကထွက်သော နေ သည် အနောက်သို့ ကေန်ဝင်ရသလို ရှင်သမျှလူအားလုံးတို့သည် ငါတို့ လိုပင် သင်တပည့်တို့လည်း မလွဲမသွေ ကေန်သေကြရမည်၊ အသိသတိ တို့ဖြင့် နေကြပါ"**ဟု သေခြင်းတရားနှင့် သေနည်းများကိုပါ နောက်ဆုံး ပြသ၍ ဆုံးမတော်မူခြင်းဖြစ်သည်။

နောက်ရောက်လာပြီး လွန်တော်မူရှာသော ဆရာတော်သည် စတုဂိရိ တောင်လေးလုံးဆရာတော်ဘုရားကြီး ဦးမေဓာဝီ၏ ညီတော်အရင်း ဦးဓမ္မပိယဖြစ်သည်။

ထိုမထေရ်မြတ် ဦးဓမ္မပိယသည်လည်း ပဋိပတ်ကို အားသန်သည်ဖြစ်၍ တောရကျောင်း၌ သီတင်းသုံးနေတော်မူသည်။ ပိဋကတ်တော်လာ မရှင်း လင်းသောနေရာတို့၌ ကျန်ရစ်သူတို့ တိတိကျကျ ရှင်းလင်းစွာသိရှိကြစေရန် ၁၁၆၂-ခုနှစ်က **"ဓမ္မပိယရှုဖွယ်ကျမ်း"**ကို ရေးသားခဲ့ပါသည်။

မထေရ်မြတ်နှစ်ပါးတို့သည် ညီရင်းအစ်ကိုလည်းဖြစ်ကြ၊ ဝါသနာချင်း လည်း တူကြသော်လည်း တစ်ကျောင်းတည်း၌ သီတင်းသုံးတော်မမူကြဘဲ ကိုယ့်တောရကျောင်းလေးနှင့်ကိုယ် ကိုယ့်တရားနှင့်ကိုယ် အေးချမ်းစွာ သီတင်းသုံး နေတော်မူကြသည်။

ဆရာတော်ကြီးတို့လွန်တော်မူသည်မှာ နှစ်ပေါင်း(၂၀၀)ကျော်ပြီဖြစ် သော်လည်း ကြားသိရသူတို့အဖို့ အင်မတန် ဆန်းကျယ်နေသည့်အတွက် ကြားရသူတို့မှာ လတ်လတ်ဆတ်ဆတ် ဖြစ်နေဆဲဟုပင် စိတ်ဝယ်ထင်နေ မိတော့သည်။

❀ ❀ ❀

# ထူးခြားဆန်းပြား ဝတ္ထုများ(၈)

## ခွင့်လွှတ်တတ်သူတို့၏ နှလုံးသား

(မိဘစကား နားထောင်ပြား)

လောကဆိုရိုးစကားတစ်ခုဖြစ်သည့် **"မေတ္တာဟူသည် အလျားအနံ မရှိသော်လည်း အသွားအပြန်တော့ရှိသည်"** ဟူသော စကားနှင့် ပတ်သက်၍ အတွေးဆန့်မိသောအခါ -

မေတ္တာသာမဟုတ် အရာဝတ္ထုတိုင်း တုံ့ပြန်ခြင်းများ ရှိကြသည်။ တုံ့ပြန်ခြင်းသည် သက်ရှိတို့၏တုံ့ပြန်ခြင်း၊ သက်မဲ့တို့၏တုံ့ပြန်ခြင်းဟု အမျိုးမျိုးခွဲခြားနိုင်သည်။ သက်ရှိတို့၏တုံ့ပြန်ခြင်း၌လည်း ကောင်းသောအားဖြင့်တုံ့ပြန်ခြင်း၊ မကောင်းသောအားဖြင့်တုံ့ပြန်ခြင်းဟု နှစ်မျိုးခွဲခြား၍ ရနိုင်မည်။

သက်မဲ့များ၌ပင် တုံ့ပြန်ခြင်းရှိပုံကို အင်္ဂလန်နိုင်ငံ လင်ကွန်းရှိုင်းယားမြို့သား သိပ္ပံပညာရှင် နျူတန် (၁၆၄၃-၁၇၂၇)၏ တတိယနိယာမတွင် "သက်ရောက်မှုတိုင်းမှာ သူနဲ့တူမျှတဲ့ လားရာဘက်ချင်း ဆန့်ကျင်တဲ့ တန်ပြန်သက်ရောက်မှု တစ်ခုစီရှိတယ်"ဟု ဆိုပါသည်။ ဘောလုံးတစ်လုံးကို နံရံသို့ပစ်ပေါက်ပါက ပစ်ပေါက်သူ၏ အားနှင့်ညီမျှသည့် တုံ့ပြန်မှုများ ရှိသည်ကို တွေ့ရှိရပါမည်။

ဒေါသဖြင့် တုံ့ပြန်သူ၊ မေတ္တာဖြင့် တုံ့ပြန်သူတို့နှင့် ပတ်သက်၍ မဃဒေဝလင်္ကာ၌ -

**“လောင်ခြစ်ပွက်ဆူ၊ မျက်ထွက်သူကို၊**
**တုံ့မူအမျက်၊ ပြန်မထွက်က၊ အောင်ခက်နိုင်ခဲ၊**
**စစ်မြေထဲဝယ်၊ အောင်ပွဲရသည်၊ သူဟုမည်ရှင့်၊**
**မကြည်စိတ် ခက်၊ အမျက်ထွက်သူ၊**
**ထိုသည့်လူနှင့်၊ တုံ့မူပြန်လျက်၊ မျက်မာန်ထွက်သော်၊**
**ရှေ့ထက် နောက်လူ၊ မိုက်သောဟူ၏”** ဟု ဆိုထားလေ၏။

မြန်မာရာဇဝင်၌ အိမ်ရှေ့စံ သီဟသူသည် အမတ်ကြီး ရာဇသင်္ကြန်အား ထိုင်နေစဉ် ဝန်ကြီးဝတ်ရုံပေါ်တွင် ကွမ်းတံတွေး ထွေးချခဲ့သည်။ အမတ်ကြီး ရာဇသင်္ကြန်အား စိတ်ဒဏ်ရာကို ရစေခဲ့သည်။ ရန်ငြိုးဟူသည်ကား ကြောက်စရာ ကောင်းလှ၏။

ကြောက်စရာကောင်းလှသည့် အန္တရာယ်နှင့်ပတ်သက်၍ သမ္မောဟ အဋ္ဌကထာ မာယာနိဒ္ဒေသ(၄၇၄)၌ ပြာအောက်ဖုံးကွယ်ထားသော မီးခဲ၊ ရေအောက်ငုပ်လျှိုးနေသောသစ်ငုတ်၊ ပုဆိုးတွင်ဝှက်ထားသော လက်နက် တို့ကား မမြင်နိုင်၊ ကြောက်စရာကောင်းလှကြောင်း ဖော်ပြထားသည်။

ထိုထက် နှလုံးသားတွင် ငုပ်လျှိုးနေသော ဒေါသ အာဃာတကား ပို၍ပင်ကြောက်စရာကောင်းလှသည်။ သူတစ်ပါး၏သန္တာန်၌ရှိသော ဒေါသအာဃာတထက် မိမိ၏သန္တာန်၌ရှိသော ဒေါသအာဃာတကား ပို၍ကြောက်စရာကောင်းလှသည်။ သူတစ်ပါးသတ်လို့သေပါက တစ်ဘဝ သာ သေမည်။ မိမိက သူတစ်ပါးအား သတ်မိပါက ဘဝများစွာ သံသရာ

၌ ဆင်းရဲဒုက္ခ ခံရပေတော့မည်။

အမတ်ကြီး ရာဇသင်္ကြန်သည် သီဟသူ ယုံကြည်လောက်အောင်၊ အားကိုးလောက်အောင်၊ ဘုရင်ကြီးဖြစ်အောင် ဖော်ဆောင်ပေးခဲ့သည်။ ယုံကြည်မှု၊ အားကိုးမှုကို ရရှိပြီးနောက် ရန်ကုန်ဒလဘက်တွင် ဆင်ဖြူ ဖမ်းရန် ကိုယ်တော်တိုင် ကြွဖို့အကြောင်း လိမ်ညာခေါ်ဆောင်ပြီး ဆင် ကျုံးသွင်းဖမ်းရာ ဒလဘက်တောထဲအရောက်၌ ကွမ်းတံတွေး ပေကျံသော အင်္ကျီကိုပြကာ **"မှတ်မိသေးရဲ့လား"** ဟု နီရဲတင်းမာသော ဒေါသမျက်နှာ ထားဖြင့် မေးလိုက်သည်။ သီဟသူလည်း သိ၍ ရှိခိုးပြီး အသက်ချမ်းသာ ပေးရန် တောင်းပန်သော်လည်း အဆုံးစီရင်ခဲ့သည်။

ဤဖြစ်စဉ်သည် မကောင်းသောအားဖြင့် တုံ့ပြန်ခြင်းဖြစ်၍ သမိုင်း စာမျက်နှာနှင့် သံသရာ၌ အောင်မြင်သူဟု မခေါ်ဆိုနိုင်ပေ။ ထို့ကြောင့်ပင် **"ရှေ့ထက်နောက်လူ၊ မိုက်သောသူ"** ဟုသာ ဆိုရပေတော့မည်။

ရုပ်ဒဏ်ရာကို ကုသမှုလွယ်ကူသော်လည်း စိတ်ဒဏ်ရာကို ကုသရာ ၌ကား ခက်ခဲလှပေသည်။

ပုဂံခေတ်တွင် အလောင်းစည်သူမင်း၊ သားတော် ကုလားကျမင်း၊ သားတော် မင်းယဉ်နရသိင်္ခမင်း၊ ဤမင်းသုံးဆက်တို့တွင် အထိန်းတော်သား တာဝန်ကို ထမ်းဆောင်ခဲ့သော အမတ်ကြီး အနန္တသူရိယအမတ်ကြီးသည် တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူဖြစ်သည်။

သက္ကရာဇ် ၅၃၆-မှ ၅၇၃အထိ ပုဂံနေပြည်တော်၌ ထီးနန်းစိုးစံခဲ့သော နရပတိစည်သူမင်းကား စိတ်နှလုံး အလွန် ခက်ထန်ကြမ်းတမ်းသော မင်းဖြစ်ရာ နောင်တော်မင်းယဉ်နရသိင်္ခ၏ ဥပါယ်တံမျဉ်ကြောင့် စစ်ထွက်

ရပြီးနောက် ဝေဠုဝတီအမည်ရှိ မိမိကြင်ရာတော် မိဖုရားကို နောင်တော်မင်းယဉ်နရသိင်္ခက အဓမ္မသိမ်းပိုက်ကာ ကောက်ကျစ်စဉ်းလဲသောအကြံကို သိသည်မှ စတင်ပြီး မြင်းတော်ခံ ငပြည့်၊ ဒုတိယ နောင်တော်ဖြစ်သည့် မင်းယဉ်နရသိင်္ခ၊ တတိယ အောင်စွာငယ်တို့ကို ကွပ်မျက်ခဲ့ပြီး၊ စတုတ္ထ အကြိမ် အနန္တသူရိယအမတ်ကြီးအား ကွပ်မျက်ရန်စီစဉ်ခဲ့သည်။

ထိုအချိန်၌ အာဏာသားတို့က မသတ်မီ အချိန်လေးအတွင်းမှာပင် တည်ငြိမ်ရင့်ကျက်သောစိတ်ဖြင့် အမတ်ကြီးသည် -

၁။ သူတည်းတစ်ယောက် ကောင်းဖို့ရောက်မူ၊
သူတစ်ယောက်မှာ၊ ပျက်လင့်ကာသာ၊ ဓမ္မတာတည်း။

၂။ ရွှေအိမ်နန်းနှင့်၊ ကြငှန်းလည်းခံ၊
မတ်ပေါင်းရံလျက်၊ ပျော်စံရိပ်ငြိမ်၊
စည်းစိမ်မကွာ၊ မင်းချမ်းသာကား၊
သမုဒ္ဒရာ၊ ရေမျက်နှာထက်၊
ခဏတက်သည့်၊ ရေပွက်ပမာ၊
တစ်သက်လျာတည်း။

၃။ ကြင်နာသနား၊ ငါ့အား မသတ်၊
ယခုလွှတ်လည်း၊ မလွတ်ကံကြမ္မာ၊
လူတကာတို့၊ ခန္ဓာခိုင်ကြည်၊
အတည်မမြဲ၊ ဖောက်လွဲတတ်သည့်၊
မချွတ်စ သာ၊ သတ္တဝါတည်း။

**၄။ ရှိခိုးကော်ရော်၊ ပူဇော်အကျွန်၊**
**ပန်ခဲ့တုံ၏၊ ခိုက်ကြုံဝိပါက်၊**
**သံသာစက်၌၊ ကြိုက်လတ်တုံမူ၊**
**တုံ့မယူလို၊ ကြည်ညိုစိတ်သန်၊**
**သခင်မွန်ကို၊ ချန်ဘိစင်စစ်၊**
**အပြစ်မဲ့ရေး၊ ခွင့်လွှတ်ပေး၏၊**
**သွေးသည်အနိစ္စာ၊ ငါ့ခန္ဓာတည်း**"ဟု မျက်ဖြေလင်္ကာကို ရေးသားပြီး အာဏာသားတို့အား မင်းထံဆက်သစေခဲ့သည်။ အမတ်ကြီး အား သတ်ပြီးမှ မျက်ဖြေလင်္ကာကို ဆက်သရကောင်းလားဟု ပဋ္ဌမအကြိမ် အာဏာသားတို့အား သုတ်သင်ပြန်သည်။

ဤကဲ့သို့ ကွပ်မျက်မှုများပြားလွန်းသည့်မင်းအား စိတ်ကြမ်းကို နူးညံ့ပျော့ပျောင်းသွားအောင် ပြုစွမ်းနိုင်သည်မှာ မျက်ဖြေလင်္ကာလေးပိုဒ်ပင် ဖြစ်သည်။

မျက်ဖြေလင်္ကာ လေးပိုဒ်အစွမ်းကြောင့်ပင် စိတ်နှလုံးပျော့ပျောင်းကာ နိုင်ငံတစ်ဝှမ်း ဆည်မြောင်းချောင်းကန်များ တည်ဆောက်ရုံမျှမက ယခု ပုဂံရှိ သီရိပစ္စယာဟိုတယ်၏ မြောက်ဘက်အနီးရှိ ကန်တော့ပလ္လင်စေတီနှင့် တကွ များစွာသော စေတီများကို တည်ထားကိုးကွယ်ခဲ့သော မင်းတစ်ပါး အဖြစ် သမိုင်းမှတ်တမ်းဝင်ဖြစ်ခဲ့သည်။

အနန္တသူရိယအမတ်ကြီးကား '**ဓမ္မတရားအရှင်ဖြစ်၍ နရပတိစည်သူ မင်း၏ ဘဝအမှားကိုပင် ပြင်နိုင်ခဲ့**'သည်။ ဤကဲ့သို့ တဟုန်းဟုန်းတောက် နေသော ဒေါသမီးအလျှံကို မေတ္တာတည်းဟူသော ရေစင်ဖြင့် ငြိမ်းစေနိုင်

အနန္တသူရိယအမတ်ကြီးကား ဓမ္မတရားအရှင်ဖြစ်၍
နရပတိစည်သူမင်း၏ ဘဝအမှားကိုပင် ပြင်နိုင်ခဲ့သည်။

ခဲ့သည်။ အမတ်ကြီး၏ဘဝ အမှောင်ကျခဲ့သော်လည်း မင်းကြီးကို နှောင်တရစေခဲ့သည်ကား မေတ္တာဖြင့်တုံ့ပြန်ခြင်းကြောင့်ပင် ဖြစ်သည်။

ကနက်ဗွေကြေငှန်း၊ အသက်ခြွေစခန်းမှ အမျက်ပြေပန်းတစ်ပွင့်၏ မေတ္တာကဗျာအရောင်ကား နှစ်၊ရာ၊ထောင်မက ကမ္ဘာအဆောင်ဆောင် ထိပင် သင်းပျံ့နေပေလိမ့်မည်။

ဤကဲ့သို့ မေတ္တာလက်နက်ဖြင့် တုံ့ပြန်ခြင်းသည် တစ်ဖက်သားကို ပြောင်းလဲနိုင် အောင်မြင်နိုင်ရန် အကောင်းဆုံးလက်နက်ဖြစ်သည်။ ယင်းကဲ့သို့ ခွင့်လွှတ်ခြင်းတည်းဟူသော ခန္တီနှလုံးသားဖြင့် တုံ့ပြန်မှုသည် သံသရာရန်မီးကို အပြီးတိုင် သတ်ငြိမ်း ဇာတ်သိမ်းလိုက်ခြင်းပင်ဖြစ်သည်။

ခွင့်လွှတ်လိုက်သူအဖို့ ရန်ငြိုးအာဃာတ အတုံ့အလှည့် သဘောထားမရှိတော့ဘဲ အဆုံးစွန်သောစိတ်၏ငြိမ်းချမ်းမှုကို ရရှိနိုင်သည်။ ထို့ကြောင့်ပင် အချက်ကျကျခွင့်လွှတ်ခြင်းတည်းဟူသော တုံ့ပြန်ခြင်းသည် တစ်ဖက်လူကို သိမ်းသွင်း အောင်မြင်နိုင်ကြောင်းကို ဤအနန္တသူရိယအမတ်ကြီး၏

ဖြစ်စဉ်က သက်သေပြလျက်ရှိသောကြောင့်ပင် **"အောင်ခက်နိုင်ခဲ၊ စစ်မြေ ထဲဝယ်၊ အောင်ပွဲရသည်၊ သူဟုမည်ရှင့်"**ဟု ဆိုရခြင်းဖြစ်သည်။

ပထမရွှေကျင်ဆရာတော်ဘုရားကြီးကလည်း **"တောမီးသည် သစ်ရွက်ခြောက်ကို လောင်လွယ်၏၊ သစ်ရွက်စိုကို မတတ်နိုင်၊ မသူတော် မီးသည် မေတ္တာခမ်းသူကို လောင်လွယ်၏၊ မေတ္တာဖျန်းသူကို မလောင်နိုင်၊ နံ့သာတုံးသည် မီးရှို့သူအား မကျွမ်းမချင်း အနံ့ဖြင့်မွှေးစေသည်။ သူတော် ကောင်းသည် ညှဉ်းဆဲသူကိုသော်လည်း မသေမချင်း အကျိုးကိုဆောင်၏"** ဟု ဆုံးမတော်မူခဲ့သည်။

## ဗာရာဏသီမင်းနှင့် ကာသိမင်း

ထို့ပြင် ဘုရားရှင် ဟောတော်မူခဲ့သည်များကို တင်ပြပါဦးမည်။ သည်းခံခွင့်လွှတ်နိုင်ခဲသည့် ခွင့်လွှတ်မှုဖြင့် ထူးဆန်းစွာ ခွင့်လွှတ်နိုင်ခဲ့သည့် ဖြစ်ရပ်ဆန်းတစ်ခုကို တင်ပြချင်ပါသေးသည်။

ရှေးအခါက ဗာရာဏသီပြည့်ရှင် ဗြဟ္မဒတ်အမည်ရှိသော ကာသိမင်း တစ်ပါးသည် ချမ်းသာကြွယ်ဝ၏။ များသောစစ်သည်ဗိုလ်ပါလည်း ရှိ၏။ ဒီဃီတိအမည်ရှိသော ကောသလမင်း၌ စည်းစိမ်ဥစ္စာကလည်း အနည်းငယ် မျှသာရှိ၏။ တိုင်းပြည်ကဆင်းရဲသည့်အတွက် စစ်သည်ဗိုလ်ပါအခြံအရံက လည်း အနည်းငယ်မျှသာရှိ၏။

ဗြဟ္မဒတ်ကာသိမင်းသည် ဒီဃီတိကောသလမင်းနှင့် တိုင်းပြည်အား သိမ်းပိုက်ရန် စစ်ရေးစစ်ရာ ပြင်ဆင်စေ၏။ ခေတ်အဆက်ဆက်က မင်းတို့ သည် အင်အားကြီးသူက အင်အားနည်းသူကို အနိုင်ကျင့်ပယူကြမြဲဖြစ်သည်။

ယခုလည်း ကာသိမင်းသည် ထိုသို့ဖြစ်ရန် ကြံစည်နေသည်ကို ဒီဃီတိ ကောသလမင်းကြီး ကြားသိသောအခါ အင်အားချင်း မမျှတ၊ မယှဉ်နိုင် သော အနေအထားဖြစ်၍ ဗာရာဏသီပြည်၏ အစွန်အဖျား၌ တိမ်းရှောင်နေ ရသည်။

ထိုသို့တိမ်းရှောင်နေစဉ်မှာပင် ဒီဃီတိကောသလမင်းကြီး၏ မိဖုရား ကြီးသည် သားတော်တစ်ပါးဖွားမြင်လာသည်။ ဒီဃာဝုအမည်ရသည်။ ထိုမင်းသားအရွယ်ရောက်လတ်သော် ကာသိမင်း၏ဘေးရန်မှကြောက်၍ ဒီဃာဝု သတို့သားအား မြို့အပြင်၌နေစေပြီး ပညာသင်ချိန်ရောက်လာ သောအခါ အတတ်မျိုးစုံကိုသင်စေရာ မကြာမီပင် အတတ်မျိုးစုံ တတ် မြောက်လေသည်။

ဗြဟ္မဒတ်အမည်ရှိသော ကာသိမင်းသည် ဒီဃီတိကောသလမင်းနှင့် မိဖုရားကြီးအား ဖမ်းဆီးခေါ်ဆောင်သွားသည်။ ကာသိမင်းနှင့် မိဖုရားတို့ အား ဖမ်းဆီးရုံမျှမက လက်ပြန်ကြိုးများတုပ်နှောင်ထားပြီး မသတ်မီ ဗာရာဏသီမြို့တွင်းသို့ လှည့်လည်ပြသစေ၏။

ဒီဃာဝုမင်းသားသည် အမိအဖတို့အား မတွေ့ရသည်မှာ ကြာပြီဖြစ်၍ ဗာရာဏသီပြည်သို့ဝင်စဉ် လက်ပြန်ကြိုး တုပ်နှောင်လျက် မျက်နှာကို ဓားဖြင့်ကြက်ခြေခတ်၊ ခေါင်းတုံးရိတ်ပြီးလျှင် ပြင်းစွာမြည်သောထက်စည်ကို တီးကာ လမ်းမတစ်ခုမှ လမ်းမတစ်ခုသို့၊ လမ်းဆုံတစ်ခုမှ လမ်းဆုံတစ်ခုသို့ ဆွဲရုံး၍ခေါ်ဆောင်လာသော၊ သွေးများအလိမ်းလိမ်း ပေကျံနေသော၊ ဆံပင်များ ဖားလျားကျနေသော၊ မရှုမလှ ရာဇဝတ်သားဖြစ်၍နေသော အမိအဖတို့အား ရင်နင့်ဖွယ် တွေ့မြင်ရလေသည်။

ဒီဃာဝုမင်းသားစိတ်ထဲ၌လည်း ပြင်းထန်စွာ အသည်းနှလုံးတို့ တဆတ်ဆတ် တုန်လှုပ်လျက် နာကျင်မှုဝေဒနာများ ခံစားနေရ၏။ 'တစ်နေ့နေ့ တစ်ချိန်ချိန် သင်းတို့ကိုလည်း လက်တုံ့ပြန်မည်'ဟု ဆုံးဖြတ် ထားလေသည်။ သွေးသံတရဲရဲဖြင့် မရှုမလှ မမြင်ရက်စရာမြင်ကွင်းကို မြင်လိုက်ရသည့်အတွက် ရင်တွင်းခံစားချက်များ ပြင်းထန်လာခြင်း ဖြစ်သည်။

ဖခင်ဖြစ်သော ဒီဃီတိကောသလမင်းကြီးသည် လူအုပ်ကြားတွင် ရှိနေသော သားဖြစ်သူဒီဃာဝုအား ရုတ်တရက် တွေ့မြင်လိုက်သည်ဖြစ်၍ အရေးတကြီးမှာကြားစရာ အလွန်အဖိုးတန်သော စကားသုံးခွန်းကို မှာကြားခဲ့သည်။

ဖခင်ဖြစ်သော ဒီဃီတိကောသလမင်းကြီးသည် လူအုပ်ကြားတွင် ရှိနေသော သားဖြစ်သူဒီဃာဝုအား ရုတ်တရက် တွေ့မြင်လိုက်သည်ဖြစ်၍ အရေးတကြီး မှာကြားစရာ အလွန်အဖိုးတန်သော စကားသုံးခွန်းကို မှာကြားခဲ့သည်။

စကားသုံးခွန်းမှာ -

(၁) **အရှည်ကို မကြည့်လင့်။**

(၂) **အတိုကိုလည်း မကြည့်လင့်။**

(၃) **ရန်တုံ့မှုသဖြင့် ရန်တို့မငြိမ်းကုန်၊ ရန်တုံ့မမူမှသာ ရန်တို့သည် ငြိမ်းကုန်၏**-ဟူသော စကားတို့ဖြစ်၏။

ဘုရင်နှင့်တကွအခြားလူတွေကပါ ဤစကားသုံးခွန်းကို အော်ပြော နေသည် ဖြစ်၍ သတိပြုမိလိုက်ကြသည်။ သို့သော် မည်သူ့ကို ပြောနေ သည်ကိုမူကား မသိကြပေ။

ဒီဃာဝုသည် သေဆုံးခဲ့ပြီဖြစ်သည့် မြို့ပြင်ထုတ်ထားသော၊ ခြေလက် အင်္ဂါ ဦးခေါင်းတို့ အပိုင်းအပိုင်းပြတ်လျက်နေသူ မိဘတို့၏အလောင်းကို လက်အုပ်ချီကန်တော့ပြီး မီးသင်္ဂြိုဟ်သည်။ ထိုသို့ပြုနေသူကို ကာသိမင်း ကြီးသည် မီးခိုးတလူလူနှင့် လူတစ်ဦးကို နန်းတော်ပေါ်မှ ခပ်ရေးရေး လှမ်းမြင်နေသည်။

ဒီဃာဝုသည် လက်စားချေရန်အတွက် နည်းမျိုးစုံစဉ်းစားရင်း၊ ဘုရင်နှင့်တွေ့နိုင်သည့် အခွင့်အလမ်းကိုရှာရင်း ဆင်ထိန်းမြင်းထိန်းထံ ရောက်ရှိသွားသည်။ ဆင်ထိန်းကျေနပ်အောင် အလိုက်သိစွာ စောစောထ၊ နောက်မှအိပ်၊ လိုအပ်ချက်များကို ဖြည့်စွက်လျက် ကြိုးစားအားထုတ်နေ သည်။ ဤသို့ ဆင်ထိန်းအကူအညီဖြင့် တဖြည်းဖြည်း ရှင်ဘုရင့်ထံ ဆည်းကပ်ခွင့်ရလေသည်။

တစ်နေ့သောအခါ ကာသိမင်းသည် ဒီဃာဝုကို ခေါ်ဆောင်ကာ ရထားဖြင့် သမင်လိုက်ရန် သမင်တောသို့ သွားခဲ့၏။ ဒီဃာဝုသည်

ရထားကို အခြားစစ်သည်များလမ်းသို့ မလိုက်ဘဲ နောက်တစ်လမ်းသို့ အပြင်းမြန်စွာမောင်းနှင်ခဲ့သည်။ ကာသိမင်းသည် အဝေးသို့ရောက်သော် ရထားကို ရပ်နားစေကာ ပင်ပန်းလှပြီဖြစ်၍ သစ်ပင်ရိပ်အောက်၌ ဒီဃာဝု၏ ရင်ခွင်ထဲ ပေါင်ထက်၌ အိပ်စက်နားနေတော်မူလေသည်။

ဒီဃာဝုသည် လက်စားချေရန်အတွက် စောင့်ဆိုင်းလာခဲ့သည်မှာ ကြာခဲ့ပြီ၊ ယခုအခါအသင့်တော်ဆုံးအချိန်သို့ ရောက်ခဲ့လေပြီ။ ဒီဃာဝုသည် ရင်ခွင်ထက်၌ အိပ်မောကျနေသည့် ကာသိမင်းအားသတ်ရန် သန်လျက် အိမ်မှ သန်လျက်ကို ထုတ်လိုက်၊ သွင်းလိုက်ပြုလုပ်နေသည်မှာ သုံးကြိမ် ပင် ရှိ၏။ ထိုစဉ် ဖခင်မှာကြားခဲ့သောစကားသံကိုလည်း ပြန်လည်ကြား ယောင်နေသောကြောင့် သုံးကြိမ်တိုင်အောင် ချိန်ဆနေခြင်းဖြစ်သည်။

ထိုအဖြစ်ကို အိပ်မောကျနေသော ကာသိမင်းကလည်း အိပ်မက်ထဲ၌ 'ငါ့ကို ဒီဃီတိကောသလမင်းကြီး၏ သားဖြစ်သော ဒီဃာဝုမင်းသားက သန်လျက်ဖြင့် လိုက်သောကြောင့် ပြေးရသည်'ဟု မြင်မက်သည်။ ကာသိမင်းသည် ကြောက်ရွံ့ထိတ်လန့်စွာဖြင့် အဆောတလျင် နိုးထလိုက်သည်။

ထိုစဉ် ဒီဃာဝုမင်းသားက ကာသိမင်းကြီး၏ ဦးခေါင်းကို ကိုင်၍ လက်ျာလက်ဖြင့် သန်လျက်ကိုကိုင်ကာ ကာသိမင်းကြီးကို "အရှင်မင်းကြီး၊ ဒီဃီတိကောသလမင်း၏ သားဖြစ်သော ဒီဃာဝုမင်းသားဟူသည်ကား ကျွန်ုပ်ပင်တည်း၊ သင်သည် ကျွန်ုပ်တို့၏ အကျိုးမဲ့ကို များစွာပြု၏၊ သင်သည် ငါ၏ အမိအဖတို့ကိုလည်း ညှဥ်းဆဲပြီး သတ်၏၊ စည်းစိမ်ဥစ္စာတို့ကိုလည်း လုယူသိမ်းပိုက်ဖျက်ဆီးခဲ့၏၊ ဤအခါသည်ကား ငါသည် သင့်အား သတ်ရမည့် အလှည့်သို့ ရောက်နေသောအခါတည်း"

ဟု ပြောဆိုသည်။

ကာသိမင်းကလည်း တောင်းပန်သည်။ ဒီဃာဝုမင်းသားကလည်း သူ၏အမျက်ကို ပြန်လည်တောင်းပန်သည်။ အပြန်အလှန်တောင်းပန်ကြသည်ကို နှစ်ဦးလုံးက ကျေနပ်ကြသည်။

## စကားသုံးခွန်းအဖြေ

ကာသိမင်းနှင့် ဒီဃာဝုတို့ အချင်းချင်းအပြန်အလှန် ရန်တုံ့မမူကြရန် ကတိသစ္စာပြုကာ ငြိမ်းချမ်းရေး ယူခဲ့ပြီး ကာသိမင်းသည် ဒီဃာဝု၏ ဖခင်မှာခဲ့သော နာမည်ကျော် စကားသုံးခွန်း၏ အဓိပ္ပာယ်ကို မေးတော်မူသည်။ ဒီဃာဝုက-

(၁) **"အရှည်ကို မကြည့်လင့်"**ဟူသော စကား၏ အဓိပ္ပာယ်မှာ "ရှည်မြင့်စွာ ရန်ကို မပြုလင့်၊ ရန်ကို အလိုမရှိလင့်"ဟု ဆိုလိုပါသည်။

(၂) **"အတိုကိုလည်း မကြည့်လင့်"**ဟူသော စကား၏အဓိပ္ပာယ်မှာ "အဆွေခင်ပွန်းတို့နှင့် လျင်မြန်စွာ မိတ်မပျက်စေလင့်"ဟု ဆိုလိုပါသည်။

(၃) **"ရန်တုံ့မူသဖြင့် ရန်တို့မငြိမ်းကုန်၊ ရန်တုံ့မမူမှသာ ရန်တို့သည် ငြိမ်းကုန်၏"**ဟု မှာထားခဲ့သော စကားသည်ကား "အရှင်မင်းကြီးသည် ကျွန်ုပ်၏ မိဘတို့ကိုသတ်၍ ကျွန်ုပ်သည် အရှင်မင်းကြီးကို တစ်ဖန်ပြန်၍ သတ်ငြားအံ့၊ သင်မင်းကြီး၏ အကျိုးကို အလိုရှိသောသူတို့က ကျွန်ုပ်အား ပြန်လည်၍ သတ်ရာ၏၊ ကျွန်ုပ်၏ အကျိုးကို အလိုရှိသူတို့ကလည်း တစ်ဖန် ထိုသူတို့ကို ပြန်လည်သတ်ကုန်ရာ၏၊ ဤသို့ သတ်သည်ရှိသော်

ထိုရန်တို့သည် မငြိမ်းကုန်ရာ"။

ထိုသို့ လျှောက်ထားချက်ကို သဘောကျသော ကာသိမင်းသည် **"ဒီဃာဝုမင်းသားသည် အလွန်ပညာရှိ၏။ အဖ မှာခဲ့သော အကျဉ်းချုပ် စကား၏ အဓိပ္ပာယ်ကိုပင် အကျယ်အားဖြင့်သိပေ၏"**ဟုဆို၍ ဒီဃာဝု၏ အဖပိုင်ဆိုင်ခဲ့သော တိုင်းပြည်နှင့် ဥစ္စာပစ္စည်းအားလုံးကို ပြန်လည်ပေးအပ် ရုံမျှမက သမီးတော်နှင့် လက်ဆက်ပေးခဲ့၍ နောင်တွင် နှစ်ပြည်ထောင်လုံးကို အုပ်စိုးရသော မင်းမြတ်တစ်ပါးပင် ဖြစ်လာရသည်။

ထိုသို့ နှစ်ပြည်ထောင်လုံးကို အုပ်စိုးရသောမင်းဖြစ်ရခြင်းသည် ဖခင်၏စကားကို နားထောင်ခဲ့၍ ဒေါသအာဃာတဖြင့် လက်တုံ့ပြန် ရမည့်အချိန်၌ အောင်နိုင်ရန် အလွန်ခက်ခဲလှသည့် မိမိ၏ဒေါသကို အောင်နိုင်ခဲ့ခြင်း၏ အမှတ်လက္ခဏာအဖြစ် နှလုံးသားလမ်းတစ်လျှောက် ဝယ် အေးမြကြည်လင်သော မေတ္တာရေစင်တို့ တသွင်သွင် စီးဆင်းနိုင် ခြင်း၏ အကျိုးတရားပင်ဖြစ်သည်။

ထို့ကြောင့် ဘုရားရှင်က -

**န ဟိ ဝေရေန ဝေရာနိ၊ သမ္မန္တီဓ ကုဒါစနံ။**
**အဝေရေန စ သမ္မန္တိ၊ ဧသ ဓမ္မော သနန္တနော။**

မြန်မာပြန် - **"ဤလောက၌ ရန်တို့သည် ရန်တုံ့မူသဖြင့် ဘယ်သော အခါမှ မငြိမ်းကုန်၊ ရန်တုံ့မမူမှသာလျှင် ရန်တို့သည် ငြိမ်းကုန်၏၊ ဤသဘောတရားသည် ရှေးသူတော်ဟောင်းတို့၏ သဘောတရားပေ**

တည်း”ဟု ဟောတော်မူခဲ့သောတရားတော်နှင့်အညီ သာယာလှပသော အနာဂတ်ကို တည်ဆောက်လိုသူ၊ အပူကင်း၍ ငြိမ်းအေးချမ်းသာ သောဘဝ၏ ပျော်ရွှင်မှုများစွာကို လိုလားသူ၊ အမြတ်ဆုံးသောနိဗ္ဗာန်သို့ ရောက်လိုသောသူတို့သည် မေတ္တာဖြင့်သာ တုံ့ပြန်သင့်လှပေသည်။

(ဖော်ပြပါ အကြောင်းအရာများမှာ ဝိနည်း မဟာဝဂ် ၄၈၇၊ ဇာတက နဝကနိပါတ်၊ ဓမ္မပဒအဋ္ဌကထာများ၌ လာရှိသည်။)

❁ ❁ ❁

# ထူးခြားဆန်းပြား ဝတ္ထုများ(၉)

## <u>ဆုံးမခက်သူနှင့် လွယ်သူတို့၏</u> <u>ကောင်းကျိုး ဆိုးကျိုး</u>

လောက၌ ဆုံးမရခက်သူနှင့် ဆုံးမရလွယ်သူဟု နှစ်မျိုးရှိသည်။ သာသနာတော်၌လည်း ထိုအတူ နှစ်မျိုးရှိသည်။ ဘုရားရှင်သက်တော် ထင်ရှားရှိစဉ်က ထိုနှစ်မျိုးနှင့်ပတ်သက်၍ ဟောကြားတော်မူခဲ့သည် များလည်း ရှိခဲ့ပါသည်။

လောက၌ သတ္တဝါရှိလျှင် ဆရာရှိမည်၊ တပည့်ရှိမည်။ ဆရာဖြစ်သူ အများစုသည် ကြမ်းချင်ကြမ်းမည်၊ နူချင်နူမည်။ ပင်ကိုစိတ်ကတော့ တပည့်များကို တိုးတက်စေချင်ကြသည်။ ကြီးပွားစေချင်ကြသည်။ အဆိုတော် မနော သီဆိုထားသည့် 'ဗိုလ်အောင်ဒင်' သီချင်းထဲကလို **"လူကြမ်းကြီးပေမဲ့ အသည်းကတော့ နူပါတယ်"**ဟု ဆိုထားသည့် အတိုင်း နှုတ်ကကြမ်းသော်လည်း တပည့်ဖြစ်သူတို့ အောင်မြင်ကြီးပွားစေ ချင်သည်ကတော့ ဆရာတို့၏နှလုံးသားဆန္ဒ အမှန်ပင်ဖြစ်သည်။

သို့သော်လည်း ဆရာ၏စကားကို လိုက်နာသောသူသည် ပစ္စုပ္ပန်မှာ လည်း ကြီးပွားအောင်မြင်ကြသည်၊ သံသရာမှာလည်း ကြီးပွားအောင်မြင်

ကြသည်။ ဆုံးမခြင်းကို လိုက်နာသူနှင့် မလိုက်နာသူတို့နှင့် ပတ်သက်၍ ဘုရားရှင်လက်ထက်က အဖြစ်အပျက် ဇာတ်သိမ်းခန်းကို ရှုစမ်းစေချင်ပါသည်။

ဘုရားရှင်သည် သာသနာတော်နှင့်မလျော်ကပ်ပတ်သော ပြုမူသူ မှန်သမျှကို **"ဝိဂရဟိ ဘဂဝါ အနနုစ္ဆဝိကံ မောဃပုရိသ အနနုလောမိကံ အပ္ပတိရူပံ အဿာမဏကံ အကပ္ပိယံ အကရဏီယံ၊ ကထံ ဟိ နာမ တွံ မောဃပုရိသ အသေဟိ ဩဝဒိယော အနုသာသိယော အသုံ ဩဝဒိတုံ အနုသာသိတုံ မညိဿသိ"** စသည်တို့ဖြင့် ကဲ့ရဲ့တော်မူ၍ **"မဂ်ဖိုလ်မှ အချည်းနှီးဖြစ်သောယောကျ်ား သင်၏အပြုအမူသည် ရဟန်းတို့အား မလျော်ကပတ်၊ မလျော်ကန်၊ မသင့်တင့်၊ ရဟန်းတို့၏ အပြုအမူမဟုတ်၊ ရဟန်းသည်မပြုအပ်၊ မပြုသင့်။ မဂ်ဖိုလ်မှ အချည်းအနှီးဖြစ်သော ယောကျ်ား ... သင်သည် ရဟန်းဖြစ်လျက် မအပ်သည်၌ ဆောက်တည် ဘိသနည်း"** ဟု အပြစ်ရှိသော မည်သူ့ကိုမဆို ဤစကားဖြင့် ဤသို့ပင် ဆုံးမလေ့၊ တားမြစ်လေ့ရှိသည်။

## ဆုံးမ ခက်သူ

(သုဘဒ္ဒ တောထွက်ရဟန်း)

ဤသို့ မောဃပုရိသ စသည်ဖြင့် ဆုံးမခံရသည့် ပုဂ္ဂိုလ်တို့တွင် ထူးခြားဆန်းပြားလှသည့်ပုဂ္ဂိုလ်(၂)ဦးတို့၏ အကြောင်းအရာကို အဓိက တင်ပြချင်ပါသည်။ ဘုရားရှင်ဆုံးမတော်မူသည့် စကားတော်သည် အထက်ဖော်ပြပါ စကားတော်မျှပင်ဖြစ်သော်လည်း ခံယူသူ၏ နှလုံးသွင်း

စိတ်ခံစားမှု ကွားခြားခြင်းကြောင့် ဘဝလည်း များစွာကွာခြားကြမည် ဖြစ်သည်။

ဘုရားရှင်သည် ကုသိနာရုံပြည်မှ အာတုမမြို့သို့ သံဃာတော်ပေါင်း (၁၂၅၀)တို့ဖြင့် ကြွရောက်တော်မူလာမည်ဟု ကြားသိရသည့်အတွက် အသက်ကြီးမှ ရဟန်းဘဝသို့ ရောက်ရှိလာသော သုဘဒ္ဒအမည်ရှိသည့် တောထွက်ရဟန်းကြီးသည် ဘုရားရှင်နှင့်သံဃာတော်တို့အား ယာဂု လှူဒါန်းရန်အတွက် သားနှစ်ယောက်ကို "ချစ်သားတို့၊ သင်တုံးဓားကို ယူဆောင်ကာ ဆံမုတ်ဆိတ်တို့ကို ပြုပြင်ပေးရသည့်ဆတ္တာအလုပ်ကို လုပ်ပေးပြီး လုပ်အားခအဖြစ် ဆန်၊ ဆီ၊ ဆား၊ တင်လဲတို့ကို ခွက်တို့ဖြင့် လည်းကောင်း၊ အိတ်တို့ဖြင့်လည်းကောင်း အိမ်တိုင်းအိမ်တိုင်း၌ လှည့် လည်၍ ပြုလုပ်လျက် ယူဆောင်ခဲ့လော့"ဟု စေခိုင်းလိုက်သည်။

သုဘဒ္ဒအမည်ရှိသော ထိုတောထွက်ရဟန်းကြီးသည် လူ့ဘဝဖြစ်စဉ်က ဆံမုတ်ဆိတ်တို့ကို ပြုပြင်ပေးရသော ဆတ္တာသည် ဖြစ်သည်။ သူ၏ သားများလည်း ဖခင်၏အမွေဖြစ်သော ဆတ္တာသည်အလုပ်ကို ကျွမ်း ကျင်ကြသည်။ အပြောအဆိုလည်း ကျွမ်းကျင်ကြသည်။

သို့သော်လည်း သူတို့သည် သာသနာတော်နှင့်အပ်သည်၊ မအပ်သည် ကိုမူ မသိရှိသည့်အတွက် မအပ်သော ရှာမှီးခြင်းဖြင့် ရှာမှီး၍ရလာသော ဆန်ဆီထောပတ်စသည်တို့ဖြင့် ယာဂုတို့ကို စီရင်ပြီးလျှင် ဘုရားရှင်အား "အရှင်ဘုရား... မြတ်စွာဘုရားသည် အကျွန်ုပ်၏ ယာဂုကို အလှူခံ တော်မူပါဘုရား"ဟုလျှောက်ထားသည်။

ဘုရားရှင်က သိလျက်နှင့်ပင် ထိုတောထွက်ရဟန်းကြီးအား ယာဂု

ရှာမှီးပုံကို မေးမြန်းတော်မူသည်။ ဘုရားရှင်သည် အထက်၌ ဖော်ပြခဲ့သည့်အတိုင်းပင် ရဟန်းတို့အား မရှာမှီးအပ်သော ရှာမှီးခြင်းသည် မသင့်မလျော်သည်ကို ဆုံးမတားမြစ်တော်မူပြီးဖြစ်၍ ယာဂုကိုလည်း အလှူခံယူတော်မမူပေ။

ဘုရားရှင်က ရဟန်းတော်တို့သည် မပြုအပ်သည့် အပြုအမူများကို မပြုရဟုမိန့်မှာတော်မူချက်ကို အလေးထားကာ ရှောင်ကြဉ်၍ ရခဲလှသည့် ရဟန်းဘဝ၊ သက်တော်ထင်ရှားဘုရားရှင်ကို ကိုယ်တိုင်ဖူးတွေ့ခွင့်ရရှိသည့် ရဟန်းဘဝ၊ ဤအခွင့်အရေးများကို အသုံးချကာ သာသနာတော်၌ ကောင်းစွာလိုက်နာ ကောင်းစွာကျင့်သုံးသွားခဲ့လျှင် သုဘဒ္ဒတောထွက် ရဟန်းကြီးသည် ဆုံးမရလွယ်ကူသူ ဖြစ်လာနိုင်သလို မဂ်ဖိုလ်နိဗ္ဗာန်ကို ရရှိသူလည်း ဖြစ်လာနိုင်ပေလိမ့်မည်။

မြတ်စွာဘုရားက ကောင်းအောင်ဆုံးမသည်ကို သုဘဒ္ဒရဟန်းကြီးသည် အံ့ကြိတ်ပြီး မျက်စောင်းထိုးကာ မကျေမနပ် ဖြစ်နေသည်။ ဘုရားရှင်ပြန်ကြွသောအခါ ထိုအာတုမမြို့၌ ကျန်ခဲ့သည်။

---

မြတ်စွာဘုရားက ကောင်းအောင်ဆုံးမသည်ကို သုဘဒ္ဒ
ရဟန်းကြီးသည် အံ့ကြိတ်ပြီး မျက်စောင်းထိုးကာ မကျေမနပ်
ဖြစ်နေသည်။

---

သူသည် 'ဘုရားရှင် ပရိနိဗ္ဗာန် ပြုတော့မည်'ဟူသော သတင်း
စကားကို ကြားရစဉ်မှာပင် ကြိုတင်၍ အူမြူးဝမ်းသာနေသည်။

ဘုရားရှင်လက်ထက်က သုဘဒ္ဒအမည်တူ(၃)ဦးရှိသည်။

(၁) အာတုမမြို့သား သုဘဒ္ဒ၊

(၂) မဆာပါနှင့်ဥပကကြီးတို့၏သားသုဘဒ္ဒနှင့်၊

(၃) ဘုရားရှင်ပရိနိဗ္ဗာန်ပြုခါနီးမှ ရောက်လာပြီး ရဟန်းပြုလျက် ရဟန္တာဖြစ်သွားခဲ့သော သုဘဒ္ဒတို့ဖြစ်သည်။

ဤနေရာ၌ အချို့သောသူတို့က ဥပကနှင့်စာပါ၏ သားသည်ပင် နောက်ဆုံးသာဝကသုဘဒ္ဒဖြစ်၍ သုဘဒ္ဒနှစ်ဦးဟုလည်း ဆိုကြသည်။ မဟာစည်ဆရာတော်ကြီးက ထိုထိုကျမ်းဂန်တို့ကိုကြည့်ရှုသုံးသပ်တော်မူ၍ အသက်ကို ထောက်ချင့်ကာ (၃)ဦးဟု ရေးသားဆုံးဖြတ်ထားသည်။

ဘုရားရှင်ပရိနိဗ္ဗာန်ပြုသောအခါ သုဘဒ္ဒမည်သော တောထွက်ရဟန်း ကြီးသည် ငိုကြွေးမြည်တမ်းနေသော အရှင်မြတ်တို့ထံသွားကာ အားရ ဝမ်းသာ ပျော်ရွှင်စွာဖြင့် "ငါ့ရှင်တို့ .. မစိုးရိမ်ကြကုန်လင့်၊ မငိုကြွေးကြ ကုန်လင့်၊ ဝမ်းမနည်းကြကုန်လင့်။ ရဟန်းဂေါတမရှိစဉ်က သင်တို့သည် ဤကိစ္စကိုပြုအပ်၏၊ ဤကိစ္စကိုမပြုအပ်ဟု ငါတို့ကို ချုပ်ချယ်အပ်ကုန်၏။ ယခုအခါ၌ကား အကြင်အမှုကိစ္စကို ပြုခြင်းငှာ အလိုရှိကုန်အံ့၊ ထိုအမှု ကိစ္စကို အလိုရှိသလို ပြုနိုင်ကုန်တော့အံ့။ အကြင်အမှုကိစ္စကို ပြုခြင်းငှာ အလိုမရှိကုန်၊ ထိုအမှုကိစ္စကို မပြုလုပ်ဘဲ နေနိုင်ကုန်တော့အံ့"ဟု အရှင် မြတ်တို့ထံ သွားရောက်ပြောကြားနေသည်။

သုဘဒ္ဒမည်သော တောထွက်ရဟန်းကြီးသည် ဘုရားရှင် အာတုမမြို့

သို့ ရောက်လာစဉ်က ဆုံးမခဲ့သည်ကို ကြိတ်မနိုင်ခဲမရ ဖြစ်နေသည့် အာဃာတဟူသော ပဋိဃာနုသယသည် ဘုရားရှင်ပရိနိဗ္ဗာန်ပြုသောအခါ နှုတ်မှပွင့်အံထွက်ကျလာကာ အနုသယကိလေသာမှ ပရိယုဋ္ဌာနကိလေသာ အဖြစ်သို့ ပြောင်းလဲရောက်ရှိလာသည်။

ထိုမှတစ်ဆင့် ယခု ဝီတိက္ကမကိလေသာအဆင့်သို့ ရောက်သည်အထိ မပြောသင့်မပြောထိုက်သည်ကို ပြောကြားခဲ့သည့်အတွက် မလိမ္မာသော မိုက်မဲသော ရဟန်းဆိုးအဖြစ်ဖြင့် မှတ်တမ်းတင်ခံခဲ့ရ၏။ သူ၏နှုတ်ထွက်စကားကို ကြားလိုက်ရသော အရှင်မဟာကဿပ အရှင်မြတ်သည် ပထမ သံဂါယနာတင်ရန် အကြောင်းဖန်လာရတော့သည်။

သို့ဖြစ်၍သုဘဒ္ဒရဟန်းကြီးသည် မဂ်ဖိုလ်မှလည်းဝေးကွာခဲ့ရသည်။ ဤသာသနာတော်တည်ရှိနေသရွေ့ ပထမ သံဂါယနာသမိုင်းနှင့်အတူ 'သုဘဒ္ဒရဟန်းဆိုးကြီး'ဟူသောအမည်ပညတ်ဖြင့်လည်း သမိုင်းမော်ကွန်း အထိုးခံရသူဖြစ်သည်။

## ဆုံးမရ လွယ်သူ (အရှင်ဥပသေန)

(ပိုးထိ၍ ပရိနိဗ္ဗာန်စံရသူ)

အရှင်ဥပသေနသည် ဘုရားရှင်ထံသို့ ရောက်ရှိလာသည်။ အရှင်ဥပသေန ရောက်လာခြင်းနှင့်အတူ သူ၏တပည့်လည်း နောက်နား ကပ်လျက်ပါလာသည်။ ဘုရားရှင်က ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်စကား ပြောကြားပြီး အရှင်ဥပသေနအား "ရဟန်း··· သင်သည် အဘယ်မျှ ဝါရနေပြီလဲ"ဟုမေးတော်မူသည်။ "အရှင်ဘုရား··· တပည့်တော်သည်

နှစ်ဝါရှိပါပြီ''ဟု လျှောက်၏။

ဘုရားရှင်သည် အရှင်ဥပသေန၏နောက်နားက ထိုင်နေသူကိုလည်း '' ရဟန်း… သင်သည် အဘယ်မျှ ဝါရနေပြီလဲ'' ဟု မေးတော်မူပြန်သည်။ ထိုရဟန်းငယ်က ''တပည့်တော်တစ်ဝါမျှသာ ရှိပါသေးသည်ဘုရား'' ဟု ပြန်လည်လျှောက်ထားသည်။

တစ်ဖန် ဥပသေနအား ''ရဟန်း… ဤရဟန်းသည် သင်နှင့် အဘယ်သို့ တော်စပ်သနည်း''ဟု မေးမြန်းတော်မူ၏။ ''အရှင်ဘုရား တပည့်တော်၏ အတူနေတပည့်ပါဘုရား''ဟု လျှောက်ထားသည်။

ဤသို့လျှောက်ထားသော အရှင်ဥပသေနအား ဘုရားရှင်က သုဘဒ္ဒ ရဟန်းကြီးအား ကဲ့ရဲ့ရှုတ်ချအပြစ်တင်သည့်အတိုင်းပင် 'မောဃပုရိသ မဂ်ဖိုလ်မှ အချည်းနှီးဖြစ်သော ယောကျ်ား'စသည်ဖြင့် ဆုံးမတော်မူသည်။

---

ဆုံးမတော်မူသော စကားတော်ကား အထက်၌ ဖော်ပြခဲ့သလို အားလုံးအတူ (လုံးဝအတူ)ပင်ဖြစ်သည်။

သို့သော် ဆုံးမသည်ကို ခံယူတတ်သူနှင့် မခံယူတတ်သူတို့၏ နလုံးသွင်း ကွာခြားချက်ကြောင့်ပင် ဘဝလည်း ကွာခြားတော့သည်။

---

ဆုံးမတော်မူသော စကားတော်ကား အထက်၌ဖော်ပြခဲ့သလို အားလုံးအတူ (လုံးဝအတူ)ပင်ဖြစ်သည်။ သို့သော် ဆုံးမသည်ကို ခံယူတတ်သူနှင့် မခံယူတတ်သူတို့၏ နှလုံးသွင်း ကွာခြားချက်ကြောင့်ပင် ဘဝလည်း ကွာခြားတော့သည်။

အရှင်ဥပသေနသည် ဝင်္ကန္တပုဏ္ဏားမ၏သားလည်းဖြစ်၊ အရှင်သာရိပုတ္တရာ၏ ညီတော်လည်းဖြစ်သည်။

ဝင်္ကန္တပုဏ္ဏားမ၌ သား(၄)ယောက်၊ သမီး(၃)ယောက်ရှိသည်။

သား လေးဦးတို့မှာ -

(၁) အရှင်သာရိပုတ္တရာ၊

(၂) အရှင်စုန္ဒ၊

(၃) အရှင်ဥပသေန၊

(၄) အရှင်ရေဝတ-တို့ ဖြစ်ကြသည်။

သမီး သုံးဦးမှာ -

(၁) စာလာ၊

(၂) ဥပစာလာ၊

(၃) သီသူပစာလာ-တို့ဖြစ်သည်။ (ဓမ္မပဒ၊ဋ္ဌ၊ ၁။ ၃၉၆)

အရှင်ဥပသေန၏ဖြစ်ရပ်ကို အကြောင်းပြု၍ ရဟန်းတို့သည် ဆယ်ဝါပြည့်မှ ဥပဇ္ဈာယ်ပြု၍ရဟန်းခံပေးရမည်။ နိဿရည်းဆရာပြုလုပ်ရမည်။ ဆယ်ဝါပြည့်သည့်သော်လည်း ဝိနည်းကို မကျွမ်းကျင်လျှင် ဥပဇ္ဈာယ်ပြု၍ ရဟန်းခံ မပေးအပ်ဟု ဝိနည်းသိက္ခာပုဒ်များစွာဖြစ်ပေါ်စေခဲ့သည်။

ဘုရားရှင်က နှစ်ဝါသာရှိသေးလျက် ဥပဇ္ဈာယ်ပြု၍ ရဟန်းခံပေးသေ
(ဆရာကြီးလုပ်နေသော)အရှင်ဥပသေနအား ပြင်းထန်စွာ ကဲ့ရဲ့ရှုတ်
တော်မူသည်။ ဘုရားရှင်သည် ဆရာလုပ်ရန်အရည်အသွေးမပြည့်စုံသေ
သူများကို ခွင့်မပြုခြင်းသည်လည်း မှတ်သားစရာကောင်းလှသည်။

## ဆရာ အရည်အချင်း ပြည့်ဝမှ

လောကဌ် ဆရာအရည်အချင်းပြည့်စုံမှ တပည့်ဖြစ်သူလည်းပြည့်စုံသ
ဖြစ်မည်။ နည်းပေးသော ဆရာကအရည်အချင်း မပြည့်စုံ ဘာမျှမတတ်ပါဘ
ဆရာကြီးလုပ်နေလျှင် ဆရာဖြစ်သူရော တပည့်ဖြစ်သူပါ တိုးတက်ခြင်
မဖြစ်နိုင်ပေ။

သာဓကထား၍ ပြောရလျှင် သီဟိုဠ်ကျွန်း၌ ဝိနည်းအရာ လိမ္မာကျွမ်
ကျင်တော်မူလှသော ဥပတိဿ မထေရ်မြတ်၌ မဟာပဒုမ မထေရ်နှ
မဟာသုမ မထေရ်ဟူသော တပည့်ကျော်(၂)ပါးရှိသည်။ မဟာပဒု
မထေရ်သည် ဝိနည်းပိဋကတ်တော်ကို နှစ်ပါးတွဲ၍ (၉)ခေါက်၊ တစ်ပါ
တည်း သီးခြား(၉)ခေါက်၊ ပေါင်း(၁၈)ခေါက် သင်ယူဖူးသည်။ မဟာသု
မထေရ်ကမူ နှစ်ပါးတွဲ၍သာ (၉)ခေါက် သင်ယူဖူးသည်။

တစ်နေ့တွင် မဟာသုမမထေရ်သည် ဂင်္ဂါမြစ်၏တစ်ဖက်ကမ်းသ
သွား၍ ဝိနည်းဆုံးဖြတ်လျက် ဆရာလုပ်နေသည်။ မဟာသုမ မထေ
ထိုသို့ဆရာလုပ်၍ ဝိနည်းဆုံးဖြတ်နေကြောင်း ကြားသိရသောအခါ (၁၈
ကြိမ်သင်ယူထားသော မဟာပဒုမမထေရ်က **'မဟာသုမ မထေရ်သည်
ရဲတင်းလွန်းပေစွ'**ဟု ဤသို့မိန့်တော်မူဖူးသည်။ (ဝိ၊ဋ္ဌ၊၁၊၂၂၈)

ဆရာသမားသက်ရှိထင်ရှားရှိနေစဉ် ဝိနည်းပါဠိတော်ကိုလည်းကောင်း၊ အဋ္ဌကထာကိုလည်းကောင်း အကြိမ်များစွာ သင်ယူသင့်ကြောင်း ဆိုထားသည်။ ဆရာဖြစ်သူနှင့်တွဲဖက် ပြုလုပ်မည်ဆိုပါက အလွန်အဖိုးတန်သော အတွေ့အကြုံများ ရရှိမည်ဖြစ်သည်။ တတ်မြောက်သည်က နည်းနည်း၊ ဆရာကြီးလုပ်ချင်သည်က များများဆိုလျှင် ဘုရားရှင်နှစ်သက်တော်မမူပေ။

ဆရာလုပ်သူသည် အရည်အသွေး အဖက်ဖက်က ပြည့်စုံရန် လိုအပ်ကြောင်းကို မဟာမဒုမ မထေရ်နှင့် မဟာသုမ မထေရ်မြတ်တို့၏ ဖြစ်စဉ်များက ပြသနေခြင်းဖြစ်သည်။

ထို့ကြောင့် -

**"နည်းပြဆရာ၊ ပညာမင်၊**
**မကုံထံက၊ နည်းခံတပည့်၊**
**ပေါ့သွတ်၏ရှင့်"**ဟု ဆရာမြတ်များက ရေးသားတော်မူခဲ့ခြင်းဖြစ်သည်။

ဝိနည်းမဟာဝါ(၇၅)နှင့် ထိုထိုဒေသနာတော်တို့၌လည်း -

**"ဆယ်ဝါပြည့်တင်း၊ ဝိဘင်းနှစ်ဖြာ**
**ကမ္မာကမ္မ၊ ခန္ဓကပုဒ်၊ နာမ်ရုပ်ပိုင်ပိုင်**
**ဟောပြနိုင်၊ ကျောင်းထိုင်ငါးအင်္ဂါ"**ဟု ရှေးဆရာတော်တို့မိန့်ဆိုခဲ့ခြင်းဖြစ်သည်။

## ကဲ့ရဲ့ရှုတ်ချသော နှုတ်တော်မှပင် ချီးမွမ်းစေရမည်

အရှင်ဥပသေနသည် သူ့အား ဘုရားရှင်က နှုတ်တော်ဖြင့် ပြင်းထန်စွ 'ရဟန်းတို့ မပြုအပ်'ဟု ပြောဆိုရုံမျှမက **'မောဃပုရိသ-မဂ်ဖိုလ် အချည်းနှီးသောယောကျ်ား'**စသည်ဖြင့် ဆုံးမလိုက်သော ဘုရားရှင်အ ရှိသေစွာရှိခိုးပြီး စိတ်ထဲကြိတ်ခဲကာ -

"ပုဏ္ဏစန္ဒသသိရိကေန၊ လပြည့်ဝန်းကဲ့သို့ အသရေရှိတော်မူသော ဏ္ဍမိနာဝ မုခေန၊ ဤကဲ့ရဲ့သော ခံတွင်းတော်ဖြင့်သာလျှင်။ သတ္ထာ ဘုရားရှင်ကို။ ပရိသမေဝ၊ ပရိသတ်ကိုသာလျှင်။ နိဿာယ၊ မှီ၍ သာစုကာရံ၊ ကောင်းချီးကို။ ဒါပေဿာမိ၊ ပေးစေအံ့။ ဣတိ၊ ဤသ နှလုံးပိုက်၍။ တံဒိဝသေယေဝ၊ ထိုကဲ့ရဲ့သောနေ့၌ပင်လျှင်။ ဧကံ ဌာ တစ်ခုသော အရပ်သို့။ ဂန္တွာ၊ သွား၍။ ဝိပဿနာယ၊ ဝိပဿနာ၌ ကပ္ပံ၊ စီးဖြန်းခြင်းအမှုကို။ ကတွာ၊ ပြု၍။ န စိရဿေဝ၊ မကြာမီပင် အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပါပုဏိ၊ ရောက်၏။" (အံ၊ ဋ္ဌ၊ ၁၊ ၂၁

အရှင်ဥပသေနသည် **'ဆုံးမတော်မူ၊ အပြစ်တင်တော်မူသော ဘုရ ရှင်၏ လပြည့်ဝန်းကဲ့သို့ အသရေရှိတော်မူသော ခံတွင်းဖြင့်သာလျှ ကောင်းချီးပေးစေရမည်၊ ချီးကျူးစေရမည်၊ အကောင်းဆုံးဖြစ်အော ကြိုးစားပြမည်'**ဟူသော ခံယူချက်ဖြင့် တရားအားထုတ်ခဲ့သည်။ တရ အားထုတ်၍ မကြာမီပင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ခဲ့သူဖြစ်သည်

ဘုရားရှင်က သုဘဒ္ဒရဟန်းကြီးနှင့် အရှင်ဥပသေနတို့ကို ဆုံးမသည ပါဠိတော်စကားရပ်များသည် အတူတူပင် ဖြစ်သော်ငြားလည်း အဖက်ဖ

မှ သာလွန်၍ အခြေခံကောင်းရှိသော အရှင်ဥပသေနသည် ဘုရားရှင်၏ အဆုံးအမကို ခံယူပြီးချင်း ဝိပဿနာတရားအလုပ်ကို အားထုတ်သော် ချက်ချင်းပင် အရဟတ္တဖိုလ်ဆိုက်ရောက်ခဲ့သည်။

ဘုရားရှင်က အရှင်ဥပသေနအား ဆုံးမသောစကားသည် ထိုအရှင်၏ စိတ်ကို နိုးကြားစေပြီး ကြိုးစားကာ တရားအားထုတ်ခဲ့သည့်အတွက် အတွင်းဓာတ်ခံကောင်းရှိ၍ **'ဆေးဖြစ်သွားခဲ့'**သည်။ သုဘဒ္ဒရဟန်းကြီးသည် အခြေခံစိတ်ဓာတ်ကောင်း မရှိသူဖြစ်သည့်အတွက် ဘုရားရှင်၏စကား တော်သည် သူ့အတွက် **'ဘေးဖြစ်သွားခဲ့'**သည်။

ဤနေရာ၌ သုဘဒ္ဒရဟန်းကြီးနှင့် အရှင်ဥပသေနတို့ကို ဘုရားရှင်က ''မောဃပုရိသ'' ဟုခေါ်ဆိုကာ ဆုံးမရာ၌ **'မောဃပုရိသ'** ဟုဆိုတိုင်း **'မဂ်ဖိုလ်ကို ဤဘဝ၌ လုံးဝမရ'**ဟု မယူဆသင့်ကြောင်းကို သတိပြုရ မည် ဖြစ်သည်။

## မောဃပုရိသ (၃) မျိုး

မောဃပုရိသ-ဟူရာ၌ (၃)မျိုးရှိသည်၊ ထို(၃)မျိုးမှာ -

(၁) ဤဘဝ၌ မဂ်ဖိုလ်ကို လုံးဝမရနိုင်ကြသည့် အရိဋ္ဌရဟန်း၊ အရှင်လာဠုဒါယီရဟန်း၊ သုဘဒ္ဒတောထွက်ရဟန်းကြီးတို့ကဲ့သို့သော ပုဂ္ဂိုလ်များကိုလည်း မောဃပုရိသ-ဟု ခေါ်ဆိုသည်။

(၂) မဂ်ဖိုလ်ရထိုက်သည့် ဥပနိဿယရှိသော်လည်း ထိုခဏ၌ မဂ်ဖိုလ်ကို မရထိုက်သော အရှင်ဓနိယမထေရ်တို့ကဲ့သို့သော ပုဂ္ဂိုလ်များ ကိုလည်း မောဃပုရိသ-ဟု ခေါ်ဆိုသည်။

(၃) မောဃပုရိသဟုခေါ်ဆိုသော်လည်း မကြာတော့သောအချိန်၌ပင် မဂ်ဖိုလ်ကို ရရှိနိုင်သည့် အရှင်ဥပသေနကဲ့သို့သော ပုဂ္ဂိုလ်မျိုးဟု မောဃ ပုရိသ (၃)မျိုးရှိကြောင်းကို (အံ၊ ဋ္ဌ၊ ၁၊ ၁၇၇) ဖော်ပြထားသည်။

အရှင်ဥပသေနသည် မြတ်သောအမျိုးမှ ထွက်လာရုံမျှမက နောင် တော် အရှင်သာရိပုတ္တရာတည်းဟူသော ပတ်ဝန်းကျင်ကောင်းလည်း ရှိသည်။ ရှေးဆုတောင်း ကောင်းမှုလည်းရှိသူဖြစ်၍ ရဟန်းပြုလာသူလည်း ဖြစ်၏။ **(ပဋိဝိယုဋ္ဌ ဓမ္မကထိကောဝ-)** မြေအပြင်အားလုံး၌ ထင်ပေါ် ကျော်စော၍ ထင်ရှားသော တရားဟောတတ်သူလည်းဖြစ်သည်။

လူမှန်သမျှသည် အတ္တသမ္မာပဏိဓိ=ပင်ကိုစိတ်ဟူသော အခြေခံ ဓာတ်ကောင်းရှိရန်လည်းလိုအပ်သည်။ ပတ်ဝန်းကျင်ကောင်းလည်း ရှိရန် လိုအပ်သည်။ ထိုသို့ပြည့်စုံမှသာ လူကောင်းတစ်ယောက်ဖြစ်လာနိုင်သည်။

အရှင်ဥပသေန၏ တရားတော်ကို အလွန်ကြည်ညိုကြသောကြောင့် လည်းကောင်း၊ ဟောကြားခြင်း၌ ထင်ရှားကျော်ကြားသောကြောင့် လည်းကောင်း၊ များစွာသော အမျိုးကောင်းသားငယ်၊ ကလေးသူငယ် တို့သည် မိဘဆွေမျိုးတို့၏ ရိပ်မြုံမှ ထွက်ခွာ၍ ရှင်ပြုလာကြကုန်၏။

အရှင်ဥပသေနသည် ထိုသာမဏေတို့အားလည်း "ငါသည် တော ကျောင်း၌ နေသည်၊ သင်တို့လည်း တောကျောင်း၌ နေခြင်းငှာ စွမ်းနိုင် သော်၊ ငါသည် တစ်ဆယ့်သုံးပါးသော ဓုတင်တို့ကို ဆောင်စွမ်းနိုင်သလို၊ သင်တို့လည်း ဆောင်စွမ်းနိုင်သော် ငါသည် သင်တို့ကို ရှင်ပြုပေးမည်" ဟု ပြောဆိုသည်။

အရှင်ဥပသေနသည် ဆုံးမတတ်သူ ဖြစ်သည့်အတွက် တပည့်ဖြစ်သူ

ရှင်ရဟန်းတို့သည် ကောင်းစွာလိုက်နာကြ၏။ ပုံစံခွက်ဖြင့် သွန်းထုထားသည့် ပန်းပုရုပ်တုများကဲ့သို့ မြင်ရသူတို့၏ စိတ်နှလုံးကို သိမ်းကျုံး၍ ခေါ်ဆောင်နိုင်စွမ်းရှိသည်။

အရှင်ဥပသေနသည် ဆယ်ဝါလည်းပြည့်ပြီးပြီဖြစ်၍ တပည့်ဖြစ်သူ ငါးရာသော ရှင်ရဟန်းတို့ကို ခေါ်ဆောင်ကာ ဘုရားရှင်အား ဖူးမြင်ကြရန် ဇေတဝန်ကျောင်းတော်သို့ ရောက်လာခဲ့ပြန်သည်။

သင်္ကန်းရောင်တူညီခြင်း၊ သင်္ကန်းရုံပုံတူညီခြင်း၊ ခေါင်းတုံးတူညီခြင်း၊ သပိတ်စသည် ကိုင်ပုံများလည်း တူညီခြင်းစသည်အားဖြင့် အလွန်ညီညွတ်သည့် အသွင်အပြင်ရှိလှသော တပည့်ငါးရာတို့နှင့်အတူ ဘုရားရှင်၏ ထံမှောက်သို့ ရောက်ရှိလာကြသည့် အရှင်ဥပသေနနှင့် တပည့်ငါးရာတို့သည် အလုံးစုံတူညီစွာထုဆစ်ကြသည့် ကျောက်ဆင်းတုများ ချထားသလို ကြည်ညိုဖွယ် အသွင်အပြင်ကို မြင်ကြကုန်သောသူတို့သည် မကြည်ညိုဘဲ မနေနိုင်ကြပေ။

---

ဘုရားရှင်၏ ထံမှောက်သို့ ရောက်ရှိလာကြသည့် အရှင်ဥပသေနနှင့် တပည့်ငါးရာတို့သည် အလုံးစုံတူညီစွာ ထုဆစ်ကြသည့် ကျောက်ဆင်းတုများ ချထားသလို ကြည်ညိုဖွယ် အသွင်အပြင်ကို မြင်ကြကုန်သောသူတို့သည် မကြည် ညိုဘဲ မနေနိုင်ကြပေ။

---

ဘုရားရှင်က အရှင်ဥပသေန၏ အတူနေတပည့်ကို "ရဟန်း... သင်ဆောင်ထားသော ပံသုကူသင်္ကန်းတို့ကို နှစ်သက်ပါ၏လော"ဟု မေးတော်မူသည်။ ရဟန်းက **"အရှင်ဘုရား... တပည့်တော်သည် ပံသုကူသင်္ကန်းတို့ကို မနှစ်သက်ပါ၊ ဥပဇ္ဈာယ်ဆရာကို ရိုသေလေးစားသော အားဖြင့် ပံသုကူသင်္ကန်းကို ဆောင်ပါသည်ဘုရား"**ဟု လျှောက်ထားသည်။

ဘုရားရှင်သည် ဥပသေနအား ကောင်းချီးနမော် သာဓုခေါ်၍ 'ထက်ဝန်းကျင်မှ ကြည်ညိုဖွယ်ကိုဖြစ်စေသော ပုဂ္ဂိုလ်တို့တွင် ဥပသေန သည် အမြတ်ဆုံး အသာဆုံးဖြစ်ပေသည်'ဟု **'သမန္တပါသာဒိက'**မည်သော ဧတဒဂ်ဘွဲ့ထူးဖြင့် ချီးကျူးတော်မူလိုက်သည်။ ဘုရားရှင်၏ သာသနာ တော်၌ ရဟန်းတော်တို့တွင် ဧတဒဂ်ဘွဲ့ထူးဖြင့် ချီးကျူးခံရသူ(၄၁)ပါး တို့တွင် အရှင်ဥပသေနသည် တစ်ပါးအပါအဝင်ဖြစ်ခဲ့ရသည်။

ဘုရားရှင်၏ နှုတ်တော်မှ ချီးကျူးခံရလောက်အောင် မိမိ၏လိုအပ် ချက်များကို ပြင်ဆင်မည်ဟူသောစိတ်ဖြင့် အကောင်းဆုံးဖြစ်အောင် ကြိုးစားခဲ့သော အရှင်ဥပသေန၏ ကြိုးပမ်းချက်တို့သည် အထူးအောင်မြင် ခဲ့လေပြီ။

## အရှင်ဥပသေန၏ နောက်ဆုံးနေ့

အရှင်ဥပသေန၏ ညီအစ်ကိုမောင်နှမအားလုံးတို့သည် သူ့ဂုဏ်ဒြပ်နှင့် သူ အသီးအသီး ထင်ရှားကျော်ကြားသူများ ဖြစ်ကြသည်။ အရှင်ဥပသေန သည် ရှေးကံအကြောင်းကြောင့် အခြားသောညီအစ်ကိုမောင်နှမများထက် စောစီးစွာပင် ပရိနိဗ္ဗာန်ပြုတော်မူရရှာတော့မည်။

အရှင်ဥပသေနသည် အခါတစ်ပါး နောင်တော် အရှင်သာရိပုတ္တရာ၊ တပည့်သံဃာတော်အရှင်မြတ်တို့နှင့်အတူ ရာဇဂြိုဟ်ပြည်အနီး သီတမည်သော သုသာန်တောဝယ် မြွေပါးပြင်းနှင့်တူသောကြောင့် သပ္ပသောဏ္ဍိက အမည်ရှိသော လိုဏ်ဂူ၌ သီတင်းသုံးတော်မူကြကုန်၏။

နောင်တော်ဖြစ်သော အရှင်သာရိပုတ္တရာနှင့် စကားပြောနေစဉ် လျှင်မြန်သောအဆိပ်ရှိသော (ထိရုံမျှဖြင့်ပြာကျသွားနိုင်သော) မြွေငယ်နှစ်ကောင်သည် လိုဏ်အပေါ်နံရံမှ ဆော့ကစားရင်း အရှင်ဥပသေန၏ ကိုယ်ပေါ်သို့ ကျရောက်လာသည်။

အရှင်ဥပသေနသည် တပည့်ရဟန်းတို့ကို **"အရှင်ဘုရားတို့ … လာကြကုန်၊ ငါ့ရှင်တို့ … ငါ၏ခန္ဓာကိုယ်ကို ညောင်စောင်းငယ်(ခုတင်ငယ်)သို့တင်၍ ဖွဲဆုပ်သည် ဖရိုဖရဲကျဲသကဲ့သို့ ဤငါ၏ကိုယ်သည်လည်း ဤနေရာ၌ပင်လျှင် ဖရိုဖရဲမကျဲမီ လိုဏ်၏အပြင်သို့ ထုတ်ဆောင်ကြပါ"** ဟု မိန့်တော်မူလေသည်။

ဥပသေနအရှင်မြတ်၏ ခန္ဓာကိုယ်ပေါ်သို့ ကျရောက်ရုံမျှဖြင့် ပြာကျသွားလောက်အောင် အဆိပ်ပြင်းထန်လှသည်။ မြွေဆိပ်ပြင်းထန်ပုံနှင့်ပတ်သက်၍ ဗဟုသုတအလို့ငှာတင်ပြရပါလျှင် ကမ္ဘာပေါ်တွင် မြွေအမျိုးအစားပေါင်း (၂၄၆၀)ကျော် ရှိသည်ဟုဆိုကြသည်။ မြွေအမျိုးမျိုးတို့တွင် ဤမြွေအမျိုးအစားသည် အလွန်အဆိပ်ပြင်းထန်သည့် မြွေအမျိုးအစားဖြစ်သည်။ ဤသို့ ခန္ဓာကိုယ်ကို ထိရုံမျှဖြင့် ပရိနိဗ္ဗာန်စံရတော့မည့် မြွေအမျိုးအစားဖြစ်သည်။ ထို့ကြောင့် မြန်မာတို့သည် 'မြွေကိုက်သည်' ဟု ခေါ်ဆိုရုံသာမဟုတ်၊ 'ပိုးထိသည်' ဟုလည်း ခေါ်ခဲ့ကြခြင်းဖြစ်ပေလိမ့်မည်။

မြွေတို့သဘောသည် ပူပြင်း ခြောက်သွေ့သော ရာသီဥတုရှိသေ
နေရာက မြွေတို့သည် ပို၍အဆိပ်ပြင်းထန်လေ့ရှိသည်။

ဥပမာ-ပရုတ်ဆီကို အနည်းငယ်လက်ဖြင့်ယူပြီး ရေနွေးပန်းကာ
နှစ်ခုအတွင်းထဲ လူးထားလိုက်ပါ။ တစ်ပန်းကန်ကို ရေနွေးပူပူထည့်ကြ
ပြီး နှာခေါင်းဖြင့် ရှူကြည့်လိုက်ပါ။ နောက်ပန်းကန်ထဲကို ရေအေးထည့်ပြီ
ရှူကြည့်လိုက်ပါ။ ရေနွေးပူပူပန်းကန်ထဲက ပရုတ်ဆီသည် အပူအရှိ
ကြောင့် နှာခေါင်းဖြင့်ရှူလိုက်ပါက ပြင်းထန်စွာပူလောင်သည်ကို တွေ့
ပါလိမ့်မည်။ ဤသို့ပင် ပတ်ဝန်းကျင်၏ ပူခြင်းနှင့် အေးခြင်းတို့၏
သဘောကို သိရှိနိုင်သည်။

ထို့ကြောင့် ပူပြင်းသော ရာသီဥတုရှိသော နေရာက အဆိပ်ရှိသော
သတ္တဝါတို့သည် ပို၍ပင် အဆိပ်ပြင်းထန်ကြောင်းကို သိရှိနိုင်ပါလိမ့်မည်။

ဥပသေနက အဆိပ်သင့်ပြီဖြစ်ကြောင်းကို ပြောကြားသောအခါ
အရှင်သာရိပုတ္တရာက **"ငါ့ရှင်ကသာ ဤသို့ဆိုနေသော်လည်း ငါ့ရှင်၏
ကိုယ်သည် တစ်ပါးသောအခြင်းအရာအားဖြင့်လည်းကောင်း၊ စက္ခုစသော
ဣန္ဒြေတို့၏ ဖောက်ပြန်ခြင်းသည်လည်းကောင်း မမြင်ကုန်"** ဟု မိန့်တော်
မူလိုက်သည်။

အရှင်ဥပသေနက "အရှင်ဘုရား ... မျက်စိ, နား, နှာ, လျှာ,
ကိုယ်, စိတ်ဟူသော ဣန္ဒြေတို့အပေါ်၌ ငါ,ငါ့ဥစ္စာဟု စွဲလမ်းသူတို့သာ
ထိုသို့ဖောက်ပြန်ခြင်းတို့သည် ဖြစ်ပါကုန်၏၊ တပည့်တော်သည် မျက်စိ,
နား, နှာ, လျှာ, ကိုယ်, စိတ်ဟူသော ဣန္ဒြေတို့အပေါ်၌ ငါ၊ ငါ့ဥစ္စာဟု
စွဲလမ်းခြင်းတို့သည် အလျဉ်းမရှိပါကုန်" ဟု လျှောက်ထားလေသည်။

အရှင်ဥပသေနမိန့်ကြားသည့်အတိုင်းပင် အစွဲအလမ်းရှိမှသာ စိုးရိမ်ကြ၊ ပူဆွေးကြခြင်းဖြစ်သည်။ အစွဲမရှိဘဲ အစွဲပြုတ်ပါက မည်သည့်လောကဓံနှင့် တွေ့သည်ဖြစ်စေ စိတ်အေးချမ်းစွာဖြင့် နေနိုင်ပါလိမ့်မည်။ ထို့ကြောင့်ပင် အရှင်ဥပသေနသည်လည်း ငြိမ်းအေးစွာ နေနိုင်ခြင်းဖြစ်သည်။

ထို့ကြောင့်ပင် ပညာရှင်တို့က -

**"သံသရာဝဋ်စက်-လွတ်ထွက်လိုသော်၊**

**စိတ်တွေအေးချမ်း-ရှင်လန်းလိုသော်၊**

**အစွဲတွေဖြုတ်-အားထုတ်ပျော်ပျော်၊**

**အစွဲပြုတ်-တဲကုပ်ရွှေနန်းတော်"**ဟု မိန့်ဆိုခဲ့ကြသည်။

သံဃာတော်တို့သည် အရှင်ဥပသေန၏ ခန္ဓာကိုယ်ကို ညောင်စောင်းသို့တင်၍ လိုဏ်၏အပြင်သို့ ယူဆောင်လာကြသည်။ ထိုအခါ အရှင်ဥပသေန၏ ခန္ဓာကိုယ်သည် ဖွဲဆုပ်များ ဖရိုဖရဲကျဲသကဲ့သို့ အပြင်သို့ရောက်လျှင်ရောက်ချင်း ဖရိုဖရဲကျဲသွားလေတော့သည်။

ဤသို့ ဘုရားရှင်၏ ပြင်းထန်သောပြစ်တင်ခြင်း ဆုံးမခြင်းတို့ကို အရှင်ဥပသေနသည် အကောင်းဆုံး လိုက်နာခဲ့သည်။ ဘုရားရှင်၏နှုတ်တော်မှပင် ထုတ်ဖော်ကာ ဧတဒဂ်ဘွဲ့ထူးဖြင့် ချီးကျူးခြင်းကို ခံရလောက်အောင် ကြိုးစားခဲ့သော အရှင်ဥပသေနကဲ့သို့ အားလုံးသောတပည့်အပေါင်း၊ သားသမီးအပေါင်းတို့သည်လည်း အရှည်ကို သိမြင်ကြကုန်သော ဆရာမိဘတို့၏ ဆုံးမခြင်းကို ရိုသေလေးစားစွာလိုက်နာကြလျှင်ကောင်းကျိုးလိုရာဆန္ဒတို့ ပြည့်ဝစွာ ရရှိနိုင်ကြောင်းကို အရှင်ဥပသေနက သက်သေပြသွားခြင်းပင် ဖြစ်သည်။ (သံ၊ ၂၊ ၂၆၇)

# ထူးခြားဆန်းပြား ဝတ္ထုများ(၁၀)

## မြွေဆိုး အကိုက်ခံ မသေပြန်

ဘုရားရှင် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်း၌ ဓမ္မစည်ကြီး ရိုက်
ဆော်တီးကာ ကျွတ်ထိုက်ကြသူ လူနတ်ဗြဟ္မာ သတ္တဝါတို့အား ဟောကြား
တော်မူလျက် အလျှုရှင် ဒါယကာဒါယိကာများအား တရားဟောချိန်၊
သံဃာတော်များအား ဟောချိန်၊ နတ်ဗြဟ္မာတို့အားဟောချိန်ဟု သ
အချိန်နှင့်သူ မနေမနား တရားဒေသနာများကို ဟောကြားတော်မူသည်။
မြတ်ဗုဒ္ဓ၏တရားစကားကို နာကြားရသူတို့သည် တရားနာနေစဉ်မှာပင်
**“ကြားနာရုံပင်၊ အပူစင်၍၊ ကျင့်လျှင်ချမ်းသာ၊ ကျင့်ပြီးခါလည်း၊ လွန်စွာ
ငြိမ်းချမ်း၊ နိဗ္ဗာန်နန်းနှင့်၊ စခန်းသင့်လှပါပေ၏”** ဟူသည့်အတိုင်း ရင်ထဲ၌
ရှိနေသော အပူအပင်များ အနည်းဆုံး ခေတ္တခဏ အေးချမ်းသွားကြသည်။
သာဝတ္ထိမြို့ထဲက သူဌေးသားတစ်ယောက်လည်း အများနည်းတူ
တရားနာယူပြီးသည်နှင့် အလွန်ငြိမ်းချမ်းသည့် မြတ်ဗုဒ္ဓသာသနာတော်
တွင်းသို့ ဝင်ရောက်လျက် ရဟန်းပြုရလျှင်ကောင်းပေလိမ့်မည်ဟု စဉ်းစား
ပြီး ဆုံးဖြတ်ချက်ချကာ သာသနာတော်တွင်းသို့ ဝင်ရောက်ရဟန်းပြုခဲ့သည်။

ရဟန်းပြုပြီးသည်နှင့် တရားအလုပ် အားထုတ်တော်မူသည်။ ရက်အနည်းငယ်ကြာလာသောအခါ သူဌေးသားရဟန်းတော်သည် သာသနာတော်၌မပျော်မပိုက် ခေါင်းငိုက်စိုက်ဖြင့် စိတ်၌ငြီးငွေ့လာကာ ပျင်းရိလာသည်။

နာမည်ကြီးသူဌေးသား ဖြစ်သည့်အားလျော်စွာ လူထွက်ပြန်လျှင်လည်း အများကဲ့ရဲ့စရာဖြစ်နေမည်။ သူ့မှာ "ရှေ့တိုးတော့ ထမ်းပိုး၊ နောက်ဆုတ်တော့ လှည်းထုပ်"ဟူသည့် စကားအတိုင်း ရှေ့ဆက်ပြီး ရဟန်းဘဝနေရန်လည်း မပျော်ရွှင်၊ နောက်သို့တစ်ဖန် လူထွက်ရပြန်လျှင်လည်း လူကဲ့ရဲ့စရာဖြစ်နေ၍ စိတ်ထဲမွန်းကျပ်ပိတ်လှောင်နေသည်။

ထိုရဟန်းငယ် ဆွမ်းစားကျောင်းမှ လေးလံထိုင်းမှိုင်းသောခြေလှမ်းတို့ဖြင့် သီတင်းသုံးရာကျောင်းသို့ ပြန်လာရာ၌ သံဃာတော်များ ရုတ်ရုတ်သဲသဲဖြစ်နေသည်ကို မြင်ရသောအခါ "အရှင်ဘုရားတို့ ... အဘယ်ကိစ္စအတွက် အလုပ်များနေကြတာလဲ"ဟုမေးလိုက်သည်။ သံဃာတော်တို့က "ငါ့ရှင် မြွေဆိုးတစ်ကောင် တွေ့ကြလို့ ဝိုင်းဖမ်းပြီး အိုးထဲထည့်နေကြတာ"ဟု ဖြေလိုက်ကြသည်။

ထိုရဟန်းငယ်သည် "**ရဟန်းဘဝမပျော်မရွှင်အတူတူ မြွေအကိုက်ခံကာ သေတော့မည်**"ဟု စိတ်အကြံဖြစ်ကာ "အရှင်ဘုရားတို့၊ အဲဒီမြွေကို တပည့်တော်အားပေးပါ၊ အခြားနေရာသို့သွား၍စွန့်ပါမည်"ဟု ဆိုကာ တစ်နေရာ ယူသွားပြီး '**မြွေကိုက်ခံကာ သေတော့အံ့**'ဟု နှလုံးသွင်း၍ မြွေထည့်ထားသည့် အိုးထဲလက်နှိုက်ကာ မွှေတော့သည်။ မည်သို့ပင်မွှေမွှေ မြွေကတော့ မကိုက်ဘဲဖြစ်နေသည်။ သို့နှင့်မြွေ၏ပါးစပ်ထဲကို

လက်ညှိုးထိုး နှိုက်ပြန်တော့လည်း မြွေကမကိုက်ဖြစ်နေပြန်သည်။

မြွေကို မည်သို့ပင်ပြုလုပ်ပါသော်လည်း မြွေကမကိုက်သည့်အတွက် သေလိုသောအကြံအစည် မအောင်မြင် ဖြစ်နေတော့သည်။ သို့ဖြင့် မြွေက မကိုက်သည်ဖြစ်၍ မြွေကိုစွန့်ပြီးပြန်လာကာ သံဃာတော်တို့အား "ဒီမြွေ က မြွေဆိုး မဟုတ်ပါဘူး၊ ရေမြွေ၊ မြက်လျှောမြွေမျိုးသာ ဖြစ်ပါတယ်" ဟုပြောရာ သံဃာတော်တို့က "အရှင်ဘုရား … ဒီမြွေဟာ လည်ရေ သုံးဆင့်နဲ့ တကယ့်မြွေဆိုးဆိုတာ တပည့်တော်တို့သိကြပါတယ်" ဟု ပြောကြားလိုက်သည်။

"ကိုယ်တော်တို့ကမြွေဆိုးဆိုသော်လည်း ပါးစပ်ထဲ လက်နှိုက်သော် လည်း မကိုက်ပါဘူးကိုယ်တော်" ဟု မြွေမကိုက်ပုံကို ပြောပြလိုက်သည် ဖြစ်၍ ကျန်သံဃာတော်တို့က အံ့အားသင့်ကြသော်လည်း မည်သို့မျှ ပြန် မပြောတော့ပေ။

တစ်နေ့သောအခါ ဆတ္တာသည်က သံဃာတော်တို့၏ဦးခေါင်းရှိ ဆံပင်ကို လှည့်လည်ရိတ်နေစဉ် ဆတ္တာသည်၏ သင်စုန်းဓားအပိုကို ရဟန်းဘဝပျင်းရိနေသော ရဟန်းငယ်က ယူသွားသည်။ ထိုသင်စုန်းဓားဖြင့် **'ကိုယ့်လည်ပင်းကို ကိုယ်တိုင်လှီးဖြတ်၍သေအံ့'** ဟု နှလုံးသွင်းကာ တိတ်ဆိတ်သော နေရာသို့ အရောက်တွင် လည်မျိုပေါ်သို့ သင်စုန်းဓား တင်လိုက်သည်။

လည်ပင်းကို သင်တုံးဓားဖြင့် လှီးဖြတ်ခြင်းနှင့်ပတ်သက်၍ ဘုရား ရှင် သက်တော်ထင်ရှားရှိစဉ်ကပင် ကိုယ့်လည်ပင်းကို သင်စုန်းဓားဖြင့် လှီးဖြတ်ခဲ့ကြသည့် "ရှင်ဆန္န" နှင့် "ရှင်ဂေါဓိက" ဟူသည့် မထေရ်တို့

ရှိခဲ့ကြသည်။

ရှင်ဆန္နဟူသည် ဘုရားရှင်နှင့် ဖွားဖက်တော် ရှင်ဆန္န မဟုတ်၊ အမည်တူ နောက်တစ်ပါးဖြစ်သည်။ ထိုအရှင်၏ဖြစ်စဉ်သည် ရာဇဂြိုဟ်မြို့အနီး ဂိဇ္ဈကုဋ်တောင်၌ ရှင်သာရိပုတ္တရာ၊ ရှင်မဟာစုန္ဒတို့နှင့်အတူ သီတင်းသုံးနေတော်မူစဉ်ဖြစ်သည်။

ရှင်ဆန္နသည် အပြင်းအထန်မကျန်းမမာဖြစ်နေသည်ကို သိ၍ ရှင်သာရိပုတ္တရာနှင့် ရှင်မဟာစုန္ဒတို့ သွားရောက် အားပေးစကားပြောရင်း တရားစကားမေးမြန်းရန်သွားကြသည်။ ဤသို့ပင် မကျန်းမမာဖြစ်နေသူများအား စိတ်ဓာတ်ခွန်အားဖြစ်စေရန်၊ တရားအသိဖြစ်ပွားစေရန်တို့ကို ဖေးမကြင်နာစွာ မကြာမကြာမေးမြန်းသင့်သည်။

ဝိနည်းပါဠိတော်၌ ဘုရားရှင်က -

**"ငါ၏ချစ်သား၊ ရဟန်းများတို့၊**
**ငါးအားညီတူ၊ ပြုလိုသူသည်၊**
**ငါ့တူညီမျှ၊ ဂိလာနကို**
**ဖေးမကြင်နာ၊ ပြုစုရာ၏ "**ဟု မိန့်တော်မူခဲ့သည်။
**(ယော ဘိက္ခဝေ မံ ဥပဋ္ဌဟေယျ၊**
**သော ဂိလာနံ ဥပဋ္ဌဟေယျ)** (ဝိ၊မဟာဝါ၊၃၊၄၁၇)

ရှင်ဆန္နသည် ရောဂါမသက်သာကြောင်း၊ ရောဂါသည် နောက်သို့မဆုတ်၊ ရှေ့သို့သာတိုး၍တိုး၍နေပါကြောင်း၊ သားရေလွန်ကြိုးဖြင့် အားကောင်းသော ယောကျ်ားတစ်ယောက်က ဦးခေါင်းကို ရစ်ပတ်လျက်ဆွဲသကဲ့သို့ ရှိပါကြောင်း လျှောက်ထားသည်။

ရှင်သာရိပုတ္တရာတို့သည် အားပေးစကားပြောရင်း၊ တရားနှလုံးသွင်း တတ်ရန် တရားတော်များကိုလည်း မေးမြန်းလျက် သက်သာရာကို ရစေ သောငှာ တရားနှင့်စပ်သော အားပေးစကား၊ နှစ်သိမ့်စကားတို့ကို ပြော ကြားကြသည်။ ထို့နောက် ရှင်သာရိပုတ္တရာတို့ ညီနောင်နှစ်ပါး ပြန်ကြွ တော်ခဲ့ကြသည်။

မထေရ်မြတ်ကြီးများပြန်ကြွတော်မူသောအခါ လည်တိုင်ရိုးကို ပြတ် သည့်တိုင်အောင် သင်တုံးဓားဖြင့်ဖြတ်တောက်လိုက်ချိန်၌ လည်ပင်းအရေ တည်းတည်းလေးသာကျန်သောအချိန်၌ ကြောက်စိတ်များဝင်လာ၍ မိမိကိုယ်ကိုယ် ပုထုဇဉ်သာရှိသေးကြောင်းကို သိလိုက်သည်နှင့် တရား အပြင်းအထန်ရှုမှတ်လိုက်သည်သောအခါ ချက်ချင်းပင် ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန်ပြုတော်မူသည့် **"သမသီသီ ရဟန္တာ"** အဖြစ်ဖြင့် မှတ်တမ်းတင် ခဲ့သည်။ (သံ၊၂၊ ၂၈၁။ ဋ္ဌ၊ ၃၊ ၁၉။ မ၊ ဋ္ဌ၊ ၄၊ ၂၄၄)

အရှင်ဆန္နနည်းတူ သမသီသီ ရဟန္တာအဖြစ် မှတ်တမ်းဝင်ခဲ့သူ ရဟန်းတော်တစ်ပါးရှိသေး၏။ ဂေါဓိကမထေရ်ဟု မှတ်တမ်းတင်ထား ကြသည်။ ထိုဂေါဓိကမထေရ်သည်လည်း ရာဇဂြိုဟ်မြို့၊ ဣသိဂိလိတောင် နံပါး၌ မည်းညိုသော အဆင်းရှိသော ကျောက်ဖြာထက်၌ သီတင်းသုံးနေ တော်မူသည်။ ရှင်ဆန္နကဲ့သို့ပင် ရောဂါဝေဒနာ အပြင်းအထန်ဖြစ်နေ၍ မခံစားနိုင်ရကား သေကြောင်းကြံစည်ခဲ့ခြင်းဖြစ်သည်။

မထေရ်သည် မိမိကိုယ်ကိုယ် ပုထုဇဉ်သာရှိသေးကြောင်းကို သိလိုက် ၍ တရားကိုမပြတ် ရှုမှတ်လိုက်သည်နှင့် ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန်ပြုသည့် **"သမသီသီရဟန္တာ"**အဖြစ်ဖြင့်ပင် မှတ်တမ်းတင်ခဲ့သည်။

ထိုမထေရ်မြတ်တို့ကို ဘုရားရှင်သည် သံသရာမှ လွတ်မြောက်သွားသည့်အတွက် အပြစ်မတင်မူ၍ ချီးမွမ်းတော်မူခြင်းဖြစ်သည်။ (သံ၊၁၊၁၂၂။ ဋ၊၁၊၁၆၈)

သေကြောင်းကြံစည်သည်ကို ချီးမွမ်းသည်မဟုတ်၊ သံသရာမှ လွန်မြောက်သည့်အတွက် ချီးမွမ်းတော်မူခြင်းဖြစ်သည်။ ရဟန်းဖြစ်သူသည် မိမိကိုယ်ကို သေကြောင်းမကြံစည်အပ်သည်ကို ပညတ်တော်မူခဲ့ပြီး ဖြစ်သည်။ **(န စ ဘိက္ခဝေ အတ္တာနံ ပါတေတဗ္ဗံ)** (ဝိ၊ပါ၊၁၊ ၁၀၄)

ယခုလည်း သေကြောင်းကြံစည်နေသော ဤအရှင်သပ္ပဒါသမထေရ်သည်လည်း သင်တုံးဓားလည်မျိုပေါ်သို့ တင်လိုက်စဉ် ရဟန်းဘဝရောက်လာသည်မှစ၍ မိမိ၏သီလကို ဆင်ခြင်ကြည့်သောအခါ အညစ်အကြေးမတင် ကင်းစင်သောလပြည့်ဝန်းကဲ့သို့လည်းကောင်း၊ ကောင်းစွာပွတ်အပ်သွေးအပ်သော ပတ္တမြားကဲ့သို့လည်းကောင်း အညစ်အကြေး မရှိသော မိမိ၏သီလကို သိမြင်တော်မူလိုက်သည်။

ထိုရဟန်းတော်သည် မိမိသီလ၏စင်ကြယ်မှုကြောင့် နောင်တပူပန်မှုမဖြစ်၊ နောင်တတစ်ဖန်မဖြစ်ပါက ဝမ်းမြောက်မှုများ၊ ပီတိများ တစ်ကိုယ်လုံးပျံ့နှံ့လျက် ဖြစ်သွားသည်။ ပီတိဖြစ်၍ ချမ်းသာခြင်းဖြစ်၊ သမာဓိဖြစ်၊ ဟုတ်တိုင်းမှန်စွာသိ၊ နိဗ္ဗိဒါဉာဏ်ဖြစ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဖြစ်လျက် ချက်ချင်းပင် ပဋိသမ္ဘိဒါဉာဏ်လေးပါး၊ သမာပတ်ရှစ်ပါးဖြင့် ရဟန္တာဖြစ်သွားတော့သည်။

ထိုသို့သီလမှသည် နိဗ္ဗာန်တိုင်အောင် အဆင့်ဆင့်ဖြစ်ပုံကို ဤသို့အတိုင်း မိန့်ကြားထားကြသည်။

**ဆောင်= စင်ကြယ်သီလ၊ ပါမောက္ခ၊ ဝိတ္ထာ'ပသု'ဓိ။**
**ယထာဘူတာ၊ နိဗ္ဗိဒါ၊ ဝိရာဝိမုတ္တိ။**

(သီလမှစတင်ကာ မဂ်ဖိုလ်ရပုံအထိ အဆင့်ဆင့်ရရှိပုံ- ဝိနည်း၅ ပရိဝါပါဠိတော်၂၈၈။ ဝိသုဒ္ဓိ၊၄၊၁၊၁၃)

ရဟန်းတော်များပင်ဖြစ်စေ၊ လူဒါယကာများပင်ဖြစ်စေ သီလအမြဲ လုံခြုံနေရန် အထူးလိုအပ်သည်။ အရှင်သပ္ပဒါသမထေရ်မြတ်သည် သာသနာတော်၌ မပျော်ပိုက်သော်လည်း ရဟန်းဖြစ်သည်မှ စတင်ကာ သီလလုံခြုံသူဖြစ်သည်။ ရဟန်းသီလက လူသီလနှင့်စာလျှင် အပြစ်အလိုက် ကုစားရခက်ခဲသည်။ လူဒါယကာတို့၏အပြစ်သည် ကုစားရလွယ်ကူသည်။ သို့ဖြစ်၍ ရဟန်းဖြစ်သူများ၌ ကုစားရန်ခက်ခဲသော ဂရုကအာပတ်များ ကင်းစင်ရန် လိုအပ်လျက်ရှိကြသည်။

ရဟန္တာဖြစ်သွားပြီး ကျောင်းခန်းအလယ်သို့ ရောက်လာသောအခါ သံဃာတော်အပေါင်းက "အရှင်ဘုရား၊ ဘယ်ကလာခဲ့တာလဲ"ဟု မေးသောအခါ သာသနာတော်ဝင်ရောက်လာသည်မှ အစပြုကာ ကုန်စင်

---

"ယခုတော့ ပကတိဓားက လည်မျိုမဖြတ်ဘဲနှင့် ဉာဏ်ဓားက အားလုံးစုံသောကိလေသာများကို ဖြတ် လိုက်ပါတယ်"ဟု ပြောကြားလိုက်သောအခါ...

---

အောင်ပြောပြလိုက်ပြီး **"ယခုတော့ ပကတိစားက လည်မျိုမဖြတ်ဘဲနှင့် ဉာဏ်ဓားက အားလုံးစုံသောကိလေသာများကို ဖြတ်လိုက်ပါတယ်"**ဟု ပြောကြားလိုက်သောအခါ သံဃာတော်တို့က "မိမိကိုယ်ကိုယ် ရဟန္တာ ဖြစ်ကြောင်း လိမ်ညာကာ ပြောတာပဲ"ဟုစွပ်စွဲကာ ဘုရားရှင်အား သွားရောက်လျှောက်ထားကြသည်။

ဘုရားရှင်က **"ရဟန္တာဖြစ်သွားသူသည် မိမိကိုယ်ကို ဇီဝိတိန္ဒြေမှမချ၊ မိမိကိုယ်ကို မသတ်တော့ပေ"**ဟု(*) ရဟန္တာဖြစ်ကြောင်း ထောက်ခံလိုက်သည်။

[ (*) အဟဉ္စိ "ဣမိနာ ခုရေန ဂလနာဠိံ ဆိန္ဒိဿာမီ"တိ ဉာဏခုရေန သဗ္ဗကိလေသေ ဆိန္ဒိန္တိ။

"န ဘိက္ခဝေ ခီဏာသဝါ နာမ သဟတ္ထာ အတ္တာနံ ဇီဝိတာ ဝေါရောပေန္တိ" ]

ထို့နောက် အရှင်သပ္ပဒါသမထေရ်မြတ် ရဟန္တာဖြစ်သွားသည်ကို သိရှိကြသော ရဟန်းသံဃာတော်တို့က ဘုရားရှင်အား မေးခွန်း(၃)ခု ဆက်လက် လျှောက်ထားကြသည်မှာ -

"၁။ မြတ်စွာဘုရား ..၊ အဘယ့်ကြောင့် ထိုမြွေသည် ထိုရဟန်းတော်အား မကိုက်ပါသနည်းဘုရား။

၂။ အရှင်ဘုရား ..၊ ဤသို့ ရဟန္တာဖြစ်သော် အရဟတ္တဖိုလ်ကို ရအံ့သောအကြောင်းရှိပါလျက် အဘယ့်ကြောင့် ဤအရှင်သပ္ပဒါသသည် ရဟန်းဘဝ၌မပျော်မရွှင် ပျင်းရိငြီးငွေ့ရပါသနည်းဘုရား။

၃။ ထိုရဟန်းတော်၏ အရဟတ္တဖိုလ်သို့ရောက်ကြောင်း ကောင်းမှုကား

အဘယ်ပါနည်းဘုရား''ဟု လျှောက်ထားကြသည်။

ဘုရားရှင်က (၁)အဖြေ၌ ''ရဟန်းတို့၊ ထိုမြွေသည် ဤရဟန်း ဤဘဝမှပြန်ရေသော် သုံးခုမြောက်ဘဝက ကျွန်ဖြစ်ခဲ့သည့်အတွက်ကြော ထိုမြွေသည် 'မိမိ၏ အရှင်သခင် ကျေးဇူးရှင်'ဟု သိသောစိတ်ကြော မကိုက်ဝံ့ခြင်း ဖြစ်သည်''ဟု ဦးစွာဖြေဆိုလိုက်သည်။ ဤအချိန်မှစတင် ထိုရဟန်းသည် **''သပ္ပဒါသ မထေရ် = မြွေ၏အရှင်သခင်''** ဟူသော အမည်ကို ရရှိလေတော့သည်။ (သပ္ပဒါသထေရဝတ္ထု)

နံပါတ်(၂) အဖြေမှာ ကဿပဘုရားရှင်လက်ထက်က ဘုရားရှင်၏ တရားစကားကို နာကြားပြီး သံဝေဂဉာဏ် ထက်သန်သည့် ရဟန်းတစ်ပါး ရှိခဲ့သည်။ ထိုရဟန်းတော်သည် အတော်ကြာလာသောအခါ ရဟန်းဘဝ၌ မပျော်ရွှင်တော့ဘဲ ပျင်းရိငြီးငွေ့လာသည်။ ရဟန်းဘဝ မပျော်မရွှင် ငြီးငွေ့သော ထိုရဟန်းအား သပ္ပဒါသဖြစ်လာမည့် ရဟန်းတော်က ရဟန်းဘဝ၏ချမ်းသာနှင့် လူ့ဘဝ၏အပြစ်များကို မပြတ်ပြောကြားလျက် ဆိုဆုံးမနေခဲ့သည်။

လူထွက်လိုသော ထိုရဟန်းသည် သင်္ကန်းစသောပရိက္ခရာများ သန့် ရှင်းအောင်ဖွပ်လျှော်ပြီး ဆုံးမသော ထိုရဟန်းအား ''တပည့်တော် လူ ထွက်လျှင် တပည့်တော်ရဲ့ သင်္ကန်းသပိတ်ပရိက္ခရာများကို အရှင်ဘုရားအား လှူပါမည်ဘုရား''ဟု လျှောက်လိုက်သည်မှစတင်ကာ စောစောက လူ မထွက်စေရန် တားမြစ်နေသောရဟန်းက ပြောင်းပြန် လူ့ဘဝ၏ ကောင်း ကျိုးများ၊ သာယာဖွယ်များ၊ ရဟန်းဘဝ၏ရန်းကန်ရသော ဆိုးကျိုးများကို ပြောကြားလာပြန်သည်။

လူထွက်လိုသော အဆိုပါရဟန်းက "ဤရဟန်းသည် ငါ့အား စောစောက စေတနာမှန်ဖြင့် လူမထွက်ရန် ဟောပြောကာတားမြစ်ခဲ့သည်။ ယခုတော့ ငါ၏သင်္ကန်းသပိတ်ပရိက္ခရာများကိုလိုချင်သည့်အတွက် ယခုလို ရှေ့စကားနှင့် နောက်စကားတို့မညီဘဲ ပြောကြားခြင်းဖြစ်၍ ငါသည် လူမထွက်တော့အံ့"ဟု ထိုရဟန်းတော်က လူထွက်လိုသော မိမိစိတ်ကို ထိန်းသိမ်းကာ ရဟန်းဘဝနှင့်ပင်ပျော်ပျော်ကြီးနေသွားခဲ့သည်။

ထိုသို့ လူထွက်လိုသောရဟန်းအား **'အဆင်းဘီးတပ်ပေးလိုက်သော စကားမျိုး'**ဟူသော လူထွက်ရန်တွန်းအားပေးသောစကားများကို ပြောဆိုခဲ့ခြင်းကြောင့် ရဟန္တာဖြစ်အံ့ဆဲဆဲ ပစ္ဆိမဘဝိကဘဝ၌ပင် ရဟန်းဘဝတွင် မပျော်မွေ့ခြင်း၊ မိမိကိုယ်ကို သေကြောင်းအမျိုးမျိုးကြံစည်ခြင်းများ ပြုလုပ်ခြင်းဖြစ်ကြောင်း ဘုရားရှင်က ဖြေကြားတော်မူလိုက်သောအခါ ကြားရသူတို့သည် 'သူ့မကောင်းကြံ၊ ကိုယ့်ဘေးရန်'ဟု အကုသိုလ်ကံ၏ ဆိုးကျိုးကို သိရှိကြလျက် သံဝေဂဉာဏ် အဖန်ဖန်ပွားကြကုန်၏။

နံပါတ်(၃)အဖြေမှာ ထိုသပ္ပဒါသရဟန်းတော်သည် ကဿပဘုရားရှင်လက်ထက်က ရဟန်းဘဝဖြင့် အနှစ် နှစ်-သောင်း ရဟန်းတရားကို ကြိုးစားအားထုတ်ခဲ့မှုကြောင့် ယခုဘဝ၌ ရဟန္တာမထေရ်မြတ်တစ်ပါး ဖြစ်ရကြောင်းကို ဘုရားရှင်က မိန့်ကြားတော်မူလိုက်သည်။

သပ္ပဒါသမထေရ်၏အကြောင်းကို ကြားကြရကုန်သော သံဃာတော်တို့သည် ဘုရားရှင်အား **"အရှင်ဘုရား၊ ဤရဟန်းသည် သင်တုံးဓားကို လည်မျို၌တင်ထားလိုက်သည်နှင့် အရဟတ္တဖိုလ်သို့ ရောက်သွားသည်ဟု မိန့်တော်မူရာ ဤမျှလောက်သောအချိန်ကာလဖြင့် အရဟတ္တမဂ်ကို ရနိုင်**

**ပါသလားဘုရား"**ဟု လျှောက်ထားကုန်၏။

ဘုရားရှင်က "ရဟန်းတို့... ဖြစ်နိုင်ရာပေ၏၊ လုံ့လကြိုးကုတ် အားထုတ်သော ရဟန်း၏ **ခြေကိုကြွ၍ မြေသို့ချသည်ရှိသော် ခြေသည် မြေသို့မရောက်မီပင် အရဟတ္တမဂ်ဖြစ်နိုင်ပေ၏။** ပျင်းရိသောသူ၊ လုံ့လကြိုးကုတ် အားမထုတ်သူတို့၏ အနှစ်တစ်ရာ ကာလကြာအောင် အသက်ရှင်မှုထက်ပင် ထိုသူ၏တစ်ခဏမျှသည် အလွန်မြတ်လှပေ၏"ဟု မိန့်ကြားတော်မူလိုရကား အောက်ပါ ဂါထာစကားကို မိန့်ကြားတော်မူလိုက်သည်။

**ယောစ ဝဿသတံ ဇီဝေ၊ ကုသီတော ဟီနဝီရိယော။**

**ဧကာဟံ ဇီဝိတံ သေယျော၊ ဝီရိယမာရဘတော ဒဠှံ။**

**"အကြင်သူသည် ပျင်းရိခြင်းလည်းရှိ၊ လျော့ကျသောဝီရိယလည်း ရှိခဲ့သော် အနှစ်တစ်ရာပင် အသက်ရှင်သော်လည်း မမြတ်။ မြဲစွာလုံ့လ ကြိုးကုတ် အားထုတ်သောသူ၏ တစ်ရက်မျှသည် မြတ်လှပေ၏"**ဟု မိန့်တော်မူလိုက်သည်။

ဒေသနာဝသာနေ ဗဟူ သောတာပတ္တိဖလာဒီနိ ပါပုဏိံသု။

တရားတော်ဟောကြား၍ပြီးဆုံးသောအခါ များစွာသောသူတို့သည် သောတာပတ္တိဖိုလ်၌တည်ကြကုန်၏။

ဓမ္မပဒလာ သပ္ပဒါသမထေရ်ဝတ္ထုကို တန်ဆာဆင် တင်ပြပါသည်။ (ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၄၃၄)

❁ ❁ ❁

# ထူးခြားဆန်းပြား ဝတ္ထုများ(၁၁)

## သံယောဇဉ် ပြင်းသူနှင့် ကင်းသူ

သံယောဇဉ်ဟူသည် နီးရာရာသို့ ငြိတွယ်တတ်မြဲဖြစ်သည်။ နွယ်သစ်ပင်ကဲ့သို့ ငြိတွယ်တတ်သော သဘောရှိသည်။ နွယ်ပင်သည် အညွန့်လေးများထောင်လာခဲ့လျှင် မှီတွယ်စရာကို ရှာပြီး ရစ်ပတ်တတ်သည်။ သံယောဇဉ်ဟူသည်လည်း နီးရာမှီတွယ်စရာကို ရှာပြီး ငြိတွယ်နေတတ်သည်။ ထိုအထဲတွင် သားသမီးမြေးများဖြစ်ခဲ့လျှင် ပို၍ဆိုးတတ်သေးသည်။

သို့သော် လူတိုင်း၌ ဤသို့တစ်သဘောတည်းဟု ပုံသေသတ်မှတ်လို့မရပါ။ သီဟိုဠ်ကျွန်း ကောရဏ္ဍကဟု ခေါ်အပ်သော တောရွာ၌ ကောရဏ္ဍကကျောင်းတိုက်၌ ကျောင်းထိုင်ဘုန်းကြီးနှင့် တူဖြစ်သူ ရဟန်းတို့ သီတင်းသုံးနေကြသည်။

ထိုကျောင်းကိုလည်း ကျောင်းဘုန်းကြီး၏နှမဖြစ်သူနှင့် ခင်ပွန်းတို့က ပင် ဆောက်လုပ်လှူဒါန်းထားကြခြင်းဖြစ်သည်။ ကျောင်းအမလည်းဖြစ်၊ နှမလည်းဖြစ်သူ၏သား တူဖြစ်သူရဟန်းငယ်က ရောဟဏဇနပုဒ်ရှိ စာသင်တိုက်သို့ စာသင်ကြွလိုကြောင်း လျှောက်ထားသဖြင့် မိခင်ဖခင်

ဖြစ်ကြသော ကျောင်းအမနှင့်ကျောင်းဒကာတို့ကလည်း သားဖြစ်သူ စာသင်ကြွမည်ကို ကျေနပ်စွာခွင့်ပြုလိုက်ကြသည်။

မယ်တော်ဖြစ်သူသည်အချိန်ကာလ ကြာလာသည်နှင့်အမျှ သား ရဟန်းကို လွမ်းဆွတ်သတိရနေသည်။ သတိရဖန်များလာသောအခါ အစ်ကိုဖြစ်သူ ကျောင်းထိုင်ဘုန်းကြီးအား အရဲစွန့်ပြီး သားကို ခေါ်ပေး ဖို့အကြောင်း မကြာခဏ လျှောက်ထားသည်။ လျှောက်ပါများလာတော့ အစ်ကို ကျောင်းထိုင်ဘုန်းကြီးက "အေးအေး .. အဆင်ပြေတဲ့ တစ်နေ့ နင့်သား ဦးပဥ္စင်းကို ငါသွားခေါ်ပေးမယ်"ဟု မိန့်တော်မူသည်။ မကြာ တော့သောအချိန်မှာပင် မထေရ်ကြီးသည် ကျောင်းကို စောင့်ရှောက်ဖို့ မှာကြားပြီး တူတော်ဦးပဥ္စင်းအား သွားခေါ်ရန် ထွက်ခွာသွားသည်။

ဝါဆိုရန်ပင် နီးကပ်နေပြီဖြစ်သည့်အတွက် အစ်ကိုမထေရ်ကြီးလည်း ပြန်ကြွမလာ၊ သားဖြစ်သူကလည်း ပြန်ကြွမလာသည်ဖြစ်၍ 'မည်သို့ဖြစ်နေ ကြပါလိမ့်'ဟု အတွေးပိုကာ သောကတွေ တပွေ့တပိုက်ဖြင့် စောင့်မျှော် နေရသည်။

ဝါဆိုရန် ရက်က အလွန်နီးပြီဖြစ်သည့်အတွက် ကောရဏ္ဍက ရွာဦး ကျောင်းသို့ ရောက်ရှိလာသော်လည်း စောင့်မျှော်နေသည်က အစ်ကိုကြီးနှင့် သားရဟန်း၊ ယခုတော့ အာဂန္တု ဦးပဥ္စင်းတစ်ပါးကိုသာ တွေ့နေကြသည် ဖြစ်၍ မယ်တော်ဖြစ်သူ ကျောင်းအမမှာ အမောမပြေဖြစ်နေကြရပြန်သည်။

ကျောင်းဒကာကြီးက ဝါကပ်တော့မည်ဖြစ်၍ ကျောင်းရှိသံဃာတော် တို့ထံ သွားရောက်၍ "အရှင်ဘုရားတို့..၊ တပည့်တော်များကျောင်းမှာ အဘာယ်မထေရ် ဝါဆိုဝါကပ်မှာပါလဲဘုရား"ဟု လျှောက်သောအခါ

သံဃာတော်များက ယနေ့ ကြွလာသော အာဂန္တု ရဟန်းငယ်တစ်ပါး ဝါကပ်မည်ဖြစ်ကြောင်း မိန့်ကြားလိုက်ကြသည်။

ကျောင်းဒကာလည်း အစ်ကိုဘုန်းကြီးနှင့်သားဖြစ်သူတို့ ပြန်မကြွလာသေးသော်လည်း အာဂန္တုတစ်ပါးရှိနေသေး၍ စိတ်သက်သာရာရသွားသည်။

ကျောင်းဒကာက အာဂန္တုရဟန်းတော်ထံ သွားရောက်လျှောက်ထားသည်မှာ "အရှင်ဘုရား ..၊ တပည့်တော်က ဒီကျောင်းရဲ့ ကျောင်းဒကာပါ၊ ဒီကျောင်းမှာ ဝါဆိုဝါကပ်တဲ့ ရဟန်းအတွက် ဝတ်ရှိပါတယ်ဘုရား" ဟု လျှောက်ထားရာ ရဟန်းငယ်က "ဘာဝတ်လဲ၊ ဒကာကြီး" ဟု မေးတော်မူသည်။

"မှန်လှပါ ..၊ တပည့်တော်များ ဒီကျောင်းမှာ ဝါဆိုဝါကပ်တဲ့ ရဟန်းတော်ဟာ တပည့်တော်များရဲ့ အိမ်မှာပဲ တစ်ဝါတွင်းလုံး ဆွမ်းအလှူခံရပါတယ်ဘုရား၊ ဝါကျွတ်လို့ ပဝါရဏာပြုပြီး တစ်နေ့ရာရာကို ကြွတော်မည်ဆိုလျှင်လည်း တပည့်တော်များအား မိန့်ကြားရပါမယ်ဘုရား" ဟု လျှောက်ထားသည်။

ဘုရားရှင်တို့မည်သည်မှာတော့ ဒါယကာလျှောက်ထား၍ ဝါဆိုဝါကပ်တော်မူပြီး ဝါကျွတ်သော် ထိုနေရာမှ ထွက်ခွာတော့မည်ဆိုလျှင် ပင့်လျှောက်သူကို နှုတ်ဆက်ပန်ကြားရခြင်းကို **"ဗုဒ္ဓါစိဏ္ဏ-ဘုရားရှင်တို့၏ အကျင့်"** ဟု ဆိုရသည်။

တပည့်သာဝကတို့မှာမူ ပင့်လျှောက်သူကို နှုတ်ဆက်လိုက နှုတ်ဆက်ပန်ကြားနိုင်သည်။ နှုတ်မဆက်လိုက နှုတ်မဆက်ဘဲ ထွက်ခွာသွားနိုင်သည်။

ဤသည်ကိုပင် “**သာဝကာစိဏ္ဏ-သာဝကတို့အကျင့်**”ဟု ခေါ်သည်

ထို့ကြောင့် ကျောင်းဒါယကာဖြစ်သူသည် ဝါလကင်းလွတ် သီတ
ကျွတ်ပြီဖြစ်သည့်အတွက် ပြန်ကြွသည်ရှိသော် ‘နှုတ်ဆက်ပါအုံး’
လျှောက်ထားရခြင်းဖြစ်သည်။

ကျောင်းဒကာသည် အိမ်သို့ပြန်ရောက်လာလျှင် ဝမ်းသာအားရဖြ
“ရှင်မရေ ... သားဘုန်းကြီး တူဝရီးနှစ်ပါးတို့ ပြန်မကြွလာပေမဲ့ ဒီန
ဝါကပ်မယ့် အာဂန္တုရဟန်းငယ်တစ်ပါး ကြွရောက်လာတယ်။ တို့ တစ်
တွင်းလုံး ဆွမ်းဝတ်ပြုဖို့ လျှောက်ထားခဲ့တယ်”ဟု ပြောနေသည်။

ကျောင်းအမဖြစ်သူလည်း “ကောင်းပါပြီ”ဟု ဝန်ခံသည့်အားလျော်
စွာ နေ့စဉ်ပင် မွန်မြတ်သော ဆွမ်းဘောဇဉ်တို့ကို လှူဒါန်းနေကြသည်
ဝါတွင်း သုံးလတို့ပတ်လုံး အိမ်၌ ကောင်းနိုးရာရာများ ပြုပြင် စီမံပြီး
လှူဒါန်းနေသည်။

ဝါလကင်းလွတ် သီတင်းကျွတ်၍ မဟာပဝါရဏာပြုပြီးသောအခါ
“ဦးပဥ္စင်းပြန်ကြွတော့မယ်”ဟု မိန့်ကြားသည်ဖြစ်၍ ဝါကျွတ်လက်ဆောင်
လှူဒါန်းနိုင်ရန် နောက်နေ့မှ ပြန်ကြွပါရန်လျှောက်ထားကြသည်။ ပြန်ကြွ
မည့်နေ့၌လည်း အိမ်မှာပင် ဆွမ်းကပ်ပြီး ဆီကျည်တောက်ကို ဆီအပြည့်
ထည့်ထားကြသည်။ တင်လဲခဲထန်းလျက်ခဲနှင့် ကိုးတောင်ရှိသော အဝတ်
ပိတ်စကို လှူဒါန်းလိုက်သည်။ အာဂန္တု ရဟန်းငယ်လည်း ဆွမ်းအနုမောဒနာ
တရားကို ဟောကြားပြီး စာသင်တိုက်ဖြစ်သော ရောဟဏဇနပုဒ်သို့
ပြန်ကြွတော်မူသည်။

ကျောင်းအမဖြစ်သူသည် သားကိုလည်းမျှော်ရ၊ အစ်ကိုကြီးကိုလည်း

မျှော်ရန်နှင့် သားကို သွားခေါ်သော အစ်ကိုကြီးနှင့် သားဖြစ်သူတို့ တူဝရီးနှစ်ပါး တစ်နေ့တော့ပြန်လာနိုးဖြင့် မျှော်ကိုးစောင့်စားနေသည်။ ယခုသိတင်းကျွတ်ပြီဖြစ်သည့် အတွက် ဆွမ်းကပ်စရာ သံဃာမရှိတော့အခါ ပို၍ပင် သတိရလာသည်၊ လွမ်းဆွတ်လာသည်။

မျှော်နေဆဲမှာပင် သပိတ်လွယ်လျက် အစ်ကိုကြီးဖြစ်သူ တစ်ပါးတည်း ပြန်လာသည်ကို ခပ်လှမ်းလှမ်းမှမြင်လိုက်သည့်အခါ မိခင်ဖြစ်သူသည် **'ငါ့သားလေး ဘာများဖြစ်သွားပါလိမ့်၊ အမယ်လေး.. ငါ့သားလေးတော့ ပါမလာဘူး၊ ပျံလွန်တော်မူပြီထင်ပါရဲ့၊ အစ်ကိုကြီးတစ်ပါးတည်း ပြန်ကြွလာတာ'** ဟူသည့် အတွေးများဖြင့် ပူပင်သောက ဗျာပါရ ရောက်လျက် ရှိနေသည်။

အစ်ကိုကြီးဖြစ်သူသည် နောက်တစ်နေ့ ကောရဗျာကရွာထဲ နှမဖြစ်သူ ကျောင်းအမအိမ်သို့ ဆွမ်းစားကြွလာသည်။ ကျောင်းအမ ညီမဖြစ်သူသည် အစ်ကိုဖြစ်သူ၏ ခြေရင်း၌ထိုင်လျက် ရှိခိုးဦးချကန်တော့ရင်း မျက်ရည်များ တသွင်သွင် စီးဆင်းလျက် ငိုကြွေးမြည်တမ်းနေသည်။

အစ်ကို မထေရ်ကြီးက - "အင်း.. တူမောင်ဖြစ်သူ ဦးပဋ္ဌင်းဟာ အလိုနည်း သံယောဇဉ်နည်းတဲ့အတွက် အသိမပေးဘဲ ပြန်ကြွသွားတာ ဖြစ်ပေလိမ့်မယ်" ဟုတွေးကာ ငိုနေသော နှမကို -

"နေစမ်းပါအုံး .. ငါ့နှမ၊ ဘာမပြော ညာမပြောနဲ့ ဘာလို့များ ငိုဖို့ပဲ စိတ်ကူးနေရတာလဲ"

မျက်ရည်များသုတ်လျက်နှင့် "တပည့်တော်မသား မောင်ပဋ္ဌင်း ပျံလွန်တော်မူလို့ မခေါ်ခဲ့တာလားဘုရား"

တစ်ဝါတွင်းလုံး အငမ့်အိမ်မှာ နေ့တိုင်း ဆွမ်းစားနေပါ
လျက်နဲ့ မယ်တော်ကြီးလို့ တစ်ခွန်းမှ မဟာဘူး၊ ဒါမှ အငမ့်သား
သံယောဇဉ်ကင်းအောင်နေနိုင်တဲ့ အံ့ဩဖွယ် အာစာနည်
ယောက်ျားမြတ်ပါလားဘုရား . . .

"ဩော်‥ နင်တို့ဥစ္စာ ငိုတာက စတာကိုး‥၊ အကြောင်းအကျိုးလေး လည်း မေးအုံးမှပေါ့၊ ငါလည်း ဒီကျောင်းကထွက်အသွား၊ သူကလည်း နင်တို့ကိုတွေ့ရ နင်တို့ဖူးရအောင်ဆိုပြီး ရောဟဏာဇနပုဒ်က ပြန်လာတာကို မဟာဝေလိ ဂင်္ဂါမြစ်ကမ်း သစ်ပင်ရိပ်မှာ တို့တူအရီး နှစ်ပါးဆုံမိခဲ့ကြ တယ်။

'အေး‥ ဒါနဲ့ ငါက ‥ မင်း မယ်တော်နဲ့ ခမည်းတော်တို့က မျှော်နေကြောင်း၊ ငါကိုယ်တိုင် မင်းကိုလာခေါ်တဲ့အကြောင်း၊ ရွာကျောင်း မှာပဲ ဝါဆိုဖို့အကြောင်းမှာပြီး၊ ငါလည်း ဂါမဝါသီပလိဗောကေင်းပြီး တရားလေး ဘာလေးအာရုံပြုဖို့ အခြားတစ်နေရာမှာ သီတင်းသုံးမယ်လို့ ပြောခဲ့တာ၊ ဒါ့ကြောင့် သူ ဒီမှာတစ်ဝါ ဆိုတာ။

'ငါလည်း ဝါကျွတ်လို့ ပြန်လာတော့ အသွားမှာ ဆုံခဲ့တဲ့ နေရာမှာပဲ တိုက်တိုက်ဆိုင်ဆိုင် တစ်ဖန်ပြန်ဆုံကြတယ်။ နင်တို့နဲ့တွေ့ကြောင်း၊

နေကောင်းကြောင်းစတဲ့ အကြောင်းစုံကို ငါ့ကို လျှောက်ပါသေးတယ်" ဟု မိန့်တော်မူသည်။

နမဖြစ်သူမှာ အစ်ကို မထေရ်ကြီးရှင်းပြတော့မှ ဝမ်းနည်းရမည်လား ဝမ်းသာရမည်လား မဝေခွဲနိုင်ဘဲဖြစ်၍ နားထဲလည်း ရှုပ်ထွေးလာသလို အတွေးများလည်းရှုပ်ထွေးလာသည်။

"အရှင်ဘုရား .. တပည့်တော်မသား မောင်ပဍ္ဍင်းက ဘယ်မှာ ပါလဲဘုရား"။

"ငါပြောတဲ့ စကားကို နားလည်အောင် နားထောင်အုံးလေ၊ ဒါနဲ့ အရိပ်အာဝါသကောင်းတဲ့ သစ်ပင်ကြီးအောက်မှာ အမောဖြေရင်း သူက တောင် ငါ့ကို ဆီကျည်တောက်ထဲက ဆီကိုငှဲ့ပြီး ခြေထောက်တွေ ပွတ်သပ်နှိပ်နယ်ပေးသေးတယ်၊ ပါလာတဲ့ တင်လဲခဲကိုလည်း ရေနဲ့ ဖျော်ကပ်သေးတယ်၊ ပြီးတော့ (သပိတ်အိတ်ကိုဖွင့်ကာ တစ်စုံတစ်ခု နှိုက်ယူလိုက်ပြီး) နင်တို့ လှူလိုက်တဲ့ အဝတ်စကိုတောင် ငါ့ကို ပြန်လှူ လိုက်သေးတယ်၊ ရော့ကြည့် .. ဒါနင်တို့လှူလိုက်တဲ့ ပိတ်စမဟုတ်လား၊ ကြည့်ပါအုံး"ဟု ပိတ်စကို နမဖြစ်သူအား သက်သေအနေဖြင့် ပြပြီး အကြည့်ခိုင်းလိုက်သည်။

"ဩော် .. ဒါဆို တပည့်တော်မသား မောင်ပဍ္ဍင်း မပျံတော်မူ ဘူးပေါ့ဘုရား"ဟုပြောကာ မိခင်ဖြစ်သူမှာ မျက်ရည်များ သုတ်ပြီး အလွန်ဝမ်းသာသွားသည်။ သားမောင်ပဍ္ဍင်းရှိရပ်အရပ်ကို မျှော်မှန်းကာ မြေကြီးကို ရင်ဖြင့်ဝပ်လျက် အားရပါးရ ရှိခိုးလိုက်သည်၊ နှုတ်မှလည်း-

"ဒါမှ ငါ့သား၊ ဒီလိုသားနဲ့တူတဲ့ ရဟန်းတော်တွေ သက်သေတင်ပြီး

ရထဝိနီတသုတ်လာ အကျင့်တွေ၊ ရောင့်ရဲမှုတွေ၊ ဘာဝနာဖြင့် မွေ့လျော် ပျော်ပိုက်တော်မူကြတဲ့အရိယာတွေ၊ ထိုတရားတွေကို ဘုရားရှင်ဟောတော်မူခဲ့တာ အမှန်ပါပဲဘုရား၊ တစ်ဝါတွင်းလုံး အမေ့အိမ်မှာ နေ့တိုင်း ဆွမ်းစားနေပါလျက်နဲ့ မယ်တော်ကြီးလို့ တစ်ခွန်းမှ မပြောဘူး၊ ဒါ အမေ့သား၊ သံယောဇဉ်ကင်းအောင်နေနိုင်တဲ့ အံ့ဩဖွယ် အာဇာနည် ယောက်ျားမြတ်ပါလားဘုရား''ဟု သားရဟန်း၏ဂုဏ်ရည် အလီလီကို မှန်းမျှော်ရင်းလျှောက်ထားလိုက်သည်။

[ ဝိသုဒ္ဓိမဂ်၊ဋ္ဌ၊၁၊၈၈-လာ ဝတ္ထုကို ဆရာကြီး ဦးဒွေးလှိုင်က သီဟိုဠ်ခေတ်စံတော်ဝင် အရိယာများစာအုပ်မှ တင်ပြသည်။ မူရင်းဝတ္ထုနှင့် အစဉ်အတိုင်းဖော်ပြထားသော်လည်း ဆရာကြီးက ဝတ္ထုရေးနည်းအရ တစ်ကွက်ချန်တင်ပြထားခြင်းဖြစ်သည်။ ]

❖ ❖ ❖

# ထူးခြားဆန်းပြား ဝတ္ထုများ(၁၂)

## တွေ့ပါလျက် နှုတ်မဆက်

သံယောဇဉ် ကင်းတော်မူသော သားတော်များနှင့် မိခင်အကြောင်းကို မတင်ပြမီ 'ပလိဗောဓ'အကြောင်းကို တင်ပြပါမည်။

သံဃာတော်လောက၌ 'ကြောင့်ကြစိုက်နေရခြင်း'ကို 'ပလိဗောဓ' ဟုခေါ်သည်။ ထိုပလိဗောဓသည် (၁၀)ပါးရှိကြောင်း ကျမ်းဂန်တို့၌ ဆိုထားသည်။ ထို(၁၀)ပါးဟူသည် -

**အာဝါသော စ ကုလံ လာဘော၊ ဂဏော ကမ္မဉ္စ ပဉ္စမံ။**
**အဒ္ဓါနံ ဉာတိအာဗာဓော၊ ဂန္ထော ဣဒ္ဓီ'တိ တေ ဒသ။** (ဝိသုဒ္ဓိ၊၁၊၈၆)

(၁) အာဝါသပလိဗောဓ=ကျောင်းကန်သေနာသနအတွက် ကြောင့်ကြစိုက်နေရခြင်း။

(၂) ကုလပလိဗောဓ=ဒကာဒကာမ၊ မိတ်ဆွေ သင်္ဂဟတို့အတွက် ကြောင့်ကြစိုက်ရခြင်း။

(၃) လာဘပလိဗောဓ=ပစ္စည်းရမှုအတွက် ကြောင့်ကြစိုက်နေရခြင်း ဘုန်းကံကြီးမားသော ပုဂ္ဂိုလ်များအတွက် မိမိက အလိုမရှိသော်လည်း လှူသူများ၍အနှောင့်အယှက်ဖြစ်ရခြင်း။ (မာတုဂါမသည် ရဟန္တာ အရှင်မြတ်အား မနှောင့်ယှက်နိုင်သော်လည်း လာဘ်လာဘကား ထိုပုဂ္ဂိုလ် တို့၏ ဖလသမာပတ်ကို နှောင့်ယှက်နိုင်သည်ဟု သံ၍ဖွင့်သည်။)

(၄) ဂဏပလိဗောဓ=ဂိုဏ်းဂဏ အသင်းအဖွဲ့ ရှိနေသူများအတွက် ထိုဂိုဏ်းဂဏအသင်းအဖွဲ့များကို ကြောင့်ကြစိုက်နေရခြင်း။

(၅) ကမ္မပလိဗောဓ=အမှုကိစ္စအဝဝအတွက် ကြောင့်ကြစိုက်နေရခြင်း။

(၆) အဒ္ဓါန ပလိဗောဓ=ကိစ္စအဝဝအတွက် ခရီးသွားမှု၌ ကြောင့်ကြ စိုက်ရခြင်း။

(၇) ဉာတိပလိဗောဓ=ဆရာတပည့် မိဘသားသမီး ဆွေမျိုးတို့ အတွက် ကြောင့်ကြစိုက်နေရခြင်း။ (မိဘဆရာတို့ မကျန်းမာ၍ ပြုစုနေ ရခြင်းကိုမူ ပလိဗောဓဟု မဆိုရပေ။ ကျင့်ဝတ်တာဝန်များ ရှိနေသော ကြောင့်တည်း။)

(၈) အာဗာဓ ပလိဗောဓ=မိမိ ရောဂါအတွက် ကြောင့်ကြစိုက်နေရ ခြင်း။ (အနာရောဂါ ရှိနေလျှင် ပျောက်ကင်းအောင်ပြုလုပ်နေရခြင်းတို့ ဖြစ်သည်။)

(၉) ဂန္ထပလိဗောဓ=စာပေကျမ်းဂန် သင်အံ ပို့ချ ရေးသား နာကြား ရမှု၌ ကြောင့်ကြစိုက်နေရခြင်း။

(၁၀) ဣဒ္ဓိပလိဗောဓ=တန်ခိုးရနေသည့်အတွက် ကြောင့်ကြစိုက်နေ ရခြင်းတို့ဖြစ်သည်။

ထိုပလိဗောဓတို့ ရှိနေလျှင် ကမ္မဋ္ဌာန်းတရားကို အားထုတ်နေသူပဲဖြစ်ဖြစ်၊ စာပေသင်ကြားနေသူပဲဖြစ်ဖြစ် ကြောင့်ကြမှု တစ်ခုခုရှိနေလျှင် စိတ်ဖြောင့်ဖြောင့် အားမထုတ်နိုင်၊ မကြိုးစားနိုင်တော့ပေ။

ကမ္မဋ္ဌာန်းအလုပ်ကို အပြင်းအထန်အားထုတ်သူတို့အတွက် စာပေသင်ကြားနေရခြင်းသည် ဂန္ထပလိဗောဓဖြစ်သည်။ ထို့အတူ စာပေ အပြင်းအထန် အားထုတ်တော့မည်ဆိုလျှင်လည်း ကမ္မဋ္ဌာန်းတရားသည် ပလိဗောဓသဘောဖြစ်နေပြန်သည်။ တစ်ခုခုကို အပတ်တစ်ကုပ် အားထုတ်နေခိုက် နောက်တစ်ခုအားထုတ်ရလျှင် မထိရောက်နိုင်သောကြောင့် ပလိဗောဓဟုခေါ်ရခြင်းဖြစ်သည်။ တစ်ခုခုကို အပြင်းအထန် အားထုတ်တော့မည်ဆိုလျှင် စွန့်လွှတ်သင့်သည့် ပလိဗောဓကို စွန့်လွှတ်ထားရမည်။

## နာဂ ညီနောင်တို့၏ သံယောဇဉ် ဖြတ်တောက်မှု

စူဠနာဂနှင့် မဟာနာဂတို့သည် ကုလပလိဗောဓဟုခေါ်သော ဒကာဒကာမတို့နှင့်စပ်၍ ကြောင့်ကြခြင်း ကင်းရှင်းစွာ နေတော်မူခဲ့သည်မှာ သာသနာတော်တွင် စံပြဖြစ်တော်မူကြသည်။

ဘုရားရှင်သည် မေတ္တသုတ်တော်ကို ဟောကြားရာမှာပင် "**ကုလေသု အနနုဂိဒ္ဓေါ**= မိသားစု ဒကာ ဒကာမ အမျိုးတို့ အပေါ်၌ အလွန်အမင်း မစွဲလန်းရာ"ဟုလည်းကောင်း၊ စန္ဒူပမာသုတ်တော်၌ ကောင်းကင်တွင်လှည့်ပတ်သွားလာသော နေနှင့်လတို့သည် ငြိတွယ်ခြင်းမရှိ သွားလာနိုင်သလို လနေပမာကျင့်သုံးရမည်ဟုလည်းကောင်း မိန့်တော်မူ

ခဲ့သည်။

ဤ စန္ဒူပမာသုတ်တော်၌ ရှင်မဟာကဿ မထေရ်မြတ်ကြီးသည် သွားလေရာအရပ်၌ ကြည်ညိုသူ ပေါများလှပါ၏။ မည်သည့် ဒကာ ဒကာမတို့ကိုမျှ တွယ်ငြိမှုမရှိရုံမျှမက 'နိစ္စနဝက-တွေ့သူတိုင်းကို အသစ်အသစ်ချည်း တစ်စိမ်းတစ်ရံ ဆန်ဆန်ချည်းဖြစ်နေသည်'ဟု ဆိုသည်။ ဒကာဒကာမတို့သည် မိမိအပေါ် တွယ်တာမှုမရှိအောင် သူတစိမ်းဆန်ဆန် ပြုကျင့်တော်မူသည်။ 'ပြုကျင့်'ဆိုရာ၌ ဒကာ ဒကာမ တို့ ရင်ဘတ်၌ ထင်ကျန်အောင်, စွဲသွားအောင်, မကြာမကြာ သတိရ အောင်ဟူသော ပြောဆိုခြင်း၊ နေထိုင်ခြင်းတို့ကို ပြုတော်မမူသည်ကို ဆိုလိုသည်။

သံသရာမှလွတ်အောင် ရှန်းကြသူတို့သည် ဤသို့ပင် သက်ရှိသက်မဲ့ မည်သည့်အရာဝတ္ထုအပေါ်ကိုမျှ မစွဲလမ်းခြင်း, မတွယ်တာခြင်းနှင့် မစွဲ လမ်းအောင် မတွယ်တာအောင် ကျင့်သုံးခြင်းသည် အကောင်းဆုံး ဖြစ် သည်။

---

မည်သည့် ဒကာ ဒကာမတို့ကိုမျှ တွယ်ငြိမှုမရှိရုံမျှမက
"နိစ္စနဝက–တွေ့သူတိုင်းကို အသစ်အသစ်ချည်း တစ်စိမ်း
တစ်ရံ ဆန်ဆန်ချည်းဖြစ်နေသည်"ဟု ဆိုသည်။

---

ထိုသို့တွေ့သူတိုင်းအပေါ် အတွယ်တာကင်းကင်း ကျင့်သုံးခဲ့ကြသည့် မထေရ်တို့တွင် စူဠနာဂမထေရ်နှင့် မဟာနာဂ ညီနောင်တို့သည် သာသနာတော်၌ ကြောင့်ကြစိုက်ခြင်း ကင်းတော်မူကြပုံမှာ စံပြဖြစ်တော်မူကြကြောင်း သံဂါယနာတင် အရှင်မြတ်တို့က မှတ်တမ်းတင်ခဲ့ကြသည်။

အခြားသော သာမာန်လူတို့ကို မဆိုထားဘိ မိဘအပေါ်၌ပင် ကြောင့်ကြခြင်း တွယ်တာခြင်းအလျဉ်းမရှိ ကင်းတော်မူကြပုံမှာ အားကျ အတုယူစရာ ကောင်းလှသည်။

သီဟိုဠ်ကျွန်း၌ မဟောဠမြို့သားဖြစ်သော အရှင်စူဠနာဂနှင့် အရှင်မဟာနာဂ မထေရ်မြတ် ညီနောင်နှစ်ပါးတို့သည် ဇာတိမြို့မှ ထွက်ခွာကြ၍ စိတ္တလတောင်ခြေရှိ စာသင်တိုက်သို့သွားကာ ပရိယတ်စာပေသင်ကြားခြင်း၊ ပဋိပတ်အကျင့်မြတ် ကိုကျင့်သုံးခြင်းဖြင့် နှစ်ပေါင်း (၃၀)ကြာမြင့်ပြီ ဖြစ်သည်။

ကြောင့်ကြခြင်းများ ကင်းရှင်းစွာဖြင့် သင်ကြားခြင်း အားထုတ်ခြင်းများကို ကြိုးစားအားထုတ်တော်မူကြသည်ဖြစ်၍ ညီနောင်နှစ်ပါးလုံး ရဟတ္တဖိုလ်သို့ ဆိုက်ရောက်၍ ရဟန္တာအရှင်မြတ်များအဖြစ်သို့ပင် ရောက်တော်မူကြသည်။

အောင်မြင်မှု တစ်ခုခုကို ရလိုသူသည် အောင်မြင်နိုင်သည့် လမ်းကြောင်းကို အတိအကျ ရွေးချယ်ပြီးပါက ပလိဗောဓ မှန်သမျှကို ဖြတ်တောက်ပြီး မိမိ၏ ဦးတည်ထားသော လုပ်ငန်းအောင်မြင်ရေးကိုသာ တစိုက်မတ်မတ်ပြုလုပ်ရန် လိုအပ်သည်။

မထေရ်မြတ်နှစ်ပါးသည် ရဟန်းကိစ္စပြီးမြောက်သည်ဖြစ်၍ မယ်

တော်ကြီးအားလည်း ချီးမြှောက်ရန်အတွက် စိတ္တလတောင်မှ ဇာတိဖြစ်သော မဟေဋ္ဌမြို့သို့ ကြွရောက်တော်မူလာကြသည်။ ညီနောင်နှစ်ပါးတို့သည် နောက်နေ့နံနက် အရုဏ်တက်တွင် မယ်တော်ကြီးအိမ်၌ အခြားရဟန်းတော်တို့ကဲ့သို့ပင် ဆွမ်းရပ်တော်မူကြသည်။

နှစ်ပေါင်း (၃၀)ကျော် ဝေးကွာခဲ့ကြသည်က တစ်ကြောင်း၊ အသက်အရွယ်ကလည်း ကြီးရင့်လာသည်က တစ်ကြောင်းတို့ကြောင့် သားတော်ရဟန်းများကို မမှတ်မိသော်လည်း ရင်ထဲမှာတော့ လွမ်းဆွတ်သည့် ဝေဒနာများ ခံစားနေရသည်။ မိခင်တို့၏ ဓမ္မတာသဘောဟုလည်း ပြောနိုင်သည်။

ယခုတစ်လော သွေးကပဲစကားပြောလေသလားမသိ၊ ပို၍ပင် မယ်တော်ကြီးသည် သားရဟန်းတော်များကို သတိတရလျက်ဖြစ်နေသည်။ သို့ဖြစ်၍ အရွယ်တော်ကြီးရင့်နေပြီဖြစ်သည့် မယ်တော်ကြီးသည် သားရဟန်းများ၏ အရွယ်တော်ရှိ သံဃာတော်တို့ကိုတွေ့လျှင် **'ဒီကိုယ်တော်ငါ့သားတော်များ ဖြစ်ကြလေမလား'** ဟု သံသယမျက်လုံးဖြင့် စူးစိုက်ရှာဖွေကြည့်နေတတ်သည်။

သံဃာတော်တို့ကို တွေ့တိုင်း ဆွမ်းလောင်းတိုင်း ဤသို့ပင် စိတ်ရောက်ပြီး ဆွမ်းလောင်းနေသည်။ ဖူးမြင်ရသည့် သံဃာတော်တိုင်းကိုလည်း ကြည်ညိုနေသည်။ ဤသို့သတိထား ကြည့်ရင်းကြည့်ရင်းနှင့် သားကြီးအရှင်နာဂမထေရ်ကို အသေအချာတွေ့လိုက်ပြီဖြစ်သည်။

တွေ့လိုက်သည်ဖြစ်၍ စူးစိုက်ပြီး အရွယ်ပမာဏ၊ အရပ်ပမာဏ၊ မျက်နှာပုံပန်းသဏ္ဌာန်၊ ဦးခေါင်းပုံပန်းသဏ္ဌာန်များကို ငယ်ရုပ်ပုံကို

မှန်းကာ အသေအချာကြည့်ပြီး -

**"ချစ်သား ..၊ သင်ဟာ ဒကာမကြီးရဲ့သား မဟာနာဂ မဟုတ်လား"** ဟု လျှောက်ထားလိုက်သည်။ မထေရ်မြတ်ကလည်း -

**"ဒကာမကြီး၊ နောက်က ကြွလာနေတဲ့ မထေရ်ကို လျှောက်ပါဦး"** ဟု မိန့်တော်မူရင်း ကြွသွားသည်။

နောက်ကကြွလာသည့် စူဠ နာဂမထေရ်ကိုလည်း -

**"ချစ်သား ..၊ သင်ဟာ ဒကာမကြီးရဲ့သား စူဠနာဂမထေရ် မဟုတ်လား"**ဟုပင် အသက်အရွယ် ကြီးရင့်နေပြီဖြစ်၍ မျက်စိကလည်း မွဲနေပြီ ဖြစ်သည့်အတွက် အတိအကျမမေးရဲဘဲ သံသယဖြင့်သာ မေးလိုက်ခြင်းဖြစ်သည်။

စူဠနာဂမထေရ်မြတ်က **"ဒကာမကြီး ..၊ ဘာဖြစ်လို့ ရှေ့က ကြွလာတဲ့ ကိုယ်တော်ကို မမေးလျှောက်တာလဲ"**ဟုသာ ဖြေကြားတော်မူပြီး ကြွသွားပြန်သည်။

အသက်အရွယ် ကြီးရင့်နေပြီဖြစ်သည့် အဘွားအိုသည် **"သြော်-ဒီကိုယ်တော်တွေဟာ ငါ့သားနှင့်တူပေမဲ့ မဟုတ်ကြလို့ထင်ပါရဲ့"**ဟု ဖြေဆည်ရာကိုရှာရင်း စိတ်ထဲမှာလည်း ဟာတာတာနှင့်ကျန်ရစ်ခဲ့သည်။

စူဠနာဂမထေရ်မြတ်နှင့် မဟာနာဂမထေရ်မြတ် ညီနောင်တို့သည် ဤသို့ မိခင်အရင်းကိုသော်လည်း 'ဉာတိပလိဗောဓ' ဟူသည့် ကြောင့်ကြခြင်း ကင်းကင်းရှင်းရှင်းဖြင့် နေတော်မူခဲ့ကြသည်။

(သံ၊ နိဒါန၊ ၄၊ ၂၊ စန္ဒူပမသုတ်၊ ၁၅၅နှင့်၊ ဆရာကြီး ဦးဌေးလှိုင်၏ စံတော်ဝင် အရိယာများမှ ...)

# ထူးခြားဆန်းပြား ဝတ္ထုများ(၁၃)

## ဘုရားဖူးမြင် အမှူးစင်

ဥဂ္ဂသူကြွယ်၊ ဥဂ္ဂသူဌေး၊ ဥဂ္ဂအမတ်-ဟူသော ဥဂ္ဂအမည်ဖြင့် သာသနာတော်၌ သူ့နည်းသူ့ဟန်ဖြင့် အလွန်ထင်ရှား ကျော်ကြားခဲ့သူများ ရှိခဲ့ကြသည်။

ဥဂ္ဂဟူသောအမည်ဖြင့် -

(၁) ဥဂ္ဂသူကြွယ်၊ ဝဇ္ဇီတိုင်း၊ ဒုတိယဥဂ္ဂသုတ်၊ ဟတ္ထိဂါမရွာသား (အံ၊ ၃၊ ၅၀၊ အဋ္ဌကနိပါတ)

(၂) ဥဂ္ဂသူကြွယ်၊ ဝေသာလီပြည်(မနာပဒါယီသုတ်၊ အံ၊၂၊ ၄၂၊ ပဉ္စကနိပါတ)

(၃) ဥဂ္ဂသူကြွယ်၊ ဝေသာလီပြည် (ပဌမဥဂ္ဂသုတ်၊ အံ၊၃၊ ၄၇၊ အဋ္ဌကနိပါတ)

(၄) ဥဂ္ဂဟူသောအမတ် (ဥဂ္ဂသုတ်၊ အံ၊၂၊ ၄၀၀၊ သတ္တကနိပါတ) ဟု လေးယောက်ရှိသည်။

ထိုပုဂ္ဂိုလ်(၄)မျိုးတို့တွင် -

(၁)ဝဇ္ဇီတိုင်း၊ ဟတ္ထိဂါမရွာသား ဥဂ္ဂသူကြွယ်၏ ထူးခြား၍ဆန်းပြားလှသည့် အကြောင်းအရာကို ထူးခြားဆန်းပြား ဝတ္ထုများအဖြစ် တင်ပြပါမည်။

ဟတ္ထိဂါမဟူသည် '**ဆင်ရွာ**'ဟုအဓိပ္ပာယ်ရသည်။ စမ်းချောင်းမြို့နယ် သံဃနာယကဥက္ကဋ္ဌ(ဟောင်း) ရွှေတောင်ကျောင်းဆရာတော် ဦးထေရဝံသာ ဘိဝံသနှင့် ငယ်စဉ်က ပထမကြီးတန်း၌ စာအတူတက်ခဲ့ကြရသည်။ သူ့ရွာကလည်း ပဲခူးတိုင်း၊ ဝေါမြို့နယ်၊ ဆင်ရွာဖြစ်သည်။ နောက်ကြောင်ကြ ကျီစယ်ကြရင်း သူကပြောသည်မှာ 'ငါတို့ရွာက ဘုရားလက်ထက်ကပင် ရှိခဲ့တဲ့ ရွာဖြစ်တယ်။ 'ကြည့်ပါလား ဒီ ဒုတိယဥဂ္ဂသုတ္တန်မှာ 'ဟတ္ထိဂါမ'လို့ ဆိုထားခြင်းဟာ တို့ရွာကို ဆိုထားခြင်းပါ' ဟု နောက်ပြောင်ပြောဖူးသည်။

သို့ဖြင့် ဤသုတ္တန်၏ ထူးခြားအံ့ဩဖွယ်ရာနှင့် ထိုအဖြစ်အပျက်တို့ကို ပြန်လည် သတိရလာသည့်အတွက် ဖော်ပြလတ္တံ့သော ဥဂ္ဂသူကြွယ်၏ အလွန်ထူးခြားသည့် အဖြစ်သနစ်များကို တွေမြင်ခံစားရမည်ဖြစ်သည်။

အခါတစ်ပါး ဘုရားရှင်သည် ဝဇ္ဇီတိုင်း၊ ဟတ္ထိဂါမရွာ၌ သီတင်းသုံးတော်မူစဉ် "ရဟန်းတို့၊ ဟတ္ထိဂါမရွာသား ဥဂ္ဂသူကြွယ်ကို ထူးဆန်းအံ့ဩဖွယ်ဖြစ်သော သဘောရှစ်မျိုးနှင့်ပြည့်စုံ၏ဟု မှတ်ကုန်လော့"ဟု မိန့်တော်မူပြီး ရှစ်မျိုးကို ထုတ်ဖော်ဟောကြားခြင်းပြုတော်မမူဘဲ ကျောင်းတော်တွင်းသို့ ဝင်သွားသည်။

ဘုရားရှင်ကိုယ်တော်မြတ်သည် ဥဂ္ဂသူကြွယ်၌ ထူးခြားဆန်းပြားသော

သဘောရှစ်မျိုးဟုသာ မိန့်ကြားတော်မူခဲ့သည်။ ထိုရှစ်မျိုးကို သိလိုလှသော ရဟန်းတစ်ပါးသည် ဘုရားရှင်မိန့်တော်မူပြီးသည်နှင့် သင်္ကန်းသပိတ်တို့ကို ယူဆောင်ကာ ဥဂ္ဂသူကြွယ်၏အိမ်သို့ ကြွရောက်တော်မူသည်။

အိမ်သို့ရောက်လျှင် ရဟန်းတော်အား နေရာထိုင်ခင်းများကို ပေး တော်မူပြီးသည့်အခါ ရဟန်းတော်က ဥဂ္ဂသူကြွယ်အား "ဒကာကြီး ..၊ သင်ဟာ အံ့ဩဖွယ်ဖြစ်သော မဖြစ်ဖူးမြဲ ဖြစ်သော သဘောရှစ်မျိုးနဲ့ ပြည့်စုံသူလို့ ဘုရားရှင်က မိန့်ကြားတော်မူ၏။ ဒကာကြီး..၊ မြတ်စွာဘုရား မိန့်ကြားတော်မူတဲ့ အံ့ဖွယ်ရှစ်မျိုးဆိုတာ အဘယ်ပါနည်း" ဟု မေးမြန်း တော်မူသည်။

ဥဂ္ဂသူကြွယ်က "အရှင်ဘုရား၊ မြတ်စွာဘုရားမိန့်ကြားတော်မူသည့် အံ့ဖွယ်ရှစ်မျိုးကိုတော့ တပည့်တော် မသိပါဘုရား၊ တပည့်တော်မှာ မဖြစ်ဖူးမြဲဖြစ်သည့် အံ့ဩဖွယ်တွေကမူ ရှစ်မျိုးရှိသည်ကတော့ အမှန်ပါ" ဟု လျှောက်ကြားသည်။

ရဟန်းတော်က "ကောင်းပြီလေ.. ဒကာကြီး၊ အဲဒီ ရှစ်မျိုးကို ပြောပြပါ" ဟုမိန့်တော်မူသည်။

## ဘုရားဖူးမြင် - အမူးစင်

(၁) ဥဂ္ဂသူကြွယ်က "အရှင်ဘုရား..၊ တပည့်တော်သည် ကံကော် တောဝ၌ လှည့်လည်ပျော်ပါး အရက်များသောက်နေစဉ် ဘုရားရှင် ကိုယ် တော်မြတ်ကို အဝေးမှ မြင်ရသည်နှင့်တစ်ပြိုင်နက် တပည့်တော်၏ စိတ်သည် ဘုရားရှင်အား ကြည်ညိုပါ၏၊ **သေအရက်မူးခြင်းသည်လည်း**

**ချက်ချင်းပင်ပျောက်သွားပါသည်၊** အရှင်ဘုရား…ဤသို့ **'ဘုရားဖူးမြင်ရလို့ အမူးစင်ခြင်းသည်လည်း ပထမအံ့သြဖွယ်တစ်ပါး'**လို့ ဆိုနိုင်ပါတယ် ဘုရား''ဟု လျှောက်ထားသည်။

ဤပထမအချက်ကို သုံးသပ်ရသော် ဥဂ္ဂသူကြွယ်သည် အရက်မူးနေသော်မှလည်း ဘုရားရှင်ကို ဖူးမြင်ရသည်နှင့်တစ်ပြိုင်နက် အရက်မူးပျောက်ခြင်းသည် အမှန်ပင်ထူးခြားနေသူဖြစ်သည်။ အရက်သောက်သူအများစုသည် မူးလာပြီလားဆိုလျှင် ဟိုပြောသည်ပြောနှင့်ယစ်လာသည်ဖြစ်၍ **'မူးယစ်ဆေးဝါး'**ဟုခေါ်ကြခြင်းဖြစ်သည်။ အချို့ဉာဉ်ဆိုးပါသူများသည် အရက်မသောက်မီ လူကောင်း၊ အရက်ရည်ဝင်သွားသည်နှင့် သွေးဆိုးလာတတ်သည်၊ သောင်းကြမ်းလာတတ်သည်ဟု ကြားဖူးသည်။ ထို့ကြောင့်ပင် ဥဂ္ဂသူကြွယ်သည် ဘုရားရှင်အား ဖူးမြင်ရသည်နှင့် အရက်မူးပျောက်ခြင်းသည် ယခုကာလ၌လည်း ထူးခြားသော အံ့သြဖွယ်ပင်ဖြစ်သည်။

(၂) ''အရှင်ဘုရား၊ တပည့်တော်သည် ကြည်ညိုသောစိတ်ရှိသည်ဖြစ်၍ မြတ်စွာဘုရားကို ဆည်းကပ်ပါ၏၊ ဘုရားရှင်သည် အစဉ်အတိုင်းဟောတော်မူအပ်သော ဒါနကထာ သီလကထာ သဂ္ဂကထာ စသောတရားနှင့် သစ္စာလေးပါးတရားတို့ကို ရှိသေစွာ နာယူသည်ဖြစ်၍ ယုံမှားခြင်းကို ကူးမြောက်ပြီးသည်၊ သို့လောသို့လော ကင်းပြီးသည်ဖြစ်၍ မြတ်စွာဘုရားသာသနာတော်၌ ရဲရင့်ခြင်းသို့ ရောက်၍ ရတနာသုံးပါးကိုသာ ကိုးကွယ်ထိုက်၊ ဆည်းကပ်ထိုက်သည်ဟု မှတ်ယူပါသည်။ ဗြဟ္မစရိယသိက္ခာပုဒ်ငါးခုမြောက်ဖြစ်သော သိက္ခာပုဒ်တော်ကိုလည်း အမြဲဆောက်တည်ပါသည်

ဘုရား။

အရှင်ဘုရား.. ဤသို့ဖြစ်ခြင်းသည်လည်း ဒုတိယအံ့ဩဖွယ်တစ်ပါး ဟု ဆိုနိုင်ပါတယ်ဘုရား''ဟုလျှောက်ထားသည်။

ဤဒုတိယအချက် သုံးသပ်ရသော် ဥဂ္ဂသူကြွယ်၏ လျှောက်ထားချက် များကို ဆန်းစစ်ကြည့်ပါက သံသယမရှိခြင်း၊ ယုံမှားမှုမရှိခြင်းတို့သည် အရိယာအဆင့်တစ်ခုသို့ ရောက်ရှိနေကြောင်းသိသာလှသည်။ ဗြဟ္မစရိယ သိက္ခာပုဒ်ကို စောင့်ထိန်းခြင်းဟူသည် မေထုန်အမှုကိစ္စကို လုံးဝရှောင်ကြဉ် ခြင်းပင်ဖြစ်သည်။ ထိုသို့ဆိုလိုက်ခြင်းကြောင့် အနာဂါမ်အဆင့်သို့ပင် ရောက်နေပြီဟုယူဆနိုင်သည်။

(၃)''အရှင်ဘုရား..၊ တပည့်တော်အား ပျိုမြစ်နုနယ် ကုမာရီအရွယ် ဇနီးသည် လေးဦးရှိပါသည်ဘုရား၊ ထိုဇနီးသည်များကို ခေါ်ပြီး ''နှမ တို့၊ ငါသည်ကား ဗြဟ္မစရိယသိက္ခာပုဒ်လျှင် ငါးခုမြောက်ရှိသော သီလ တော်မြတ်ကို ဆောက်တည်ထားပါ၏၊ အလိုရှိသော နှမသည် ဤအိမ်၌ပင် စည်းစိမ်ဥစ္စာတို့ကို သုံးဆောင်ပါ၊ ကောင်းမှုကုသိုလ်များကိုလည်း ပြုပါ၊ မိမိတို့၏ မိဘအိမ်သို့လည်း ပြန်လိုကပြန်ပါ၊ အခြားသော ယောကျ်ားကို အလိုရှိပါမူ ပြောပါ'ဟု တပည့်တော်က ပြောထားပါသည်။

အရှင်ဘုရား၊ တပည့်တော်က ထိုသို့ပြောလိုက်သောအခါ အကြီးဆုံး ဖြစ်သော မယားသည် တပည့်တော်ကို ''အရှင်၊ ကျွန်ုပ်သည် ဤမည် သော ယောကျ်ားကို အလိုရှိပါသည်ဟု ပြောသောအခါ တပည့်တော်က သူအလိုရှိသော ယောကျ်ားကို ခေါ်စေပြီး လက်ဝဲလက်ဖြင့် မယားလက်ကို ကိုင်၍ လက်ယာလက်ဖြင့် ရေကရားကို ကိုင်ပြီးလျှင် ထိုယောကျ်ားအား

ပေးလှူခဲ့ပါသည်ဘုရား၊ ထိုသို့ပြုလုပ်ရသော်လည်း တပည့်တော်၏ စိတ်သည် အနည်းငယ်မျှ ဖောက်ပြန်ခြင်း၊ တုန်လှုပ်ခြင်း အလျဉ်းမရှိခဲ့ပါဘုရား၊ အရှင်ဘုရား.. ဤသို့ဖြစ်ခြင်းသည်လည်း တတိယအံ့ဩဖွယ် တစ်ပါးဟု ဆိုနိုင်ပါတယ်ဘုရား''ဟု လျှောက်ထားသည်။

ဤတတိယအချက်ကို သုံးသပ်ရသော် ... လူမှန်သမျှတို့သည် **''မယားထိ ဓားကြည့်''**ဟု အဆိုရှိသည်။ မိမိမယားကို ကြည်ကြည်ဖြူဖြူ ပေးလှူဖို့ကို မဆိုထားဘိ၊ မယားကို ပိုးသလိုပန်းသလို ပြုနေ ပြောနေ လျှင်ပင် မခံနိုင်ကြပေ။ ယခုမူ ဥဂ္ဂသူကြွယ်သည် သူ၏မယားကြီးကို အခြားသော ယောကျ်ားတစ်ပါးကို ကြည်ကြည်ဖြူဖြူ ပေးလှူနိုင်ခြင်း၌ စိတ်တုန်လှုပ်မှုအလျဉ်း မရှိခြင်းတို့သည် အမှန်ပင်ထူးခြားသည့်အချက်ဟု ပြောရမည်ဖြစ်သည်။

(၄) ''အရှင်ဘုရား .. နောက်တစ်မျိုးကို လျှောက်ပါဦးမည်ဘုရား၊ တပည့်တော်တို့အိမ်၌ရှိကုန်သော တပည့်တော်ပိုင်ဆိုင်သည့် စည်းစိမ်ဥစ္စာတို့ကိုလည်း သူတော်ကောင်းဖြစ်သော သီလဝန္တပုဂ္ဂိုလ်တို့နှင့် မခွဲခြားမူ၍

---

တပည့်တော်ပိုင်ဆိုင်သည့် စည်းစိမ်ဥစ္စာတို့ကိုလည်း
သူတော်ကောင်းဖြစ်သော သီလဝန္တပုဂ္ဂိုလ်တို့နှင့် မခွဲခြားမူ၍
မျှဝေသုံးဆောင်ပါသည်ဘုရား . . . ။

---

မျှဝေသုံးဆောင်ပါသည်ဘုရား။ အရှင်ဘုရား·· ဤသို့ဖြစ်ခြင်းသည်လည်း စတုတ္ထအံ့ဩဖွယ်တစ်ပါးဟု ဆိုနိုင်ပါတယ်ဘုရား''ဟု လျှောက်ထားသည်။

ဤစတုတ္ထအချက် သုံးသပ်ရသော် ဥဂ္ဂသူကြွယ်သည် မိမိ၌ရှိနေသော ပစ္စည်းဥစ္စာတို့ကို သူတော်ကောင်းများနှင့် မျှဝေသုံးဆောင်နိုင်ခြင်းသည် အမှန်ပင် အံ့ဩဖွယ်ဖြစ်သည်။

(၅) ''အရှင်ဘုရား··၊ တပည့်တော်သည် ရဟန်းသံဃာတော်တို့ထံ ရိုရိုသေသေ ဆည်းကပ်ပါတယ်ဘုရား၊ မရိုမသေ မဆည်းကပ်ပါဘုရား၊ တပည့်တော်အား ထိုအရှင်သည် တပည့်တော်အား တရားဟောပါမူ ရိုသေစွာ တရားတော်ကို နာယူပါသည်ဘုရား၊ မရိုမသေ မနာပါဘုရား၊ ထိုအရှင်သည် တရားမဟောခဲ့ပါမူ ထိုအရှင်အား တပည့်တော်က တရားဟောပါတယ်ဘုရား။ အရှင်ဘုရား·· ဤသို့ဖြစ်ခြင်းသည်လည်း ပဉ္စမ အံ့ဩဖွယ်တစ်ပါးဟု ဆိုနိုင်ပါတယ်ဘုရား''ဟု လျှောက်ထားသည်။

ဤပဉ္စမအချက် သုံးသပ်ရသော် ဥဂ္ဂသူကြွယ်သည် ရဟန်းသံဃာတော်တို့၏ တရားကို နာယူရန် မဆန်းကျယ်သော်လည်း သူက ရဟန်းသံဃာတော်တို့အား ပြန်လည်ဟောကြားခြင်းကား အလွန်တရာ ထူးခြားဆန်းပြားနေသည်။ ထိုသို့ဖြစ်ရိုး ထုံးစံလည်း မဟုတ်ပါပေ။ မိမိသည် ငယ်စဉ်ကပင် ဤအချက်ကိုလည်း မှတ်မိနေသည်။

(၆) အရှင်ဘုရား၊ တပည့်တော်သည် သံဃာတော်များကို ပင့်ဖိတ်သည်ရှိသော် နတ်တို့သည် တပည့်တော်ထံ ချဉ်းကပ်၍ ''သူကြွယ်·· ဤမည်သော ရဟန်းသည် ရူပကာယ နာမကာယ နှစ်ပါးစုံမှ လွတ်

မြောက်သော 'ဥဘတောဘာဂဝိမုတ္တ' ပုဂ္ဂိုလ်ဖြစ်သည်။

ဤမည်သော ရဟန်းသည် ပညာဖြင့် လွတ်မြောက်သော 'ပညာဝိမုတ္တ' ပုဂ္ဂိုလ်ဖြစ်သည်။

ဤမည်သော ရဟန်းသည် နာမကာယဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းရှိသော လွတ်မြောက်သော 'ကာယသက္ခိ' ပုဂ္ဂိုလ်ဖြစ်သည်။

ဤမည်သော ရဟန်းသည် အထက်မဂ်ဖိုလ်သို့ရောက်သော 'ဒိဋ္ဌိပ္ပတ္တ' ပုဂ္ဂိုလ်ဖြစ်သည်။

ဤမည်သော ရဟန်းသည် သဒ္ဓါဖြင့် လွတ်မြောက်သော 'သဒ္ဓါဝိမုတ္တ' ပုဂ္ဂိုလ်ဖြစ်သည်။

ဤမည်သော ရဟန်းသည် ပညာတရားဖြင့် အထက်မဂ်ဖိုလ်သို့ အစဉ်လျှောက်သော 'ဓမ္မာနုသာရီ' ပုဂ္ဂိုလ်ဖြစ်သည်။

ဤမည်သော ရဟန်းသည် သဒ္ဓါဖြင့် အထက်မဂ်သို့ အစဉ်လျှောက်သော 'သဒ္ဓါနုသာရီ' ပုဂ္ဂိုလ်ဖြစ်သည်။

ဤမည်သော ရဟန်းသည် သီလရှိ၏၊ ဤမည်သော ရဟန်းသည် သီလမရှိ၊ ယုတ်ညံ့သော သဘောရှိ၏'ဟု လာရောက်ပြောကြားကြကုန်၏။

အရှင်ဘုရား၊ ထိုသို့ပြောခြင်းသည် အံ့ဩဖွယ်မဟုတ်ပါ၊ တပည့်တော်သည် သံဃာတော်အပေါင်းကို လုပ်ကျွေးသောအခါ 'ဤမည်သော သံဃာအား အနည်းငယ်သာ လှူပါအံ့၊ ဤမည်သော သံဃာအားသာ များစွာပေးလှူအံ့'ဟု ဤသို့ ခွဲခြားပြီး လှူခဲ့သည်ဟူ၍ မရှိခဲ့ပါ၊ တပည့်တော်သည် မျှတသော စိတ်ရှိသည်ဖြစ်၍ အားလုံးတန်းတူ ပေးလှူခဲ့ပါသည်။ အရှင်ဘုရား‥ ဤသို့ဖြစ်ခြင်းသည်လည်း ဆဋ္ဌအံ့ဩဖွယ်

တစ်ပါးဟု ဆိုနိုင်ပါတယ်ဘုရား'' ဟု လျှောက်ထားသည်။

ဤဆဋ္ဌအချက်ကလည်း အားလုံးပင် အံ့ဩစရာတွေသာဖြစ်သည်။ သံဃာတော်တို့အား သီလရှိမရှိ၊ ဂုဏ်ရှိမရှိ မခွဲခြားခြင်းတို့သည် အမှန်တကယ်ပင် ထူးခြားသော အချက်များပင်ဖြစ်သည်။ ဤလောကရှိလူတို့သည် ခွဲခြားတတ်သော သဘောရှိကြကုန်၏။ ဤဥဂ္ဂကဲ့သို့ ပြုလုပ်နိုင်လျှင် စည်းလုံးညီညွတ်ခြင်းကိုပါ ဖြစ်စေနိုင်ပါလိမ့်မည်။

(၇) အရှင်ဘုရား ..၊ တပည့်တော်ကို နတ်တို့က ချဉ်းကပ်၍ ''သူကြွယ်၊ မြတ်စွာဘုရားသည် တရားတော်ကို ကောင်းစွာ ဟောကြားတော်မူ၏'' ဟု လာရောက်ပြောကြားကြကုန်၏။ အရှင်ဘုရား... တပည့်တော်ကို နတ်တို့က ပြောကြားသည်ဖြစ်စေ၊ မပြောကြားသည်ဖြစ်စေ၊ စင်စစ် မြတ်စွာဘုရားသည် တရားတော်ကို ကောင်းစွာဟောကြားတော်မူ၏'' ဟု နတ်တို့ကို တပည့်တော်က ပြန်ပြီးပြောဆိုပါသည်ဘုရား။

ဤသို့ဆိုခြင်းကလည်း အံ့ဩဖွယ်မဟုတ်ပါ၊ အရှင်ဘုရား၊ တပည့်တော်သည် 'ငါ့ထံသို့ နတ်တို့ချဉ်းကပ်ကုန်၏၊ ငါသည်လည်း နတ်တို့နှင့် အတူတကွ စကားပြောဆိုရ၏' ဟု နတ်တို့ ချဉ်းကပ်လာခြင်း၊ နတ်တို့နှင့် တကွ စကားပြောဆိုရခြင်းဟူသော အကြောင်းကြောင့် စိတ်၏တက်ကြွမှု၊ ဘဝမြင့်မှုကို မရှိခဲ့ဖူးပါအရှင်ဘုရား။ ဤသို့ဖြစ်ခြင်းသည်လည်း သတ္တမ အံ့ဩဖွယ် တစ်ပါးဟုဆိုနိုင်ပါသည်ဘုရား''ဟုလျှောက်ထားသည်။

ဤသတ္တမအအချက်ကလည်း နတ်တို့က လာရောက်ချဉ်းကပ်သည့်အတွက် နတ်တို့နှင့်စကားပြောဆိုရခြင်းကြောင့် ဘဝမြင့်ခြင်း အလျှဉ်းမရှိခြင်းတို့သည်လည်း ထူးခြားသော အချက်ပင်ဖြစ်သည်။

(၈) အရှင်ဘုရား၊ တပည့်တော်သည် အကယ်၍ မြတ်စွာဘုရား၏ ရှေးဦးစွာ သေရပါမူ၊ တပည့်တော်ကို မြတ်စွာဘုရားသည် 'သံယောဇဉ် ကင်းပြီးဖြစ်သော ဟတ္ထိရွာသား ဥဂ္ဂသူကြွယ်သည် တစ်ဖန် ဤလောကသို့ ရောက်လာခြင်း မရှိတော့ပြီ' ဟု မိန့်ကြားတော်မူသည်ရှိသော် အံ့သြဖွယ် မဟုတ်ပါဘုရား။ အရှင်ဘုရား.. ဤသို့ဖြစ်ခြင်းသည်လည်း အဠမ အံ့သြဖွယ်တစ်ပါးဟု ဆိုနိုင်ပါသည်ဘုရား" ဟုလျှောက်ထားသည်။

အရှင်ဘုရား၊ မြတ်စွာဘုရားဟောကြားတော်မူသော အံ့သြဖွယ် (၈)မျိုးကို တပည့်တော်မသိရသော်လည်း ဤသည်တို့ကား တပည့်တော်၏ အံ့သြဖွယ် (၈)မျိုးပင်ဖြစ်ပါသည်ဘုရား" ဟု လျှောက်ကြားသည်။

ထိုသို့လျှောက်ထားလိုက်သည့်အခါ ရဟန်းတော်သည် ဟတ္ထိရွာသား ဥဂ္ဂသူကြွယ်အိမ်မှ ဆွမ်းကို ခံယူပြီးလျှင် နေရာမှထ၍ ကျောင်းတော်သို့ ပြန်ကြွသွားသည်။ ကျောင်းတော်သို့ ရောက်လျှင် ဘုရားရှင်ထံမှောက် သွားရောက်ပြီး ဟတ္ထိရွာသား ဥဂ္ဂသူကြွယ်နှင့် ပြောကြားခဲ့သော စကား အလုံးစုံကို ပြန်လည်လျှောက်ကြားသည်။

ဘုရားရှင်က "ရဟန်း..၊ ကောင်း၏ ကောင်း၏၊ ကောင်းစွာဖြေဆို လိုသူသည် ဟတ္ထိရွာသား ဥဂ္ဂသူကြွယ်ပြောကြားသည့်အတိုင်း ပြောကြား ရာ၏၊ ရဟန်း..၊ ဟတ္ထိရွာသား ဥဂ္ဂသူကြွယ်သည် အံ့သြဖွယ်ဖြစ်သော ဤ(၈)မျိုးနှင့်ပြည့်စုံသူဟု မှတ်လော့" ဟုမိန့်ကြားတော်မူသည်။

(အံ၊ ၃၊ ၅၀၊ ၄၊ ၃၊ ၂၂၂။ ဒုတိယဥဂ္ဂသုတ်၊ အဠကနိပါတ)

❁ ❁ ❁

# ထူးခြားဆန်းပြား ဝတ္ထုများ(၁၄)

## မြတ်နိုးဖွယ်လှုမှ မြတ်နိုးဖွယ်ရ

ထူးခြားဆန်းပြား ဝတ္ထုများကို တင်ပြလာခဲ့သည့်အတိုင်း ယခုအခါ၌လည်း ဥဂ္ဂသူကြွယ်တို့တွင် ဝေသာလီပြည်သား ဥဂ္ဂသူကြွယ်ကြီး၏ လွန်စွာထူးခြားချက်များကိုလည်း တင်ပြပါမည်။ သူသည် ဝေသာလီပြည်၌ သီလ, သမာဓိ, ပညာဂုဏ်အားဖြင့်လည်းကောင်း၊ အသက်အရွယ်အားဖြင့်လည်းကောင်း၊ အခြွေအရံအားဖြင့်လည်းကောင်း၊ ပစ္စည်းဥစ္စာအားဖြင့်လည်းကောင်း အလွန်ထင်ရှားကျော်ကြားသော သူဌေးကြီးဖြစ်သည်။

ထိုဥဂ္ဂသူကြွယ်သည် ဘုရားရှင်လက်ထက်၌ ထူးချွန်သော 'ဧတဒဂ်ရ'သော ဥပါသကာ (၁၁)ဦးတို့တွင် တစ်ဦးလည်း ဖြစ်သည်။ ဘုရားရှင်က **'မနာပဒါယီ ဧတဒဂ်'**ဘွဲ့ထူးဖြင့် ချီးကျူးခြင်းကို ခံရသည့် ထူးခြားဆန်းပြားသော ပုဂ္ဂိုလ်ထူးလည်း ဖြစ်သည်။

ဤကဲ့သို့သော ဥပါသကာကြီးဖြစ်သည့်အတွက် ဤ'ထူးခြားဆန်းပြားပုဂ္ဂိုလ်များ'၌ ထည့်သွင်းရေးသားရခြင်းဖြစ်သည်။

အခါတစ်ပါး၌ ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် ဝေသာလီပြည် မဟာဝုန်တော ပြာသာဒ်ဆောင် ပေါက်သော ကျောင်းတိုက်ကြီး၌ သီတင်းသုံးတော်မူသည်။

မြတ်စွာဘုရားသည် နံနက်အချိန်၌ သပိတ်သင်္ကန်းတို့ကို ယူဆောင်တော်မူပြီး ဝေသာလီပြည်သား ဥဂ္ဂသူကြွယ်၏အိမ်သို့ သံဃာတော်များနှင့်အတူ ဆွမ်းစားကြွရောက်တော်မူ၏။

ဘုရားရှင်အား ဆွမ်းဘောဇဉ်တို့ကို လှူဒါန်းမည့် ဥဂ္ဂသူကြွယ်ကြီးသည် အသက်အားဖြင့် (၈၀)ဝန်းကျင်သို့ ရောက်ရှိနေပြီဖြစ်၍ ဆံပင် မုတ်ဆိတ် နှုတ်ခမ်းမွေးတို့ပါ ဆွတ်ဆွတ်ဖြူနေပြီဖြစ်သည်။ ဥဂ္ဂသူကြွယ်ကြီးသည် တမလွန်နှင့် အလွန်နီးကပ်နေပြီဖြစ်သည့်အတွက်လည်း ဘုရားရှင်က နောက်ဆုံးချီးမြှောက်သောအားဖြင့် ကြွရောက်ခြင်းဖြစ်သည်။

ဥဂ္ဂသူကြွယ်ကြီးသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ရှိခိုးကန်တော့ပြီး တစ်ခုသော နေရာ၌ထိုင်လျက် "ဘုရားရှင်အား '**နှစ်ခြိုက်ဖွယ် မြတ်နိုးဖွယ်ဖြစ်သော အလှူဝတ္ထုကို ပေးလှူလျှင် နှစ်ခြိုက်ဖွယ် မြတ်နိုးဖွယ်ဖြစ်သော အကျိုးကိုရ၏**' ဟူသော စကားကို တပည့်တော်သည် မြတ်စွာဘုရားထံမှ ကြားနာရဖူးပါသည်ဘုရား" ဟုလျှောက်လိုက်သည်။ [မနာပဒါယီ လဘတေ မနာပံ]

ဥဂ္ဂသူကြွယ်ကြီးသည် ဘုရားရှင်နှင့် သံဃာတော်တို့အား အလွန်မွန်မြတ်လှစွာသော ဆွမ်းကိုဆက်ကပ်သည်။ ဆက်လက်၍ ဆွမ်း၊ ဆွမ်းဟင်းများကို မည်သို့မည်ပုံ စီမံထားကြောင်းကိုလည်း လျှောက်ထားသည်။

(၁) ဘုရားရှင်၏ အနီးအပါးတွင်နေ၍ ဆွမ်းဝိုင်းကို ကြည့်ကာ "အရှင်ဘုရား ..၊ တပည့်တော်၏ အင်ကြင်းပွင့်အဆင်းရှိသော ခဲဖွယ်သည် နှစ်ခြိုက်ဖွယ် မြတ်နိုးဖွယ်ရှိပါသည်ဘုရား၊ မြတ်စွာဘုရားသည် သနားစောင့်ရှောက်ခြင်းကို အကြောင်းပြု၍ တပည့်တော်၏ ထိုခဲဖွယ်ကို ခံယူဘုဉ်းပေးတော်မူပါဘုရား" ဟုလျှောက်သည်။ [ဘဂဝါ ပဋိဂ္ဂဏှာတု အနုကမ္ပံ ဥပါဒါယာတိ]

ဥဂ္ဂသူကြွယ်ကြီး ဦးစွာဆက်ကပ်သော ခဲဖွယ်သည် စတုမဓု၊ သလေးမုန့်ညက်၊ ဇီယာ ကရဝေးတို့ဖြင့် အချိုးကျ ရောစပ်ချက်ထားသည့် အင်ကြင်းပွင့်အဆင်းရှိ၍ အနံ့အရသာတို့နှင့်ပြည့်စုံသော ယာဂုဆွမ်းဖြစ်သည်။

## ဇီးသီးနှင့် ဝက်သားချက်

(၂) ဘုရားရှင်အား "နှစ်ခြိုက်ဖွယ် မြတ်နိုးဖွယ် ဖြစ်သော အလှူဝတ္ထုကို ပေးလှူလျှင် နှစ်ခြိုက်ဖွယ် မြတ်နိုးဖွယ်ဖြစ်သော အကျိုးကိုရ၏" ဟူသော စကားကို ကြားဖူးပါသည်ဘုရား" ဟူသောစကားကို လျှောက်သည်။

ထို့ပြင် "အရှင်ဘုရား ..၊ တပည့်တော်၏ ဆီးသီး (ဇီးသီး)၊ ဇီယာ၊ ကရဝေးတိုဖြင့် အထူးကောင်းမွန်အောင် စီမံ၍ချက်ထားသော ဝက်သားဟင်းသည် နှစ်ခြိုက်ဖွယ် မြတ်နိုးဖွယ် ကောင်းလှပါ၏၊ မြတ်စွာဘုရားသည် တပည့်တော်အား သနားစောင့်ရှောက်ခြင်းကို အကြောင်းပြု၍ အလှူခံတော်မူပါ" ဟု လျှောက်ထားသည်။

ဝက်သားနှင့် ဆီးသီးရောချက်ထားသော ဟင်းလျာသည် ကောင်း မကောင်းကိုမူ မစားဘူးသည့်အတွက် မသိပါ၊ ဝက်သားနှင့် သရက်သီး ခြောက်၊ ဝက်သားနှင့် ဆီးဖြူသီးခြောက်များဖြင့် ရောချက်ထားသော ဆွမ်းဟင်းလျာများကတော့ အလွန်ကောင်းကြောင်းကို တွေ့ကြရသည်။ ယခုလည်း ဥဂ္ဂသူကြွယ်ကြီးက ဝက်သားနှင့် ဆီးသီး ဇီယာ ကရဝေးတို့ဖြင့် အထူးစီမံချက်ထားသော ဆွမ်းဟင်းလျာသည် အလွန်နှစ်သက်ဖွယ် ကောင်း၏ဟု လျှောက်ထားနေခြင်းဖြစ်သည်။

## ကန်စွန်းရွက် ဆီပြန်ကြော်

(၃) အရှင်ဘုရား၊ နောက်ဆွမ်းဟင်းတစ်ခုဖြစ်သော ကန်စွန်းရွက် ဆီပြန်ကြော်သည်လည်း နှစ်ခြိုက်ဖွယ် မြတ်နိုးဖွယ် ကောင်းလှပါသည် ဘုရား။ တပည့်တော်ကို သနားစောင့်ရှောက် ချီးမြှောက်သောအားဖြင့် ကန်စွန်းရွက် ဆီပြန်ကြော်ကို အလှူခံတော်မူ၍ ဘုဉ်းပေးတော်မူပါဘုရား" ဟုလျှောက်သည်။

ကန်စွန်းရွက်ဆီပြန်ကြော် တကယ်ကောင်းလျှင် မည်သည့်အကြော်မှ လိုက်မမီအောင် ကောင်းသည်ကို တွေ့ဖူးသည်။ လွန်ခဲ့သည့် နှစ်ပေါင်း (၃၀)ကျော်ခန့်က စာရေးသူနှင့်အတူ သီတင်းသုံးဖော် ဦးမုနိဓဇသည် ဆူးလေဘုရားလမ်းရှိ 'ငြိမ်းချမ်း' စားတော်ဆက်ဟု ထင်သည်၊ ထိုဆိုင်မှ ငါးဆင့်ချိုင့်တစ်လုံး ဆွမ်း,ဆွမ်းဟင်းများ နေ့စဉ်လှူသည်။ ထိုသို့ နေစဉ်လှူနေသည်ဖြစ်၍ ကျန်အစားအသောက်များ သုံးဆောင်ရသည်ကို ရိုးသွားသော်လည်း ကန်စွန်းရွက်ဆီပြန်ကြော်ကိုမူ ရိုးမသွားသည့်အပြင်

မကုန်သောနေ့ဟူ၍ပင် မရှိခဲ့ပေ။ ထိုဆိုင်မှ ကန်စွန်းရွက်ဆီပြန်ကြော်သည် အလွန်ကောင်းမွန်လှသည်ဖြစ်၍ ကန်စွန်းရွက်ဆီပြန်ကြော်ဟု ဆိုလိုက် လျှင် ချက်ချင်းပင် သတိရလာမိသည်အထိ ဖြစ်ရသည်။

ကန်စွန်းရွက်ကြော်နည်းသည် ဟိုတယ်ကြော်နည်း၊ ရိုးရိုးအိမ်ကြော် နည်းဟု အမျိုးမျိုးရှိသည်။ ဟိုတယ်ကြော်နည်းသည် ဒယ်ပိုင်းအပြား ပြန့်ပြန့်ထဲ ဆီထည့်ပြီး မီးတောက်ဖြင့် ကြော်သည့် ကန်စွန်းရွက်ကြော် သည် အရောင်မည်းညစ်မသွားဘဲ စိမ်းစိုပြီး အနံ့မှာလည်း သင်းပျံ့နေသည် ဖြစ်၍ သုံးဆောင်ရသူတို့အဖို့ အနံ့အရသာနှင့် ပြည့်စုံလှသည်။

ယခုလည်း ဥဂ္ဂသူကြွယ်ကြီးက သူ၏ကန်စွန်းရွက် ဆီပြန်ကြော်ကို အထူးစီမံဆောင်ရွက်ထားသည်ဖြစ်၍ စာဖွဲ့ရလောက်အောင် အလွန်ကောင်း မွန်လှသောကြောင့် ဘုရားရှင်အား လျှောက်ထားနေခြင်းဖြစ်သည်။

(၄) အရှင်ဘုရား..၊ ဆန်မည်းကို ရွေးချယ်ပြီး၍ များစွာကောင်းမြတ် သော စားဖွယ်တို့ဖြင့် ပေါင်းစပ်ထားသော တပည့်တော်၏ သလေးဆွမ်း သည်လည်း နှစ်ခြိုက်ဖွယ် မြတ်နိုးဖွယ် ကောင်းလှပါသည်ဘုရား။ တပည့်တော်ကို သနားစောင့်ရှောက် ချီးမြှောက်သောအားဖြင့် တပည့် တော်၏ သလေးဆွမ်းကို အလှူခံတော်မူ၊ ဘုဉ်းပေးတော်မူပါ ဘုရား" ဟု လျှောက်သည်။

သူကြွယ်ကြီးလျှောက်ထားသည့် သလေးဆွမ်းသည် အားလုံးရောမွှေ ထားသည့်အတွက် ယခုခေတ်ဒံပေါက်ဆွမ်းနှင့် ဆင်ဆင်တူမည်ဟု ယူဆ မိသည်။

(၅) အရှင်ဘုရား ...၊ တပည့်တော်၏ ကာသိတိုင်းဖြစ် အဝတ်သင်္ကန်းသည် နှစ်ခြိုက်ဖွယ် မြတ်နိုးဖွယ် ကောင်းလှပါသည်ဘုရား။ တပည့်တော်ကို သနားစောင့်ရှောက် ချီးမြှောက်သောအားဖြင့် တပည့်တော်၏ ကာသိတိုင်းဖြစ် အဝတ်သင်္ကန်းကို အလှူခံတော်မူ၊ ဝတ်ရုံသုံးဆောင်တော်မူပါဘုရား"ဟုလျှောက်သည်။

"ဘုရားရှင်အား 'နှစ်ခြိုက်ဖွယ် မြတ်နိုးဖွယ် ဖြစ်သော အလှူဝတ္ထုကို ပေးလှူလျှင် နှစ်ခြိုက်ဖွယ် မြတ်နိုးဖွယ်ဖြစ်သော အကျိုးကို ရ၏' ဟူသော စကားကို တပည့်တော် မြတ်စွာဘုရားထံမှ ကြားနာဖူးပါသည်ဘုရား"ဟုလျှောက်လိုက်သည်။

(၆) အရှင်ဘုရား ...၊ တပည့်တော်၏ ပလ္လင် အမွေးရှည်ကော်ဇောကြီး ပန်းပြောက်ခြယ် သားမွေးအခင်း ဝံပိုင်ရေအခင်း၊ နီသော မျက်နှာကြက်နှင့် အုံးနီနှစ်ဖက်ရှိသောနေရာသည် နှစ်ခြိုက်ဖွယ် မြတ်နိုးဖွယ် ကောင်းလှပါ၏။

မြတ်စွာဘုရား၊ တပည့်တော်တို့သည်လည်း "ဤလှူဖွယ်ဝတ္ထုသည် စင်စစ်အားဖြင့် မြတ်စွာဘုရားအား မအပ်"ဟု သိပါကုန်၏။

အရှင်ဘုရား တပည့်တော်တို့၏ စန္ဒကူးထိုင်ခုံသည် အဖိုးတစ်သိန်းကျော် တန်ပါ၏၊ တပည့်တော်၏ ထိုအသုံးအဆောင် ဝတ္ထုတို့ကို မြတ်စွာဘုရားအား သနားစောင့်ရှောက်ခြင်းကို အကြောင်းပြု၍ ခံယူတော်မူပါဘုရား'ဟုလျှောက်၏။

သူဌေးကြီးသည် ဘုရားရှင်အား မအပ်စပ်သော်လည်း သူ နှစ်သက်သည်ကတစ်ကြောင်း၊ လှူဒါန်းမှုကိစ္စပြီးဆုံးသွားသည့်အခါ စန္ဒကူးထိုင်ခုံ

တို့ကို နှာရှူဆေးအဖြစ် အစိပ်စိပ် ခွဲဖြတ်တောက် အသုံးပြုနိုင်သည်ဖြစ်၍ တစ်ကြောင်း လှူဒါန်းခြင်းဖြစ်သည်။

ထိုအခါ ဘုရားရှင်ကိုယ်တော်မြတ်သည် ဝေသာလီပြည်သား ဥဂ္ဂသူကြွယ်ကြီးအား "ဥပါသကာ ဒါယကာကြီး ... နှစ်ခြိုက်ဖွယ် မြတ်နိုးဖွယ်သော ဝတ္ထုကို ပေးလှူသူသည် နှစ်ခြိုက်ဖွယ် မြတ်နိုးဖွယ် အကျိုးကို ရရှိနိုင်၏။ အကြင်သူသည် ဖြောင့်မတ်သော ရဟန္တာပုဂ္ဂိုလ်တို့၌ လိုလိုချင်ချင် မြတ်မြတ်နိုးနိုးအားဖြင့် အဝတ်သင်္ကန်းကိုလည်းကောင်း၊ အိပ်ရာနေရာကိုလည်းကောင်း၊ ဆွမ်းဘောဇဉ် အဖျော်ကိုလည်းကောင်း၊ အထူးထူးသော လှူဖွယ်ဝတ္ထု အစုစုတို့ကို လယ်ယာမြေကောင်းနှင့် တူကုန်သော ရဟန္တာပုဂ္ဂိုလ်တို့ကို ပေးလှူ၏၊ ထိုအရှင်မြတ်တို့ကလည်း ချီးမြှောက်၏၊ နှစ်သက်ဖွယ် မြတ်နိုးဖွယ်ကို ပေးလှူသော ထိုသူတော်ကောင်းသည် စွန့်နိုင်ခဲသည်ကို စွန့်ခြင်းကြောင့် နှစ်သက်ဖွယ် မြတ်နိုးဖွယ်

---

နှစ်သက်ဖွယ် မြတ်နိုးဖွယ်ကို ပေးလှူသော ထိုသူတော်ကောင်းသည် စွန့်နိုင်ခဲသည်ကို စွန့်ခြင်းကြောင့် နှစ်သက်ဖွယ် မြတ်နိုးဖွယ်သော အကျိုးကို ရရှိ၏။

---

သော အကျိုးကို ရရှိ၏''ဟု အနုမောဒနာတရားကို တစ်ဝက်သာ ဟောကြားတော်မူ၏။

ဘုရားရှင်ကိုယ်တော်မြတ်သည် ဝေသာလီပြည်သား ဥဂ္ဂသူကြွယ်ကြီးအား အထူးတလည် တရားကို မဟောကြားဘဲ သူလျှောက်ထားချက်ကိုပင် ပြောပြကာ အနုမောဒနာတရားဟောကြားပြီး၍ ကောင်းချီးပေးတော်မူပြီးလျှင် သာဝတ္ထိပြည်သို့ ပြန်လည်ကြွရောက်တော်မူသည်။

ဘုရားရှင် ပြန်လည် ကြွရောက်ပြီးသော် မကြာတော့သော အချိန်၌ ဥဂ္ဂသူကြွယ်ကြီးသည် ကွယ်လွန်အနိစ္စ ရောက်ရလေပြီ။ ကွယ်လွန်သွားသော ဝေသာလီပြည်သား ဥဂ္ဂသူကြွယ်ကြီးသည်ကား ဈာန်စိတ်ဖြင့်ပြီးသော သုဒ္ဓါဝါသဗြဟ္မာ့ဘုံ၌ ဖြစ်ရသည်။

သုဒ္ဓါဝါသဘုံသို့ ရောက်ရခြင်းမှာ ဥဂ္ဂသူကြွယ်ကြီးသည် ဘုရားရှင်ထံမှ တရားတော်ကို နာယူရစဉ် အနာဂါမ်ဖြစ်ခဲ့သူဖြစ်သည်။ ထို့ကြောင့်ပင် သူကွယ်လွန်သောအခါ သုဒ္ဓါဝါသဘုံ၌ဖြစ်ရခြင်းဖြစ်သည်။

သုဒ္ဓါဝါသ ငါးဘုံ၌ နေနိုင်ခွင့် ပါမစ်ရသည့်သူများမှာ အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်၊ အရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်နှင့် အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ် ဟူသော သုံးဦးသာ နေနိုင်ခွင့်ရှိသည်။

ထို့ကြောင့် **''သုဒ္ဓါဘုံငါး၊ ထက်ဆုံးဖျား၊ သုံးပါး အရိယာ''**ဟု မှတ်တမ်းတင်ထားကြရခြင်းဖြစ်သည်။

ဘုရားရှင်သည် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ညဦးယာမ်လွန်ပြီးသော သန်းခေါင်ယံအချိန်၌ အလွန်နှစ်သက်ဖွယ်သော အဆင်းရှိသည်ဖြစ်၍ ဇေတဝန်ရောင်မောင်း တစ်ကျောင်းလုံးကို

ထိန်ထိန်လင်းစေလျက် မြတ်စွာဘုရားထံသို့ ဥဂ္ဂမြဟ္မာကြီးသည် ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တစ်ခုသောနေရာ၌ ရပ်တည်နေသော ဥဂ္ဂမြဟ္မာကြီးကို ဘုရားရှင်ကပင် ဦးစွာ "ဥဂ္ဂ ..၊ ဘယ်လိုလဲ၊ သင်အလိုရှိတိုင်း ပြည့်စုံရဲ့လား၊ နှစ်သက်ဖွယ်ကို ပေးလှူလျှင် နှစ်သက်ဖွယ်အကျိုးကိုရပြီလား" ဟု မေးတော်မူလိုက်သည်။ (ကစ္စိ တေ ယထာဓိပ္ပါယောတိ။ တဂ္ဃ မေ ဘဂဝါ ယထာဓိပ္ပါယောတိ)

ဥဂ္ဂမြဟ္မာကြီးသည် သုဒ္ဓါဝါသဘုံသို့ ရောက်လျှင် ရောက်ရောက်ချင်း အရဟတ္တဖိုလ်ကိုရပြီး ရဟန္တာဖြစ်ပြီးသည်ဖြစ်၍ "အရှင်ဘုရား..၊ အလိုအတိုင်းပြည့်စုံပါပြီ၊ နှစ်သက်ဖွယ်ကို ပေးလှူလျှင် နှစ်သက်ဖွယ် အကျိုးကို ရရှိပါပြီဘုရား"ဟု လျှောက်ထားသည်။

အမှန်တကယ်ပင် နှစ်သက်မြတ်နိုးဖွယ်သောအကျိုးဟူသည် ရာထူး ဂုဏ်သိရ် စည်းစိမ်ဥစ္စာများမဟုတ်ရပါ။ အရဟတ္တဖိုလ်သာ ဖြစ်သည်။ အရဟတ္တဖိုလ်ကို မရသေးသရွေ့ ဒုက္ခဆင်းရဲ မကုန်သောကြောင့်ပင် ဖြစ်သည်။

ဥဂ္ဂသူကြွယ်ကြီးသည် သုဒ္ဓါဝါသဘုံသို့ ရောက်လျှင်ရောက်ချင်း ရဟန္တာဖြစ်ရသော သဘောကို လျှောက်ထားခြင်း ဖြစ်သည်။

သုဒ္ဓါဝါသငါးဘုံသို့ ရောက်လျှင်ရောက်ချင်း အရဟတ္တဖိုလ်သို့ ရောက်သော ပုဂ္ဂိုလ်များနှင့် ပတ်သက်၍ သံယုတ္တနိကာယ် ဃဋီကာရသုတ်တော်၌ (သဂါထာ၊၃၂) သုဒ္ဓါဝါသငါးဘုံတို့တွင် အစဆုံး အဝိဟာဘုံသို့ ရောက်လျှင်ရောက်ချင်း ရဟန္တာဖြစ်သူ ဥပက, ပုက္ကုသာတိစသော ခုနစ်ဦးကိုမူ ဘုရားရှင်ကိုယ်တော်တိုင် ထုတ်ဖော်ပြောကြားထားသည်ကို

တွေ့ရသည်။

ယခု တင်ပြခဲ့သည့် ထူးခြားဆန်းပြားဝတ္ထုများတွင် တစ်ခုအပါအဝင် ဖြစ်သည့် ဥဂ္ဂသူကြွယ်သည်လည်း သုဒ္ဓါဝါသဘုံ၌ ရောက်လျှင်ရောက်ချင်း ရဟန္တာဖြစ်သည်ဟူသော အဓိပ္ပာယ်ရသည်။ ထို့ကြောင့်ပင် အမှန်တကယ် နှစ်သက်မြတ်နိုးဖွယ်ဟူသည် အရဟတ္တဖိုလ်သာဖြစ်သည်ကို သိရှိရသည့် အတွက် ဥဂ္ဂဗြဟ္မာကြီးသည် ဘုရားရှင်အား များစွာကျေးဇူးတင်ရှိ သည့် အတွက် ချက်ချင်းလာရောက်လျှောက်ထားခြင်းဖြစ်သည်။

ဘုရားရှင်ထံ ရောက်လာသော ဥဂ္ဂဗြဟ္မာကြီးကို ဘုရားရှင် ဟော ကြားတော်မူသည်မှာ-

**"နှစ်ခြိုက်ဖွယ် မြတ်နိုးဖွယ်ကို ပေးလှူသောသူသည် နှစ်ခြိုက်ဖွယ်၊ မြတ်နိုးဖွယ်သောအကျိုးကိုရ၏။**

**မွန်မြတ်သည်ကို ပေးလှူသောသူသည် တစ်ဖန် မွန်မြတ်သည်ကို ရ၏။**

**တောင့်တအပ်သည်ကို ပေးလှူသောသူသည် တောင့်တအပ်သည်ကို ရ၏။**

**ချီးမွမ်းအပ်သည်ကို ပေးလှူသောသူသည် ချီးမွမ်းအပ်သည့် ဌာနသို့ ရောက်ရလေ၏။**

**အကြင်သူသည် အထွတ်အမြတ် ဝတ္ထုပစ္စည်း၊ ချီးမွမ်းအပ်သည်ကို ပေးလှူလေ့ရှိ၏။ ထိုသူသည် ဖြစ်လေရာဘုံဘဝ၌ အသက်ရှည်ခြင်း၊ အခြံအရံများခြင်းဖြစ်ရ၏"**

ဟု ဟောကြားတော်မူသည်။

ဘုရားရှင်သည် ဝေသာလီပြည်၌ ဆွမ်းအနုမောဒနာတရားကို ဟော ကြားစဉ်က ဥဂ္ဂသူကြွယ်ကြီး လျှောက်ထားချက်အတိုင်းပင် ပြန်လည် ဟောကြားခဲ့သည်။ တရားသီးသန့်ဟောကြားခြင်း မပြုခဲ့ပေ။ ဥဂ္ဂသူကြွယ် တစ်ဖြစ်လဲ ဥဂ္ဂဗြဟ္မာကြီးဘဝဖြင့် ရောက်လာသော ဥဂ္ဂဗြဟ္မာကြီးအား ထူးခြားသောအကျိုးတရားတို့ကို အထက်ပါ(၂)ဂါထာဖြင့် အပြည့်အစုံ ဟောကြားခဲ့ခြင်းဖြစ်သည်။

(အံ၊၂၊ ၄၂။ ဋ္ဌ၊၂၊ ၃၀၃။ မနာပဒါယီသုတ်)

❁ ❁ ❁

# ထူးခြားဆန်းပြား ဝတ္ထုများ(၁၅)

## မစ္ဆေရဖက် မလှူရက်

(မစ္ဆရိယ ဝတ္ထု)

အကုသိုလ်တရားတို့တွင် ဣဿာနှင့် မစ္ဆရိယဟူသော တရား နှစ်ပါးလည်း ပါဝင်သည်။ ထိုတရားနှစ်ပါးတို့ကို လူ့လောကနယ်ပယ်၌ပင် **'ဘယ်သူကဖြင့် ဣဿာ မစ္ဆရိယများလိုက်တာ'** စသည်ဖြင့် ပြောဆိုကြရ သည့် အထူးထင်ရှားသော အကုသိုလ်တရားများဖြစ်သည်။

ဣဿာဟူသည် သူတစ်ပါး၌ ရှိသည်ကို မနာလိုစိတ်၊ ဝန်တိုစိတ်များ ဖြစ်ခြင်းကို ဆိုလိုသည်။ မစ္ဆရိယဟူသည် နှမြောစေးနှဲခြင်း၊ မပေးရက်လို သဝန်တိုခြင်း၊ မိမိစည်းစိမ်းကို လျှို့ဝှက်ခြင်းရှိသည်၏အဖြစ်ကို ဆိုလို သည်။

မစ္ဆရိယဟူသည့် နှမြောစေးနဲမှုဖြင့် အလွန်ထင်ပေါ်ကျော်ကြား သူတို့တွင် အထူးထင်ရှားသည့် ဘုရင်တစ်ပါးဟုပင် တင်စားကာ ကင်ပွန်း တပ်ရလောက်အောင် နှမြောစေးနဲသူကိုမူ ဘုရားရှင်သက်တော်ထင်ရှား ရှိစဉ်ကပင် ထင်ရှားရှိခဲ့ဖူးသည်။ အဘယ်မျှ နာမည်ကြီးသနည်းဟူမူ

အလှူခံပုဂ္ဂိုလ်တို့အား သမန်းမြက်ဖျားနှင့် ယူရလောက်သည့်ဆီနှင့် ဆန်တစ်ဆုပ်မျှပင် လှူဖူးခြင်းမရှိပေ။

ထိုသူကတော့ အခြားသူမဟုတ်၊ ရာဇဂြိုဟ်မြို့နှင့် မနီးမဝေးရှိသော သက္ကာရမည်သော ရွာနိဂုံး၌နေသူ ကုဋေ(၈၀)ကြွယ်ဝသော သူဌေးကြီးပင် ဖြစ်သည်။ အလှူခံပုဂ္ဂိုလ်များနှင့် အခြွေအရံတို့အား ဝန်တိုခြင်းကိုမှု မပြောပလောက်သော်လည်း မိမိ၏သားသမီးများနှင့် အိမ်ရှင်မ သူဌေး ကတော်တို့ကိုပင် ဝန်တိုနှမြောစိတ်ဖြစ်နေခြင်းများက လွန်စွာအံ့ဩဖွယ် ဖြစ်နေသည်။

ပုံမှန်အားဖြင့် မိဘဖြစ်သူသည် အခြားသူတို့အား မကျွေးလိုသော် လည်း မိမိ၏သားသမီးများကိုမူ ကိုယ်မစားဘဲ အငတ်ခံ၍ပင် ကျွေးတတ် ကြသည်။

ယခုကား ထိုသို့မဟုတ်ပါချေ၊ ယုတ်စွအဆုံး မိမိဝမ်းကိုပင် မကြည် ဖြူ မစားရက်သူဖြစ်သည်။ မိမိအိမ်၌ စီးပွားဥစ္စာ များစွာရှိပါလျက်နှင့် မစားရက်သူဖြစ်သည့်အတွက် သူ့ကို **"မစ္ဆရိယကောသိယ"**ဟု ခေါ်ဝေါ် ကြခြင်း ဖြစ်သည်။

လူမှန်သမျှတို့သည် စီးပွားဥစ္စာတို့ကို မိမိအတွက်လည်း သုံးစွဲသင့် သလောက် သုံးစွဲကြရမည်ဖြစ်သည်။ အများအတွက်လည်း သုံးစွဲသင့် သလောက် သုံးစွဲကြရမည်။ ရဟန်းသံဃာတော်စသည့် အလှူခံပုဂ္ဂိုလ်တို့ အားလည်း လှူသင့်တော်သလောက် ခွဲဝေလှူဒါန်းကြရမည်။

ထိုကဲ့သို့ မိမိအတွက်၊ အများအတွက် မသုံးရက်မူ၍ သိမ်းဆည်း ထားသော စီးပွားဥစ္စာကိုမူ ဘီးလူး ရိက္ခိုဇ်စောင့်သော ရေကန်ကဲ့သို့

ဖြစ်သည်ဟု ဆိုကြသည်။ ဘီးလူးသည် သူကိုယ်တိုင်လည်း ရေကို မသောက်သုံး၊ တစ်ပါးသူတို့အားလည်း မသောက်သုံးရပေ။ မိမိသူတစ်ပါး နှစ်ဦးသားအတွက် မည်သူ့အတွက်မျှ အကျိုးမရှိသည်ကို ဆိုလိုသည်။

ဘုရားရှင်ကိုယ်တော်မြတ်သည် သာဝတ္ထိပြည်မှုန် ဇေတဝန်ကျောင်း တော်၌ သီတင်းသုံးနေတော်မူစဉ် မဟာကရုဏာဖလသမာပတ်မှ ထတော် မူ၍ နံနက်မိုးသောက် အလင်းရောက်သောအခါ၌ လောကကိုကြည့်တော်မူ သောအခါ ထိုသူဌေးကြီးဇနီးမောင်နှံကို မြင်တော်မူသည်။ ထိုသို့မြင်တော် မူသော်လည်း သာဝတ္ထိပြည်နှင့် ရာဇဂြိုဟ်ပြည်တို့သည် (၄၅)ယူဇနာ၊ မိုင်အားဖြင့် (၃၅၀)ခန့် ဝေးကွာသည်။ သာဝတ္ထိမှ ရာဇဂြိုဟ်ပြည်သို့ လှမ်းမြင်ရခြင်းဖြစ်သည်။

တစ်နေ့သောအခါ သူဌေးကြီးသည် မင်းကြီးအား ခစားခြင်းကိုပြုပြီး မင်းနန်းတော်မှ ပြန်လာသောအခါ ဆာလောင်မွတ်သိပ်သော ဇနပုဒ်သား တို့သည် မုယောမုန့်ကိုလည်းကောင်း၊ အိုးကင်းမုန့်ကိုလည်းကောင်း မြိန်ရေယှက်ရေစားသောက် နေကြသည်ကို မြင်တွေ့ရသောအခါ ထို မုန့်များကို စားလိုသောစိတ်ဖြင့် အိမ်သို့ပြန်လာခဲ့သည်။

မင်းနန်းတော်မှပြန်လာတိုင်း လမ်း၌ ထိုမုန့်များကို စားလိုသော အာသာသည် ပိုမိုပြင်းထန်လာသည်။ သို့သော်လည်း ပစ္စည်းဥစ္စာကုန်မည်ကို စိုးရိမ်သည်က တစ်ကြောင်း၊ အခြားသောသူတို့ကို မကျွေးလိုသည်က တစ်ကြောင်းတို့ကြောင့် စားလိုစိတ်ကို မျိုသိပ်ထားရသည့်အတွက် ခန္ဓာကိုယ်သည် ညှိုးလျှော်နွမ်းလျ ပိန်ချုံးကျလာသည်၊ အသားအရေတို့ သည်လည်း ဆုတ်ယုတ်လာသည်မှာ အလွန်ထင်ရှားလာသည်။

သူဌေးကတော်ကြီးသည် သူဌေးကြီး၏ အနီးသို့သွား၍ နောက်ကျောကို အသာအယာဆုပ်နယ်ပြီး "သူဌေးကြီး.. စိတ်ထိခိုက်စရာ၊ စိတ်ဆိုးစရာများ ရှိနေသလော၊ ကျန်းမာရေးပင် မကောင်းလို့လော၊ စားလို့ပင်မကောင်းလို့လော၊ ခန္ဓာကိုယ်က ကြုံလှီလာ၍ ကွန်ယက်အကြောအပြိုင်းပြိုင်းထနေသည်၊ လိုတာရှိက ပြောပါ"ဟု မေးသော်လည်း အိုးကင်းမုန့်စားလိုစိတ်ကို မျိုသိပ်ထားသည်။

လောက၌ "**အမေပြောတော့ တစ်လ၊ မယားပြောတော့ တစ်ည**" ဟု ဆိုရိုးစကားရှိကြသော်လည်း မယားဖြစ်သူ သူဌေးကတော်က မည်သို့ပင် မေးသော်လည်း အဖြေမရဘဲရှိနေသည်။

သူဌေးကြီးသည် အလွန်အမင်းပိန်ခြောက်ညှိုးလျော်လာသည်။ အဖန်ဖန်မေးတော့မှ မုယောမုန့်နှင့် အိုးကင်းမုန့်ကို စာလိုစိတ်များ ဖြစ်ပေါ်နေသည်မှာ ကြာပြီဖြစ်ကြောင်းကို အပြည့်အစုံဝန်ခံ ပြောပြလိုက်သည်။

ထိုသို့သူဌေးကတော်ကြီးက "သူဌေးကြီးရယ်၊ ပစ္စည်းဥစ္စာတွေ ဒီလောက်ပေါများကြွယ်ဝနေတာပဲ၊ ဒီမုန့်က ဘာမျှကုန်ကျတာမှမဟုတ်တာ၊ ဒါလေးတောင် ကြိတ်မှိတ်မျိုသိပ်ထားရတယ်လို့၊ ကဲ.. ကျွန်မကိုယ်တိုင် ပြုလုပ်ကျွေးပါ့မယ်"ဟု ပြောဆိုသော် သူဌေးကြီးက 'မည်သူ့ကိုမျှ မသိစေရ၊ မည်သူကိုမှလည်း မကျွေးရ၊ မင်းလည်း မစားရ'ဟုပင် အမိန့်ထုတ်လိုက်သေးသည်။

အဘယ်မျှ နှမြောစေးနဲသနည်းဟူမူ မုန့်လုပ်ကျွေးမည့်သူကိုပင် မစားရဟုအမိန့်ထုတ်လိုက်ပုံက မည်မျှ နှမြောသူ ဖြစ်သည်ဆိုတာကို သိရှိနိုင်သည်။ သူဌေးကြီးစားလိုသော အိုးကင်းမုန့်သည် လူဆင်းရဲတို့

အဆာပြေစားစရာ တန်ဖိုးနည်းသော သွားရေစာမျှသာဖြစ်သည်။

သူဌေးကတော်ကြီးသည် သူဌေးကြီးစားလိုသော အိုးကင်းမုန့်ကြော်ရန် ဆီ ထောပတ် တင်လဲစသည့် ပစ္စည်းတို့ကို စုဆောင်းပြီးသည့်အခါ အခြားသူတို့အား ကျွေးရမည်ကိုစိုးရိမ်သောကြောင့် ကြော်စရာအိုးကင်းနှင့် ပစ္စည်းပစ္စယများကို ယူဆောင်ကာ တိုက်၏ဘုံ(၇)ဆင့်သို့ တက်ရောက်၍ ကြော်စားရန် စီစဉ်နေသည်။

သူဌေးကြီးဇနီးမောင်နှံသည် ဘုံခုနစ်ဆင့်သို့ တစ်ဆင့်ချင်းတက်သွားရာ အဆင့်တိုင်းအဆင့်တိုင်းရှိ တံခါးများကို အလုံပိတ်ပြီး တက်လာခဲ့ကြသည်။ ဘုံခုနစ်ဆင့်တွင် အေးအေးဆေးဆေး ကြော်စားမည်ဟူသော စီမံကိန်းဖြင့် တက်လာခဲ့ကြသည်။ ထိုအခြေနေကို ဘုရားရှင်က သာဝတ္ထိပြည်မှနေ ဇေတဝန်ကျောင်းတော်မှ သိတော်မူ မြင်တော်မူသည်။

သို့ဖြင့် ဘုရားရှင်က ရှင်မဟာမောဂ္ဂလာန်အား သွားရောက်အလှူခံရန် အတွက် "ချစ်သားမောဂ္ဂလာန် ..၊ ရာဇဂြိုဟ်မြို့၏ မနီးမဝေး သက္ကာရ မည်သောနိဂုံးရွာ၌ မစ္ဆရိယကောသိယမည်သော သူဌေးကြီးသည် အိုးကင်း မုန့်ကို စားလိမ့်မည်၊ တစ်ပါးသောသူတို့ မြင်အံ့သည်မှကြောက်ခြင်း၊ စိုးရိမ်ခြင်းကြောင့် ဘုံခုနစ်ဆင့်၌ရှိသောပြာသာဒ်ထက်သို့ တက်၍ မုန့်ကို ကြော်စေမည်၊ သင်ချစ်သားသည် ထိုပြာသာဒ်သို့သွား၍ လွန်စွာဝန်တိုခြင်း ရှိသော သူဌေးကို ဆုံးမ၍ မုန့်အားလုံးကိုလည်းကောင်း၊ သူဌေးကြီးနှင့် သူဌေးကတော်တို့ကိုလည်းကောင်း၊ နို့ရည်၊ ထောပတ်၊ ပျား၊ တင်လဲ စသည်ဖြင့် ပြုလုပ်ထားသော မုန့်တို့ကိုလည်းကောင်း အလှူခံ၍ ဤ သာဝတ္ထိပြည် ဇေတဝန်ကျောင်းသို့ ခေါ်ဆောင်ခဲ့လေလော့၊ ငါဘုရားနှင့်

သံဃာတော်ငါးရာတို့ စောင့်နေမည်''ဟုမိန့်တော်မူလိုက်သည်။

ရှင်မဟာမောဂ္ဂလာန် ကိုယ်တော်မြတ်ကလည်း ''ကောင်းပါပြီ မြတ်စွာဘုရား''ဟု ဝန်ခံတော်မူသည်။

## ကောင်းကင်၌ ရပ်ပြ စကြံကြွ

ရှင်မဟာမောဂ္ဂလာန် ကိုယ်တော်မြတ်ကြွတော်မူသောအခါ သူဌေးကတော်ကြီးသည် အိုးကင်းမုန့်ကြော်လျက်ဖြစ်သည်။ အိုးကင်းမုန့် စားလိုစိတ်ပြင်းပြနေသော သူဌေးကြီးကလည်း လေသာပြတင်းတံခါးအနားတွင် ထိုင်နေသည်။ ထိုစဉ် ရှင်မဟာမောဂ္ဂလာန် ကိုယ်တော်မြတ်သည် သူဌေးကြီးရှေ့ သပိတ်ပိုက်လျက် ကောင်းကင်ယံ၌ ရပ်တော်မူသည်။

သူဌေးကြီး၏စိတ်တွင်လည်း ''မည်သူ့ကိုမှ မကျွေးလိုသည်ဖြစ်၍ အခြားသူတို့ မမြင်စေရန် ဘုံခုနစ်ဆင့်တက်ပြီး တံခါးအားလုံးကိုပိတ်ခဲ့ကာ ကြော်စားတာတောင် ဒီကိုယ်တော်က တံခါးရှေ့လာရပ်နေရတယ်လို့ ဖြစ်မှဖြစ်ရပေ''ဟုတွေးရင်း စိတ်မကောင်းဖြစ်နေသည်။

---

မည်သူ့ကိုမှ မကျွေးလိုသည်ဖြစ်၍ အခြားသူတို့ မမြင်စေရန် ဘုံခုနစ်ဆင့်တက်ပြီး တံခါးအားလုံးကို ပိတ်ခဲ့ကာ ကြော်စားတာတောင် ဒီကိုယ်တော်က တံခါးရှေ့လာရပ်နေရတယ်လို့ ဖြစ်မှဖြစ်ရပေ . . .

---

ထို့ပြင် နှုတ်မှလည်း "အို အရှင်ဘုရား .. ကောင်းကင်ယံမှာ လာရပ်နေလည်း သင့်အား ဘာဆွမ်းမှမလှူနိုင်ပါ၊ ခြေရာမထင်သော ကောင်းကင်၌ ခြေရာကိုပြ၍ စင်္ကြံပင်လျှောက်ကြွသော်လည်း ဘာဆွမ်းမှ ရမည်မဟုတ်ပါ"ဟု ဆိုလိုက်ပြန်သည်။ ထိုသို့ ဆိုသည်ဖြစ်၍ မထေရ် မြတ်ကလည်း ကောင်းကင်၌ ခြေရာကိုပြ၍ စင်္ကြံကြွတော်မူသည်။

သူဌေးကြီးကတစ်ဖန် "ကောင်းကင်ယံ၌ ထက်ဝယ်ဖွဲ့ခွေ နေသော် လည်းကောင်း၊ လေသောက်တံခါးအနီးရပ်တော်မူသော်လည်းကောင်း မုန့်ဆွမ်းကို လှူမည်မဟုတ်ပါ" ဟုလျှောက်ထားပြန်သည်။

ရှင်မဟာမောဂ္ဂလာန်ကိုယ်တော်မြတ်ကြီးသည်လည်း သူဌေးကြီး လျှောက်သမျှ ကောင်းကင်၌ထက်ဝယ်ဖွဲ့ခွေနေတော်မူပြီး ကောင်းကင်ယံ လေသောက်တံခါးအနီး၌ ရပ်တော်မူပြန်သည်။

သူဌေးကြီးက "အရှင်ဘုရား၊ ဤသို့ပြသသော်လည်း မုန့်ဆွမ်းကို ရဖို့ရာမပြောနဲ့ .. အခိုးအလျှံလွှတ်သော်မှလည်း မုန့်ဆွမ်းကို ရမည် မဟုတ်ပါ"ဟုလျှောက်သည်နှင့် အခိုးအလျှံ လွှတ်တော်မူပြန်သည်။

မထေရ်မြတ်ကြီးက အခိုးအလျှံများ လွှတ်တော်မူလိုက်သည့်အတွက် သူဌေးကြီးခမျာ မျက်လုံးများ နီရဲကြိမ်းစပ်လျက် မျက်ရည်များ ပိုးပိုး ပေါက်ပေါက် ထွက်ကျလာသည်။ အခိုးတို့သည် များစွာလွှတ်လိုက်သည် ဖြစ်၍ သူဌေးကြီးသည် အိမ်ကို မီးလောင်မည်ကို စိုးရိမ်လျက်ရှိနေသည်။

သူဌေးကြီးသည် "အရှင်ဘုရား ..၊ အရှင်ဘုရားသည် အလျှံတပြောင် ပြောင် တောက်လောင်စေသော်လည်း လှူမည်မဟုတ်ပါ"ဟူသော စကား ကိုမူ **အိမ်ကို မီးလောင်မှာစိုးရိမ်သွားသည့်အတွက် မပြောဝံ့ပါချေ။**

သူဌေးကြီး စဉ်းစားလိုက်သည်က "ဤရဟန်းသည် ပြောရဆိုရ အလွန်ခက်သည့် ရဟန်းပဲ၊ မုန့်မရလျှင်ဖြင့် ပြန်ကြွမည့်သဘော မရှိ၊ မုန့်ချပ်သေးသေးလေးတစ်ခုလောက်တော့ လှူမှပဲဖြစ်တော့မည်"ဟု ကြံစည်နေသည်။

သို့ဖြင့် သူဌေးကြီးသည် မုန့်ကြော်နေသော သူဌေးကတော်ကြီးအား **"ရှင်မရေ .. မုန့်ချပ်သေးသေးလေးတစ်ချပ်လောက်လှူပြီး ဤရဟန်းကို ပြန်ကြွခိုင်းလိုက်ပါကွာ"**ဟု ပြောသည်။

သူဌေးကတော်ကြီးသည် သူဌေးကြီးပြောသည့်အတိုင်း မုန့်ချပ် သေးသေးဟုကြော်လိုက်သော်လည်း အလွန်ကြီးသော မုန့်ချပ်ကြီးဖြစ်နေ၍ အိုးကင်းတစ်ခုလုံးကို ပြည့်မောက်နေသည်။

သူဌေးကြီးသည် မုန့်ချပ်က ကြီးနေသည်ကို မြင်ရသဖြင့် **"မင်းက လည်းကွာ မုန့်ကသေးသေးလေး လုပ်ပါဆိုမှ အချပ်အကြီးကြီး ဘာလို့ လုပ်ရတာလဲ"**ဟု ပြောပြောဆိုဆို သူဌေးကတော်ကြီး ပြုလုပ်နေသည်ကို စိတ်မရှည်တော့သဖြင့် ကိုယ်တိုင်ပင် ယောက်မဖြင့် အနည်းငယ်မျှ မုန့်ညက်တို့ကို ယူပြီး အိုးကင်း၌ ထည့်လိုက်သောအခါ ထို့ထက်ပို၍ကြီး သော မုန့်ချပ်ကြီးဖြစ်နေပြန်သည်။

ဤသို့ဖြင့်ထပ်ပြုလုပ်တိုင်း ပို၍ပင် ဆထက်ထမ်းပိုး တိုး၍ကြီးနေ တော့သည်။ သူဌေးကြီးသည် သေးငယ်သောမုန့်ချပ်ကို ပြုလုပ်ပါသော် လည်း မည်သို့မျှ သေးငယ်အောင်ပြုလုပ်၍မရ ဖြစ်နေသည့်အတွက် စိတ်ခါတ်ကျလာသည်အထိ ဖြစ်လာပြီး **"ရှင်မ သူဌေးကတော် ..၊ ဤရဟန်းအား မုန့်တစ်ချပ် လှူလိုက်ပါတော့ကွာ"**ဟု ညည်းညူသံဖြင့်

ပြောလိုက်သည်။

သူဌေးကတော်ကြီးသည် မုန့်တောင်းမှ မုန့်တစ်ချပ်ကို ယူလိုက်သည့်အခါ မုန့်အားလုံးတို့ တစ်ချပ်တည်းဖြစ်၍ အားလုံး ပါလာသည်။ မုန့်တစ်ချပ်စီ ခွဲပါသော်လည်း မရဘဲ မုန့်အားလုံးတို့သည် တစ်ခုတည်း တွဲကပ်လျက်ဖြစ်နေသည်။

ထိုသို့မုန့်များ တစ်ပေါင်းတည်း တွဲကပ်နေသည့်အတွက် မုန့်တစ်ချပ်ခွာထုတ်ဖို့အရေး သူဌေးကြီးနှင့်သူဌေးကတော် နှစ်ဦးတို့သည် မုန့်ချပ်ကို တစ်ဖက်အစွန်းစီကိုင်၍ ခြေကန်ဆွဲကြ ဖွဲ့ကြသော်လည်း ချွေးများသာ ဒီးဒီးကျလာသည်။ မည်သို့မျှ ခွဲထုတ်လို့မရဖြစ်နေသည်။

သူဌေးကြီးသည် အိုးကင်းမုန့်စားလိုသော အာသာဆန္ဒသည်ပင် ကုန်ခမ်းလျက်ရှိနေသည်။ ထိုသို့ စားလိုသောစိတ်များ ကုန်ခမ်းသွားသည့်အတွက် သူဌေးကြီးက **"ရှင်မရေ ..၊ ဤရဟန်းအား တောင်းနှင့်တကွ မုန့်အားလုံးကို လှူပဲလှူလိုက်ပါတော့ကွာ"**ဟု စိတ်အားလျော့သံဖြင့် ပြောလိုက်သည့်အတွက် မုန့်အားလုံးကို လှူလိုက်သည်။

မထေရ်မြတ်ကြီးသည် မစ္ဆရိယကောသိယသူဌေးကြီး ဇနီးမောင်နှံတို့အား ရတနာသုံးပါးတို့၏ ဂုဏ်ကျေးဇူးများနှင့် လှူဒါနအပ်သော အလှူ၏ အကျိုးကိုကား ကေန်ရရှိတော်မူမည်ဖြစ်ကြောင်း ဟောကြားတော်မူသည်။

## ပေးလို့မကုန် လှူလို့မခမ်း ဒါနစွမ်း

မထေရ်မြတ်၏ တရားတော်ကို အလွန်နှစ်သက်လျက် "အရှင်ဘုရား.. ဤပလ္လင်ပေါ်သို့ထိုင်လျက် မုန့်ဆွမ်းကို ဘုဉ်းပေးတော်မူပါဘုရား"

ဟုလျှောက်သည်။

မထေရ်မြတ်က "ဒါယကာကြီး ..၊ ဤမုန့်များကို မြတ်စွာဘုရားနှင့် သံဃာတော်ငါးရာတို့သည် ဘုဉ်းပေးတော်မူရန် စောင့်မျှော်နေကြပါသည်။ သင်တို့သည် လှူလိုသော စေတနာသဒ္ဓါတရား ရှိပါပြီးအံ့၊ ငါသည် အခုချက်ချင်းပင် ရောက်အောင် ခေါ်ဆောင်ပါအံ့"ဟု မိန့်တော်မူသော အခါ "အရှင်ဘုရား.. ဘုရားရှင်နှင့် သံဃာတော်တို့ အဘယ်မှာ သီတင်း သုံးနေပါသနည်းဘုရား"ဟု လျှောက်သည်။

မထေရ်မြတ်က "ဒါယကာကြီး၊ ဤရွာနိဂုံးမှ (၄၅)ယူဇနာ ဝေးကွာသော သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူပါသည်" ဟု မိန့်ကြားလိုက်သည်။

မထေရ်မြတ်သည် သူဌေးကြီးဇနီးမောင်နှံတို့၏ အိမ်ဦးမှ ဇေတဝန် ကျောင်းတိုက်မုခ်ဦးသို့ ခေါ်ဆောင်ရန် တန်းခိုးတော်ဖြင့် အဓိဋ္ဌာန်တော်မူ လိုက်၍ အိမ်အပေါ်ထပ်မှ ဇေတဝန်ကျောင်းမုခ်ဦး စောင်းတန်းသည် ပေါ်လာခဲ့သည်။ ထိုစောင်းတန်းဖြင့် သူဌေးကြီးနှင့် သူဌေးကတော်ကြီး တို့အား ခေါ်တော်မူခဲ့သည်။

ဘုရားရှင်နှင့် သံဃာတော်တို့ ဆွမ်းဘုဉ်းပေးရန်အချိန် နီးကပ်နေပြီ ဖြစ်သည့်အတွက် ဆွမ်းစားကျောင်းတော်သို့ သွားရောက်၍ ဘုရားအမှူး ရှိသော သံဃာတော်တို့အား အိုးကင်းမုန့်ဆွမ်းများ လောင်းလှူဆက်ကပ် ကြသည်။

ဘုရားရှင်နှင့် သံဃာတော်ငါးရာတို့ ဘုဉ်းပေးပြီးသော အိုးကင်းမုန့် ကို သူဌေးကြီးနှင့် သူဌေးကတော်တို့ ဆက်လက် သုံးဆောင်ကြသည်။

မုန့်များမကုန်ဘဲရှိနေသည့်အတွက် စားကြွင်းစား သူတောင်းစားတို့အား ပေးလှူပါသော်လည်း နည်းနည်းလေးမျှလျော့သွားသည်မရှိ အပြည့်ပင် ရှိနေသည်။ **'ပေးလို့မကုန် လှူလို့မခမ်း'** ဟူသော စကားသည် ဒါနစွမ်းအင် စေတနာစွမ်းအင်တို့၏ သရုပ်ပြစကားဖြစ်သည်။

သူဌေးကြီးသည် မည်သို့ပင်စားသုံးပါသော်လည်း မကုန်နိုင်သော အိုးကင်းမုန့်များကိုကြည့်ကာ အံ့သြနေသည်ဖြစ်၍ မြတ်စွာဘုရားအား "အရှင်ဘုရား၊ မုန့်များဟာ ကုန်ခမ်းခြင်းသို့ မရောက်ပါဘုရား" ဟု လျှောက်သည်။

ဘုရားရှင်က "ပေးလို့မှ မကုန်ရင် ဇေတဝန်ကျောင်းပေါက်မုခ်အနီးမှာ ရှိသည့် ချိုင့်ဝှမ်းအရပ်၌ စွန့်လော့" ဟု မိန့်တော်သည့်အတွက် သွား၍ စွန့်သည်။ ချိုင့်ဝှမ်းချောက်ကြီးတစ်ခုလုံးလည်း အိုးကင်းမုန့်များပြည့်လျှံ သွားပြန်သည်။

သို့ဖြင့် ထိုချိုင့်ဝှမ်းချောက်ကြီးကို **"ကပလ္လကပူဝပဗ္ဘာရဋ္ဌေဝ= ဆီကြော်မုန့်များဖြင့်ပြည့်သော ချောက်"** ဟု ယနေ့ထက်တိုင်အောင် နာမည်တွင်လျက်ရှိသည်ဟု စာ၌ဆိုသည်။

"ပေးလို့မကုန် လှူလို့မခမ်း" ဟူသော စကားသည် ဒါန စွမ်းအင် စေတနာစွမ်းအင်တို့၏ သရုပ်ပြစကားဖြစ်သည်။

စာရေးသူတို့ ဇေတဝန်ကျောင်းတိုက်နေရာသို့ ၁၉၉၇-ခုနှစ်က စတင်ရောက်သောအခါ ထိုမုန့်ဆီကြော်စွန့်ရာချောက်ကို ရှာဖွေမိသေးသည်။ ယခုအခါမှာတော့ ရာသီဥတုရေမြေတို့သည် ပြောင်းလဲလျက်ရှိသည်ဖြစ်၍ မရှိတော့ပြီ၊ အဋ္ဌကထာရေးစဉ်ကရှိခဲ့၍ 'ယနေ့တိုင်အောင်'ဟုပြောရခြင်း ဖြစ်လိမ့်မည်။

ဘုရားရှင်ကိုယ်တော်မြတ်သည် ဆွမ်းအနုမောဒနာတရားကို သူဌေးကြီး ဇနီးမောင်နှံအား ဟောကြားလိုက်သောအခါ သောတာပတ္တိမဂ်ဖိုလ်သို့ အသီးအသီးရောက်ရှိကြ၍ ရတနာသုံးပါးတို့အား မမိုတ်မသုန် ယုံကြည်ကြသည်။ သောတာပန်ဖြစ်ပြီးသော သူဌေးကြီး ဇနီးမောင်နှံတို့သည် မြတ်ဗုဒ္ဓသာသနာတော်၌ သူတို့ပိုင်ဆိုင်သည့် ကုဋေ(၈၀)တို့ကို စွန့်လှူကြကုန်၏။

နောက်နေ့ညနေချမ်းအခါဝယ် သံဃာတော်အချင်းချင်း "ငါ့ရှင်တို့၊ ရှင်မဟာမောဂ္ဂလာန်ကိုယ်တော်မြတ်ကို ကြည့်ကြကုန်လော့၊ မစ္ဆရိယကောသိယ သူဌေးကြီးကို တစ်ခဏချင်းပင် ရာဂ ဒေါသ မာန်မာနမရှိအောင် ဆုံးမဘိ၍ အိုးကင်းမုန့်တို့ကိုလည်း ရာဇဂြိုဟ်မှ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်အထိ ယူဆောင်ခဲ့၏။ သူဌေးကြီး ဇနီးမောင်နှံတို့အားလည်း ဘုရားရှင်ထံမှောက် အရောက်ခေါ်နိုင်ခဲ့ပြီး သောတာပတ္တိဖိုလ်၌ တည်စေသည်ဖြစ်၍ တန်ခိုးအာနုဘော်ကြီးပါပေစွ"ဟု ရှင်မဟာမောဂ္ဂလာန်ကိုယ်တော်မြတ်အား ချီးကျူးတော်မူကြသည်။

## အလှူခံပုံ နည်းပေးခြင်း

ထိုစဉ်ဘုရားရှင် ကြွရောက်တော်မူလာ၍ 'ရဟန်းတို့၊ သင်တို့သည်

အဘယ်စကားတို့ဖြင့် ပြောဆိုစည်းဝေးကြကုန်သနည်း"ဟုမေးတော်မူသည်။ ရဟန်းသံဃာတော်တို့ကလည်း ဤမည်သောစကားတို့ဖြင့် ပြောဆိုနေကြပါကုန်၏ဟု လျှောက်ထားသည်ရှိသော် "ရဟန်းတို့၊ ဒါယကာတို့ကို ဆုံးမသော ရဟန်းမည်သည် ပန်းပွင့်ကို မပျက်စီး၍ ပန်းဝတ်မှုန်ကို ယူကုန်သော ပျားပိတုန်းတို့ကဲ့သို့ ဒါယကာတို့အား မထိခိုက်စေမူ၍ ဘုရားဂုဏ်ကျေးဇူး၊ တရားတော်၏ ဂုဏ်ကျေးဇူးတို့ကို သိစေ၍ အလှူခံအပ်၏"ဟုမိန့်ကြားလိုရကား အောက်ပါတရားကို ဟောတော်မူသည်-

**ယထာပိ ဘမရော ပုပ္ဖံ၊ ဝဏ္ဏဂန္ဓံ အဟေဌယံ။**
**ပလေတိ ရသမာဒါယ၊ ဧဝံ ဂါမေ မုနီစရေ။**

ဘမရော၊ ပျားပိတုန်းသည်။ ပုပ္ဖံ-ပုပ္ဖဿ၊ ပန်းပွင့်၏။ ဝဏ္ဏဂန္ဓံ၊ အဆင်းအနံ့ကို။ အဟေဌယံ-အဟေဌယန္တော၊ မပျက်စီးစေမူ၍။ ပလေတိ ယထာပိ၊ ပျံသကဲ့သို့လည်း။ ဧဝံ-တထာ၊ ထို့အတူ။ ဂါမေ၊ ရွာ၌။ မုနိ၊ ရဟန်းသည်။ စရေ၊ ကျင့်ရာ၏။

ဘုရားရှင်က ဤတရားတော်ဖြင့် အလှူခံ၍ဘဝရပ်တည်ကြကုန်သော ရဟန်းသံဃာတော် အလှူခံပုဂ္ဂိုလ်တို့သည် အလှူရှင်ဖြစ်သူတို့ စိတ်လည်း မဆင်းရဲ၊ ဥစ္စာလည်းမပွဲအောင် အလှူခံရန် ပျားပိတုန်းတို့က ပန်းပွင့်ကို မပျက်ဆီးစေမူ၍ ပန်းဝတ်မှုန်ကို ယူသလို အလှူခံရမည်ဟု အလှူခံယူနည်းကို မိန့်မှာတော်မူခြင်းဖြစ်သည်။

ရှင်မဟာမောဂ္ဂလာန်ကိုယ်တော်မြတ်သည် မပေးလိုသည့် မစ္ဆရိယကောသိယသူဌေးကြီးထံမှ အလှူခံယူခြင်းသည် မတရားသော နည်းလမ်း

ဖြင့် အလှူခံခြင်းမဟုတ်၊ တရားသဖြင့်သာ အလှူခံခြင်းဖြစ်သည်။ သူဌေးကြီး လျှောက်ထားသည့်အတိုင်းသာ လိုက်လုပ်သည်။ နောက်ဆုံး စားလိုသော အာသာ(လောဘတဏှာ)ကို လျှော့ပါးစေခြင်းဖြစ်သည်။

သူဌေးကြီးသည် စားလိုဆန္ဒပြင်းပြနေသော အိုးကင်းမုန့်ကို လှူနိုင်သွားသည်။ မထေရ်မြတ်က သရဏဂုံ၏ ကျေးဇူးနှင့်တကွ အလှူဒါန၏ ကျေးဇူးများကို ဟောတော်မူရာ လွန်စွာကျေနပ်မှုများဖြစ်လာသည်။

## အတိတ်ဝတ္ထု

ဘုရားရှင်သည် သံဃာတော်တို့အား ရှင်မဟာမောဂ္ဂလာန်ကိုယ်တော်မြတ်၏ ဂုဏ်ကျေးဇူးကို ပြလိုသည်ဖြစ်၍ **"မဟာမောဂ္ဂလာန်သည် ယခုအခါမှသာ မစ္ဆရိယကောသိယ သူဌေးကြီးအား ဆုံးမဖူးသူမဟုတ်သေး၊ ရှေးအခါကလည်း ဆုံးမခဲ့ဖူးပြီ"**ဟု အတိတ်ကိုဆောင်တော်မူလိုက်သည်။

ရှေးအခါက ရာဇဂြိုဟ်ပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဣလ္လိသမည်သောသူဌေး၌ ကုဋေ(၈၀) ကြွယ်ဝ၏။

ထိုဣလ္လိသသူဌေးသည် ရှေးအတိတ်ကံကြောင့် သူဌေးဖြစ်သော်လည်း ခြေကလည်းခွင်၊ လက်ကလည်းကောက်၊ မျက်စိကလည်းစွေ၊ သဒ္ဓါတရားလည်းမရှိ၊ သူတစ်ပါးတို့အား မပေးရက်လို သဝန်လည်းတို၏။ ဤသို့ မကောင်းသတင်းတို့နှင့် ပြည့်လျှံသူဖြစ်သည်။ ထိုသူတို့ထံ၌ရှိသော ပစ္စည်းသည် ရက္ခိုသ်စောင့်သော ရေကန်ကဲ့သို့ ကိုယ်လည်းမသောက်၊ သူတစ်ပါးအားလည်း မသောက်ရသည့်သဘောရှိ၏ဟု ဆိုကြကုန်၏။

ထိုဣလ္လိသသူဌေး၏ အမိအဖတို့သည်ကား ဆွေခုနစ်ဆက် မျိုးခုနစ်

ဆက်တိုင်အောင် အလှူပေးတတ်သော အလှူရှင်တို့ဖြစ်၏။ ဣလ္လိသ သူဌေးမှုကား သူဌေးဖြစ်သည်မှစ၍ အမျိုးအနွယ်ကို ဖျက်ဆီးကာ အလှူခံ ပုဂ္ဂိုလ်တို့အား နှင်ထုတ်သည်။ အလှူမပေးရုံမျှမက အလှူမဏ္ဍပ်တို့ကိုပါ မီးရှို့ဖျက်ဆီးပစ်သည်။

ဣလ္လိသသူဌေးသည် တစ်နေ့သောအခါ မင်းနန်းတော်မှပြန်အလာ ငါးပုပ်ပြားကို အမြည်းလုပ်လျက် သေအရက် သောက်နေသူကိုမြင်ရ၍ သေအရက်သောက်လိုသော စိတ်ဆန္ဒသည် ပြင်းပြလျက်ရှိသော်လည်း ပစ္စည်းဥစ္စာများ ကုန်မည်စိုးရိမ်သောကြောင့် သောက်လိုသော အာသာကို ကြိတ်မှိတ် မျိုသိပ်ထားရသည်။

ငါးပုပ်ပြားဖြင့် သေအရက် သောက်လိုသောဆန္ဒအား ကြိတ်မှိတ် လျက် နေရဖန်များလာသောအခါ ခန္ဓာကိုယ်သည် ဖျော့တော့လာသည်။ အရိုးပြိုင်းပြိုင်းထ၍ အကြောတို့သည် ကွန်ယက်သဖွယ်ဖြစ်နေသည်။ နန်းတော်မှ ပြန်အလာ ခုတင်ညောင်စောင်း၌ လဲလျောင်းနေစဉ် သူဌေး ကတော်ကြီးသည် အနီးသို့သွား၍ နောက်ကျောကို ဆုပ်နယ်ပေးလျက် "အရှင်သူဌေးကြီး၊ သင့်အား နေမှကောင်းရဲ့လား၊ မချမ်းသာခြင်းသည် ဖြစ်နေသလော၊ မည်သည့်ကိစ္စကို ပြုလုပ်ပေးရမည်နည်း" စသည်ဖြင့် မေးမြန်းသည်။

အကြိမ်ကြိမ်မေးဖန်များသောအခါ သူဌေးကြီးက သေအရက်ကို သောက်လိုကြောင်းကို ပြောပြသည်။ သူဌေးကတော်ကြီးက အားလုံး ပြုလုပ်ပေးမည်။ အခြားသော ဇနီးမယား သမီးသားနှင့် ကျွန် အမှုလုပ် ယောကျ်ားတို့ကလည်း သောက်လိုကြောင်း ပြောသောအခါ 'မည်သူ့ကိုမျှ

မသောက်စေရ၊ ငါတစ်ဦးတည်းသာ သောက်ရန်ပြုလုပ်ပါ'ဟု ပြောလိုက်သည်။

သူဌေးကတော်ကြီးသည် သူဌေးကြီးသောက်လိုသော သေအရက်ကို ကောင်းစွာစီစဉ်ပေးသောအခါ မည်သူမှ မသိစေရန် မြို့မှထွက်ခွာ၍ မြစ်ကမ်းနား တစ်ခုသောချုံကြား၌ အရသာရှိရှိသောက်မည်ဟု စီစဉ်ထားသည်။

## ဖခင်မေတ္တာ ကြီးလှစွာ

ထိုအချိန် ဣလ္လိသသူဌေး၏ဖခင်ဖြစ်သူသည် လူ့ဖြစ်စဉ်က ဒါန အစရှိသော ကုသိုလ်များ၊ အမိအဖတို့အားလုပ်ကျွေးသော ကုသိုလ်များ စသော ကောင်းသောကျင့်ဝတ်တို့ကို ပြုလုပ်ခဲ့သည့်အတွက် တာဝတိံသာ နတ်ပြည်၌ သိကြားမင်းဖြစ်လျက်ရှိသည်။

သိကြားမင်းသည် ဖခင်မေတ္တာဖြင့် လူ့ပြည်၌ရှိသော သားဖြစ်သူကို ကြည့်လိုက်သောအခါ အလှူများကိုဖျက်ဆီးသည့်အပြင် ယခုချုံကြား၌ အရက်သောက်ဖို့ပြင်ဆင်နေသည်ကို မြင်ရ၍ ဣလ္လိသကို တုန်လှုပ်စေလျက် ကံ,ကံ၏အကျိုးကို သိစေအံ့ဟုကြံ၍ လူ့ပြည်သို့ ဆင်းသက်လာခဲ့သည်။

သိကြားမင်းသည် ဣလ္လိသသူဌေးအသွင်ဖန်ဆင်း၍ မင်းနန်းတော်သို့ ဝင်သည်။ မင်းအားရှိခိုးလျက် မင်းက "သူဌေးကြီး၊ အချိန်အခါမဟုတ်သည်၌ အဘယ့်ကြောင့် လာဘိသနည်း"ဟု မေးတော်မူလိုက်သည်။ သူဌေးဟန်ဆောင်ထားသော သိကြားမင်းက "အရှင်မင်းကြီး.. ကျွန်ုပ်၏ အိမ်၌ ကုဋေ(၈၀)ရှိပါ၏၊ ထိုကုဋေ(၈၀)ကို မင်းကြီးသည် မင်းနန်းတော်သို့

ဆောင်ယူလိုက ဆောင်တော်မူ၊ သိမ်းပိုက်လိုက သိမ်းပိုက်တော်မူပါ" ဟု လျှောက်လိုက်သည်။ မင်းကြီးက "သူဌေးကြီး .. အလိုမရှိပါ၊ သင်၏ ဥစ္စာထက် ငါ့မှာ များစွာရှိ၏" ဟုပြောသည်။

## မသိမ်းပိုက်မှ သိမ်းပိုက်နိုင်သည်

သိကြားမင်းတစ်ဖြစ်လဲ သူဌေးကြီးသည် မင်းဘဏ္ဍာအဖြစ် သိမ်းပိုက်ရန် လျှောက်ထားသော်လည်း မင်းကြီးက မသိမ်းပိုက်ခဲ့ပေ။ ထိုသို့ ပစ္စည်းဥစ္စာကို မသိမ်းပိုက်ဘဲ တရားသဖြင့်ကျင့်သုံးခြင်းသည် တစ်ဖက်သား၏စိတ်ကို သိမ်းပိုက်နိုင်သည်။ ပစ္စည်းဥစ္စာကို မသိမ်းပိုက်သည့်အတွက် သိကြားမင်း၏ စိတ်ကို သိမ်းပိုက်နိုင်သည်။ မပေးလိုသည့် ပစ္စည်းကို အဓမ္မသိမ်းပိုက်ပါက သိမ်းပိုက်ခံရသူ၏ စိတ်ကို မသိမ်းပိုက်နိုင်ပေ။

ထို့ကြောင့်ပင်- **'မသိမ်းပိုက်မှ သိမ်းပိုက်နိုင်သည်၊ သိမ်းပိုက်က မသိမ်းပိုက်နိုင်'** ဟူသော စကားကား သိမှတ် ဆင်ခြင်ဖွယ်ပင်ဖြစ်သည်။

သူဌေးကြီးက "အရှင်မင်းကြီးတို့သည် အကယ်၍မယူဆောင်အံ့၊ ကျွန်ုပ်သည် အလှူပေးပါအံ့" ဟု ဆိုသည်။

---

မပေးလိုသည့် ပစ္စည်းကို အဓမ္မသိမ်းပိုက်ပါက သိမ်းပိုက်ခံရသူ၏ စိတ်ကို မသိမ်းပိုက်နိုင်ပေ။

---

သို့ဖြင့် သူဌေးကြီးသည် မင်းနန်းတော်မှ ဣလ္လိသသူဌေးအိမ်သို့ ပြန်လာပြီး သူဌေးကတော်နှင့်တကွ အိမ်သူအိမ်သား အခြံအရံ အလုပ်သမားတို့သည် တစ်ဦးတစ်ယောက်မျှ ဣလ္လိသသူဌေးမဟုတ်ဟု မသိကြပေ။

သိကြားမင်းတစ်ဖြစ်လဲ သူဌေးကြီးသည် တံခါးစောင့်ကို ခေါ်၍ "ငါမှတစ်ပါးသော ငါနှင့်တူသောသဘောရှိသော သူက 'ဤအိမ်သည် ငါ့အိမ်တည်း' ဟု ဝင်လာငြားအံ့၊ ထိုသူ၏ ကျောကို ကြိမ်ဖြင့်ရိုက်ပုတ်၍ နှင်ထုတ်ကုန်လော့" ဟု မှာထားသည်။

သူဌေးကြီးသည် တိုက်အိမ်ပေါ်သို့တက်၍ ကျက်သရေရှိသော နေရာ၌ထိုင်ပြီး သူဌေးကတော်ကို ခေါ်၍ ပြုံးရွှင်သော အမူအရာဖြင့် "ရှင်မ သူဌေးကတော်..၊ တို့ အလှူပေးကြစို့" ဟုပြောသောအခါ သူဌေးကတော်ကြီးသည်လည်းကောင်း၊ သားသမီးတို့သည်လည်းကောင်း၊ ကျွန် အမှုလုပ်သမား စသည်တို့သည်လည်းကောင်း ဤမျှသောအချိန်ထိ အလှူအတန်း ပေးအံ့သောငှာ စိတ်မျှပင်မဖြစ်ခဲ့၊ ယနေ့ သေအရက်ကို သောက်လိုက်ခါမှ နူးညံ့သောစိတ်ရှိလာသည်ဖြစ်၍ အလှူပေးလိုသော ဆန္ဒဖြစ်ပေါ်လာတာ ဖြစ်လိမ့်မည်" ဟု ဝမ်းသာအားရဆိုကုန်၏။

ထိုအခါ သူဌေးကတော်ကြီးက အခုမှ လှူရန် စိတ်ကူးလာသည့် သူဌေးကြီးကို "အရှင်သူဌေးကြီး .. အလိုရှိတိုင်း ပေးလှူပါလော့" ဟုဆိုသည်။

မြို့ကို စည်တီးခတ်စေ၍ ရှိသမျှသော ရွှေငွေကျောက်သံ ပတ္တမြား ဆင်မြင်းကျွဲနွား ပုလဲစသည့် လှူအပ်ရာရာတို့ကို အလှူပေးလေသည်။

ဤသို့ဖြင့် အလှူခံပုဂ္ဂိုလ်တို့သည် မိမိတို့ နှစ်သက်ရာရာ ပစ္စည်းဥစ္စာများစွာကို ဝမ်းသာအားရ တစ်သက်စာရပြီဟူသောစိတ်ဖြင့် ယူကြကုန်၏။

ထိုအလှူခံသောသူတို့တွင် တစ်ယောက်သော ဇနပုဒ်သားသည် ဣလ္လိသသူဌေး၏ နွားတို့ကို သူဌေး၏ရထား၌ တပ်ဆင်၊ ရတနာခုနစ်ပါးအပြည့်တင်ဆောင်ကာ မြို့မှထွက်ခွာလာ၍ ဣလ္လိသသူဌေး သေသောက်သော ချုံအနီးသို့ ရောက်ရှိလာသည်ရှိသော် ဣလ္လိသသူဌေးနှင့် မျက်နှာချင်းဆိုင် တိုးလျက်ရှိသည်။

ဇနပုဒ်သားကလည်း "အရှင် ဣလ္လိသသူဌေး·· သင့်ကိုမှီ၍ ငါသည် အသက်ထက်ဆုံး သင့်အမှုကိစ္စတို့ကို မပြုမူ၍ အသက်မွေးနိုင်တော့မည်၊ ဤသည်တို့ကား သင်၏ရထား၊ သင်၏ရတနာခုနစ်ပါးတို့တည်း။ ငါ၏အမိအဖတို့သည် မပေးနိုင်၊ သင့်ကို မှီ၍ရအပ်ကုန်၏၊ အရှင်သူဌေးကြီးသည် အနှစ်တစ်ရာ အသက်ရှည်ပါစေသတည်း"ဟု ကျေးဇူးတင်စကားကို ဆိုလေသည်။

ထိုစဉ် အရက်သောက်သော ဣလ္လိသသူဌေးသည် "ဤသူသည် ငါ့နှစ်သက်မြတ်နိုးအပ်သည်တို့ကို ယူဆောင်ဘိ၏၊ မင်းကြီးသည် ပေးလေသလော"ဟု ကြံစည်နေသည်။

ဣလ္လိသသူဌေးသည် ထိုသို့ကြံပြီးသော် 'ဤနွား ဤပတ္တမြား ဤရတနာတို့သည် ငါ့ဥစ္စာတည်း"ဟုဆို၍ နွားရှေ့ ရပ်၍ နဖားကြိုးကို ကိုင်၏။ ဇနပုဒ်သားကလည်း ရထားမှ ဆင်းသက်၍ "ဟယ် ကျွန်ယုတ်၊ ဣလ္လိသသူဌေးသည် အလုံးစုံသော ပစ္စည်းဥစ္စာတို့ကို အလုံးစုံသော သူတို့အား စွန့်လှူလျက်ရှိ၏"ဟုဆိုကာ နွားအစုံကို အပြင်းမောင်းနှင်

အရှင်မင်းကြီးတို့သည် အကျွန်ုပ်၏ နမြောတွန့်တိုသည်၏
အဖြစ်၊ ဝန်တိုသည်၏အဖြစ်ကို မသိကုန်သလော၊ ကျွန်ုပ်သည်
မြွက်ဖျားဖြင့် ယူရသော ဆီပေါက်မျှကိုလည်း မပေးလိုပါ။

ထွက်ပြေးသွားသည်။ ကုလ္လိသသူဌေးသည်လည်း နောက်မှအပြေးလိုက်၍ ရထားကိုကိုင်၏။ ဇနပုဒ်သားက ကုလ္လိသသူဌေးအား တံတောင်တို့ဖြင့် ထောင်း၍ လမ်းဘေး တွန်းထိုးချထားလိုက်သည်။

ကုလ္လိသသူဌေးသည် အမူးပြေ၍ အိမ်သို့ပြန်လာကာ အိမ်သို့ဝင်အံ့သောငှာ အားထုတ်၏။ တံခါးစောင့်တို့သည် 'ဟယ် သူယုတ်၊ အဘယ်သို့ဝင်သနည်း'ဟုဆိုကာ ဝါးခြမ်းဖြင့် ရိုက်ပုတ်သည်။

ကုလ္လိသသူဌေးသည် အခြေအနေအရပ်ရပ်ကိုသုံးသပ်ပြီး 'မင်းကြီးမှတစ်ပါး အားကိုးရာ မရှိပြီ'ဟုတွေးကာ မင်းကြီးထံသွား၍ "အရှင်မင်းကြီး…၊ ကျွန်ုပ်၏အိမ်သို့ အရှင်မင်းကြီးတို့သည် လုယက်စေကုန်သလော"ဟုမေးလိုက်သော် "သူဌေးကြီး…၊ ငါ မလုယက်စေပါ၊ သင်သည်ပင်လျှင် လာ၍ 'မင်းကြီးတို့သည် အကယ်၍ မယူငြားအံ့၊ အကျွန်ုပ်၏ ဥစ္စည်းများကို အကျွန်ုပ်ပေးလှူပါအံ့'ဟု ဆို၍ မြို့ကို စည်ကိုလည်စေ၍ အလှူပေးခဲ့သည် မဟုတ်လော"ဟုဆို၏။

"အရှင်မင်းကြီး…၊ အကျွန်ုပ်သည် မင်းကြီးအထံသို့ မလာရပါ၊

အရှင်မင်းကြီးတို့သည် အကျွန်ုပ်၏ နှမြောတွန့်တိုသည်၏အဖြစ်၊ ဝန်တိုသည်၏အဖြစ်ကို မသိကုန်သလော၊ **ကျွန်ုပ်သည် မြက်ဖျားဖြင့် ယူရသော ဆီပေါက်မျှကိုလည်း မပေးလိုပါ၊** အရှင်မင်းကြီး အလှူပေးသူကို စုံစမ်းတော်မူပါ''ဟုလျှောက်ထားလေသည်။

မင်းကြီးလည်း ဣလ္လိသသူဌေးနှစ်ဦးလုံးကို ခေါ်တော်မူသော်လည်း မည်သူသည် ဣလ္လိသသူဌေးအစစ်တည်းဟု မခွဲခြားနိုင်ဘဲ ဖြစ်နေသည်။ အမတ်များလည်း မသိ၊ ဣလ္လိသသူဌေး၏မိသားစုလည်း မသိကြပေ။

ဣလ္လိသသူဌေးသည် ''အရှင်မင်းကြီး..၊ ကျွန်ုပ်သည် ဣလ္လိသသူဌေး ဖြစ်ပါသည်''ဟုပြောသောအခါ ''ငါတို့သည် မသိကုန်၊ သင့်အား သိသူရှိသလော''ဟုမေးတော်မူသည်။

''အရှင်မင်းကြီး ..၊ ကျွန်ုပ်၏မယားသည် သိပါသည်''ဟုဆို၍ မယားကို ခေါ်၍''သင်၏လင်သည် မည်သူနည်း''ဟု မေးသည်ရှိသော် သိကြားမင်းကိုသာ ညွှန်ပြသည်။ သားသမီးများနှင့် ကျွန်အမှုလုပ်တို့ကို ခေါ်မေးသော်လည်း သိကြားမင်းကိုပင် ဣလ္လိသသူဌေးဟု ညွှန်ပြ ပြောဆိုကြသည်။

ထိုသို့ အားလုံးသောသူတို့က သိကြားဖန်ဆင်းသူကို ဣလ္လိသသူဌေးဟု ပြောနေသဖြင့် ဣလ္လိသသူဌေးသည် 'ငါ၏ဦးခေါင်း၌ ဆံပင်တို့ဖြင့် ဖုံးလွှမ်းသော မှဲ့ရှိပါ၏။ ထိုမှဲ့ကိုကား ဆတ္တာသည် တစ်ဦးသာလျှင်သိ၏၊ ထိုဆတ္တာသည်ကို ခေါ်၍ မေးပါအံ့'ဟု ကြံစည်ပြီးလျှင် ဆတ္တာသည်ကို ခေါ်မေးတော်မူပါဟု လျှောက်တင်သည့်အတွက် ဆတ္တာသည်ကို နှစ်ဦးကုန်သော သူတို့၏ ဦးခေါင်း၌ မှဲ့ကိုကြည့်ပါသော်လည်း ''မြတ်သော

မင်းကြီး၊ နှစ်ယောက်သူတို့၏ ဦးခေါင်း၌ မှဲ့တို့သည် ရှိပါကုန်၏"ဟု လျှောက်သည်။

ဤသို့ဖြင့် မင်းကြီးနှင့်တကွ နန်းတွင်းသူ နန်းတွင်းသားများ၊ ဇနီးမယား သမီးသား ကျွန်အမှုလုပ်ယောကျ်ားတို့သည် ဣလ္လိသသူဌေးအစစ်မည်သူဖြစ်သည်ကို မသိကြဘဲလျက် လွန်စွာရှုပ်ထွေးလျက် စိတ်ဝင်စားနေကြကုန်၏။

ဆတ္တာသည်ကလည်း "မင်းကြီး ..၊ နှစ်ဦးကုန်သောသူတို့သည် ခြေခွင်ခြင်း၊ လက်ကောက်ခြင်း၊ မှဲ့ပါခြင်းတို့ပါ တူနေသည့်အတွက် ကျွန်ုပ် ခွဲခြား၍မသိပါ"ဟု လျှောက်ထားသည်။

ဆတ္တာသည်၏ စကားကို ကြားရသော ဣလ္လိသသူဌေးသည် လွန်စွာတုန်လှုပ်လျက် ဥစ္စာတို့ ကုန်အံ့သည်မှစိုးရိမ်သောကြောင့် မူးမေ့လဲကျသွားသည်။

ထိုအချိန်ကျမှ သိကြားမင်းက "မြတ်သောမင်းကြီး ..၊ ငါသည် ဣလ္လိသသူဌေးမဟုတ်၊ သိကြားမင်းဖြစ်၏"ဟု ဆိုကာ တင့်တယ်စံပယ်ခြင်းဖြင့် ကောင်းကင်၌ရပ်လျက်တည်ရှိ၏။

မေ့မူးသွားသော ဣလ္လိသသူဌေး၏မျက်နှာကို ရေဖြင့်လောင်းသဖြင့် ဣလ္လိသသူဌေးသည် သတိရလာသည်ဖြစ်၍ သိကြားမင်းအား ရှိခိုးလျက်နေ၏။

ထိုစဉ် သိကြားမင်းသည် "ဣလ္လိသ၊ ငါသည် သင့်၏အဖတည်း၊ သင်သည် ငါ၏သားတည်း၊ ဤဥစ္စာသည် သင်၏ဥစ္စာမဟုတ်၊ ငါသည် ဒါနအစရှိသော ကောင်းမှုတို့ကို ပြု၍ သိကြားမင်းအဖြစ်သို့ ရောက်ရ၏။

သင်သည်ကား ငါတို့၏ အမျိုးအနွယ်ကို ဖျက်ဆီးခဲ့၏။ မလှူလိုသည်ဖြစ်၍ အလှူမဏ္ဍပ်တို့ကိုပါ မီးတိုက်၍ အလှူခံပုဂ္ဂိုလ်တို့အားလည်း နှင်ထုတ်ပြီး ဥစ္စာကိုသာလျှင် စွဲလန်းနေ၏။ ဥစ္စာတို့ကို သင်သည်လည်းမသုံးဆောင်၊ ရက္ခိုသ်ဘီးလူးစောင့်သော ရေကန်ကဲ့သို့ဖြစ်နေ၏၊ အကယ်၍ အလှူကို မပေးလှူငြားအံ့၊ သင်၏ဥစ္စာတို့သည် အားလုံးကွယ်စေပြီး သင့်ဦးခေါင်း ထက်လည်း ဝရဇိန်လက်နက်ကျရောက်လိမ့်မည်။ ယနေ့မှစ၍ အလှူကို ပေးလော့၊ သီလကိုစောင့်လော့''ဟု ဆိုကာ ဆုံးမလိုက်သည်။

ဣလ္လိသသူဌေးသည် သေဘေးမှကြောက်သောကြောင့် ''ယနေ့မှစ၍ အလှူကို ပေးလှူပါမည်''ဟု ဝန်ခံကတိပြုရ၏။ သိကြားမင်းသည် ဣလ္လိသ၏ ဝန်ခံခြင်းကိုယူကာ ကောင်းကင်၌တည်လျက် တရားကိုဟော ကြားကာ ဒါနသီလတရားတို့ကို ပြုလုပ်စေလျက် မိမိနေရာ တာဝတိံသာ နတ်တို့ရွာသို့ ပြန်ကာသွားလေသည်။ မိဘတို့သည် သိကြားမင်းဖြစ်သော်မှ သားသမီးတို့အား ပြန်လည်စောင့်ရှောက်တတ်ပေ၏။ လမ်းမှန်သို့တင်ပေး တတ်ပေ၏။

## ဇာတ်တော်ပေါင်း

ဇာတ်တော်ကို ပေါင်းသောအခါ ''ရဟန်းတို့၊ ယခုအခါသာလျှင် မောဂ္ဂလာန်သည် မစ္ဆရိယသူဌေးကို ဆုံးမသည် မဟုတ်သေး၊ သိကြားမင်း အဖြစ်ဖြင့် ဆုံးမဖူးပြီ၊ မစ္ဆရိယသူဌေးသည် ထိုစဉ်က ဣလ္လိသဖြစ်ဖူးပြီ၊ အာနန္ဒာသည် ထိုစဉ်က မင်းဖြစ်ဖူးပြီ၊ ငါဘုရားသည် ထိုစဉ်က ဆတ္တာ သည် ဖြစ်ဖူးပြီ''ဟု ဇာတ်တော်ကို ပေါင်းတော်မူခဲ့ပါသည်။

( ဓမ္မပဒ၊ဌ၊၁၊၂၃၂။ ဇာ၊ဌ၊၁၊၃၆၆။ ညောင်ကန်၊၁၊၃၃၄)

# မေတ္တာရည်၍ ...

စာချစ်သူပရိသတ်များ ...

ယခုတင်ပြလာခဲ့သော 'ပိဋကတ်တော်လာ ထူးခြား၊ဆန်းပြား ဝတ္ထုများ'သည် အမှန်တကယ်ပင် စာဖတ်သူတို့အတွက် ထူးခြား၊ဆန်းပြား သည့် အတွေးရသကို ပေးနိုင်စွမ်းရှိမရှိ သိရှိခဲ့ကြပြီးဖြစ်ပါသည်။

ဤစာအုပ်ပါ ထူးခြား၊ဆန်းပြားသည့် အကြောင်းအရာများကို ဖတ်ရှုကြရသည့်အတွက် စာချစ်သူတို့၏စိတ်နှလုံးကို နူးညံ့ပျော့ပျောင်း လာကာ လောကနှင့်ပတ်ဝန်းကျင်ကို ချစ်တတ်မြတ်နိုးတတ်လာခဲ့လျှင် စာရေးသူ၏အပင်ပန်းခံကာ ရေးသားဖန်တီးရကျိုးနပ်ရပေရတော့မည်။

သည်ထက်ပို၍ စာဖတ်သူတို့၏ဘဝကို ပြောင်းလဲပေးနိုင်ခဲ့သည် ဆိုလျှင်မူကား စာရေးသူ၏နှလုံးသားတွင် အတိုင်းအဆမဲ့စွာ ကျေနပ်ပီတိ ဖြစ်မိပါလိမ့်မည်။

စာဖတ်သူအားလုံး အသက်ရှည်ခြင်း၊ အနာမဲ့ခြင်း၊ ကိုယ်စိတ်နှစ်ပါး ခန့်ကျန်းမာခြင်းများဖြင့် လောကနှင့်ပတ်ဝန်းကျင်ကို အလှဆင်နိုင်သော လောကကြီး၏အလှရတနာများဖြစ်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သလိုက်ရပါသည်။

**အရှင်တေဇနိယ**

(ပဋ္ဌာန်းအလင်းရောင်ဆရာတော်)

## "ဓမ္မဒါနကုသိုလ်ရှင်များ"

(၂၀၂၀-ဩဂုတ်လ)

၁။ ဆရာတော်ဦးဇဝန — ၁၀၀၀၀၀

အင်းလျားကန်ဖျားကျောင်းတိုက်၊

ဗဟန်းမြို့နယ်၊ သံဃနာယကအကျိုးတော်ဆောင်(ဟောင်း)

၂။ အရှင်ဝိမလ (တွံတေး အရှင်လေး) — ၁၀၀၀၀၀

မဟာသိမ်တော်ကြီးကျောင်းတိုက်၊ ပန်းဘဲတန်းမြို့နယ်

၃။ ဦးဝင်းမြင့်+ Dr ဒေါ်ယဉ်ယဉ်ကြည် မိသားစု — ၂၀၀၀၀၀

မန္တလေးလမ်း၊ ကန်တော်လေး၊ ရန်ကုန်မြို့

**(စာအုပ်တိုင်း၌ပါဝင်လှူဒါန်းသူ အလှူရှင်များဖြစ်၏)**

၄။ ဦးစန်းအောင်၊ ဦးဝင်းနိုင်ဦး၊ ကိုသူရိန်အောင်၊ — ၇၅၀၀၀

ကိုဇော်ဇေလတ်၊ ကိုလွှမ်းယူကျော်၊

(ဉာဏ်ကျယ်၊ ညစ်ကြယ်လေးများအဖွဲ့)

၅။ ကိုအောင်နေထွန်း+မနန်းရွှေ — ၅၀၀၀၀

ပမ္မတီးရပ်၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်

၆။ ကိုဉာဏ်ထွန်းနှင့်ဓမ္မမိတ်ဆွေများ — ၁၀၀၀၀၀

၇။ ပါမောက္ခဒေါက်တာဦးနန်းရှိန်+ဒေါ်အေးအေးသီ — ၁၀၀၀၀၀

မိသားစု၊ ဒေါက်တာဦးနန်းရှိန်၏အသက်(၈၇)နှစ်ပြည့်

မွေးနေ့အထိမ်းအမှတ်အလှူ